# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။

Established in 1914

**Myanma Alinn Daily**

အတွဲ (၅၃)
အမှတ် (၅၁)

၁၃၇၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၃ ရက် | ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာ ၂၀ ရက်၊ ဗုဒ္ဓဟူးနေ့။


**ဒို့တာဝန် အရေး(၃)ပါး**

- ❖ ပြည်ထောင်စု မပြိုကွဲရေး။
- ❖ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေး။

# ထားဝယ်အထူးစီးပွားရေးဇုန်အကောင်အထည်ဖော်ရာတွင် ကာနာဂါဝါပြည်နယ်မှ လုပ်ငန်းရှင်များ ရင်းနှီးမြှုပ်နှံရေးဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၁၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဂျပန်နိုင်ငံ ကာနာဂါဝါပြည်နယ် အစိုးရအဖွဲ့အကြီးအကဲ Mr. Yuji KUROIWA နှင့် အဖွဲ့အား ယနေ့ နံနက် ၁၁ နာရီတွင် နိုင်ငံတော်သမ္မတ အိမ်တော်ရှိ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းကဏ္ဍများ၌ ကာနာဂါဝါပြည်နယ် အစိုးရက နိုင်ငံတော်အစိုးရနှင့်ပူးပေါင်း၍ ကူညီဆောင်ရွက်သွားရေး၊ ထားဝယ်အထူးစီးပွားရေးဇုန် အကောင်အထည်ဖော်တည်ဆောက်မှုတွင် ဂျပန်စီးပွားရေးလုပ်ငန်းရှင်များအား ဖိတ်ခေါ်ထားရာ ကာနာဂါဝါပြည်နယ်မှ စီးပွားရေးလုပ်ငန်းရှင်များ ပါဝင်ရင်းနှီးမြှုပ်နှံမှုပြုရေးနှင့် ပြည်သူ့ကျန်းမာရေးလုပ်ငန်းဆိုင်ရာများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးလှထွန်း၊ ဦးဝင်းမြင့်၊ ဦးသန်းဌေးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ကာနာဂါဝါပြည်နယ် ယိုကိုဟားမားမြို့တွင် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုကို ဖြစ်ပေါ်စေခြင်းမရှိသော ကျောက်မီးသွေးစက်ရုံကို တည်ဆောက်ထားရာ နိုင်ငံတော်သမ္မတ၏ ၂၀၁၂ ခုနှစ် ဧပြီလအတွင်းသွားရောက်ခဲ့သော ဂျပန်နိုင်ငံခရီးစဉ်တွင် အဆိုပါစက်ရုံကို သွားရောက်လေ့လာခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂျပန်နိုင်ငံ ကာနာဂါဝါပြည်နယ် အစိုးရအဖွဲ့အကြီးအကဲ Mr. Yuji KUROIWA နှင့်အဖွဲ့အား နိုင်ငံတော်သမ္မတအိမ်တော်ရှိ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံစဉ်။**

(သတင်းစဉ်)

## ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်း၌ မုန်တိုင်းငယ်ဖြစ်ပေါ်

**နေပြည်တော် နိုဝင်ဘာ ၁၉**

ယနေ့ မြန်မာစံတော်ချိန်ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် (အိန္ဒိယနိုင်ငံ) ချင်းနိုင်မြို့၏ အရှေ့မြောက်ဘက် ၃၄၆ မိုင်ခန့် (အိန္ဒိယနိုင်ငံ) ဗီဆာကာ ပတ္တနမ်မြို့၏ အရှေ့တောင်ဘက် မိုင် ၂၅၀ ခန့် (မြန်မာနိုင်ငံ) ကိုကိုးကျွန်းမြို့၏ အနောက်-အနောက်မြောက်ဘက် မိုင် ၄၃၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါ မုန်တိုင်းငယ်သည် အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားမည်ဟု ခန့်မှန်းရသည်။

*စာမျက်နှာ ၅ ကော်လံ ၁* ❍

## ရန်ကုန်မြို့တွင်း၌ ခရီးသည်တင် မီနီဘတ်စ်ယာဉ်လိုင်းများ ထပ်မံတိုးချဲ့ပြေးဆွဲမည်

သတင်း-မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ-မင်းထက်

ရန်ကုန် နိုဝင်ဘာ ၁၉

**ရန်ကုန်မြို့တွင်း၌ ဟိုင်းလပ်၊ ဒိုင်နာ ယာဉ်အို၊ ယာဉ်ဟောင်းများ အပ်နှံအစားထိုးတင်သွင်းသည့်အနေဖြင့် ခရီးသည်တင် မီနီဘတ်စ်ယာဉ်လိုင်းသစ်များ ပြေးဆွဲခွင့်ကို အချိန်ယူစိစစ်ခွင့်ပြုလျက်ရှိသည်။**

"ကျွန်တော်တို့ အခုလို မီနီဘတ်စ် ခရီးသည်တင် ယာဉ်လိုင်းတွေကို အစားထိုးပြေးဆွဲခွင့်ပြုတာကတော့ တစ်နေ့တခြား ရန်ကုန်မြို့တွင်းမှာ များပြားလာတဲ့ ခရီးသွားပြည်သူတွေ ပိုမိုအဆင်ပြေစေဖို့ လုပ်ဆောင်ပေးတာပါ။ အခုအစားထိုး ပြေးဆွဲခွင့်ပြုတဲ့ မီနီဘတ်စ် ခရီးသည်တင်ယာဉ်တွေကလည်းဖျက်သိမ်းလိုက်တဲ့ ဟိုင်းလပ်၊ ဒိုင်နာယာဉ်လိုင်းတွေကို အစားထိုး ပြေးဆွဲခွင့်ပြုခြင်း ဖြစ်ပါတယ်။ ယာဉ်ပိုင်ရှင်တွေလည်း ယာဉ်လိုင်းတွေ ပျောက်ပျက်သွားခြင်း မရှိအောင်နဲ့ ခရီးသွား ပြည်သူတွေအတွက်လည်း ပိုမိုအဆင်ပြေလာအောင် အခုလို လုပ်ဆောင်ပေးတာဖြစ်ပါတယ်" ဟု မထသ(ဗဟို)ဥက္ကဋ္ဌ ဦးလှအောင်က ပြောကြားသည်။



ရန်ကုန်မြို့တွင်း ပြေးဆွဲလျက်ရှိသည့် မီနီဘတ်စ်ကား။

မီနီဘတ်စ်ယာဉ်လိုင်းသစ်များမှာ အလုံမှ တော်ဝင်ပလာဇာယာဉ်လိုင်းသို့ ပြေးဆွဲပေးနေသည့် မီနီဘတ်စ်ယာဉ်တစ်စီး၊ တိုက်ကြီးမြို့မှ ရန်ကုန်မြို့ သီရိမင်္ဂလာဈေးသို့ ပြေးဆွဲခွင့်ပြုထားသည့် မီနီဘတ်စ်ယာဉ်လိုင်း ငါးစီး၊ မြင်သာမှ ထော်လီကွေ့သို့ ပြေးဆွဲခွင့်ပြုထားသည့် ယာဉ်လိုင်း လေးစီးတို့ဖြစ်ပြီး ပြေးဆွဲခွင့်တင်ပြထားသည့် မီနီဘတ်စ်ယာဉ်လိုင်းသစ်များမှာ

*စာမျက်နှာ ၃ ကော်လံ ၁* ◆


**အားကစားပြိုင်ပွဲ လှုံ့ဆော်ရေးပိုစတာများ ထိန်းသိမ်းကာကွယ်ဖို့လိုပြီ** စာမျက်နှာ ➤ ၂

**အီတလီ ဆားဒင်းနီးယားကျွန်း၌ ဆိုင်ကလုန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်** စာမျက်နှာ ➤ ၄

**(၂၇)ကြိမ်မြောက် ဆီးဂိမ်းဖွင့်ပွဲ ပိတ်ပွဲနှင့် မျိုးဆက်သစ်လူစွမ်းကောင်းများ** ဆောင်းပါးစာမျက်နှာ ➤ ၆

**လွတ်လပ်ပြီး အနှောင်အဖွဲ့ကင်းသော၊ ပြည်သူ့အကျိုးစီးပွားဖော်ဆောင်မြှင့်တင်ပေးမည့် ပြည်သူ့ဝန်ဆောင်မှုမီဒီယာ** စာမျက်နှာ ➤ ၁၀

**ဆီးဂိမ်းအထိမ်းအမှတ် မိုဘိုင်းဖုန်း Ring Tone များကို အလွယ်တကူဒေါင်းလုပ်ရယူနိုင်** စာမျက်နှာ ➤ ၁၃


**ကြော်ငြာ အချပ်ပိုပါရှိ**

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာအချပ်ပို လေးမျက်နှာ ပါရှိပါသည်။




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# အခါလွန်မိုး

မိုးသည် မိုးအခါ၌သာ ရွာသွန်းခြင်းသည် အကောင်းဆုံးဖြစ်၏။ မိုးတွင်းအခါ ရွာသွန်းသောမိုးသာလျှင် လူသားတို့အတွက် ကောင်းကျိုးစီးပွားကို ဖြစ်စေနိုင်၏။ အထူးသဖြင့် တောင်သူဦးကြီးတို့ စိုက်ပျိုးကြဲချထားသော သီးနှံစိုက်ခင်းများအတွက် လိုအပ်သည့် မိုးရေရရှိသဖြင့် သီးနှံများအထွက်တိုးစေနိုင်၏။ သစ်ပင်ပန်းမန်တို့ လန်းဆန်းရှင်သန်နိုင်ကြကုန်၏။ သတ္တဝါအပေါင်းတို့ မိုးကာလ ရွာသွန်းသောမိုးကြောင့် နှစ်သက်ရွှင်လန်းဝမ်းမြောက်ကြကုန်၏။

အခါလွန်မိုးသည် ထိုသို့မဟုတ်။ ပျက်စီးခြင်းအကြောင်းကိုသာ ဖြစ်စေနိုင်၏။ မိုးအခါရွာသော မိုးကဲ့သို့ ကောင်းကျိုးကို မဖြစ်စေနိုင်။ ဆိုးကျိုးသာဖြစ်၏။ အခါလွန်မိုးကြောင့် စပါးခင်းများ ပျက်စီးနိုင်၏။ ဆောင်းသီးနှံများ ထိခိုက်နိုင်၏။ လူသားတို့ကုန်သွယ် စီးပွားလုပ်ငန်းများကို ထိခိုက်နိုင်၏။ အခါလွန်မိုးသည် သီးပင်စားပင်တို့အတွက်လည်း အကျိုးမရှိ။ သတ္တဝါအပေါင်းတို့အတွက်လည်း အကျိုးမရှိ။ ပျက်စီးခြင်း၊ ဆုတ်ယုတ်ခြင်းအကြောင်းကိုသာ ဖြစ်စေနိုင်၏။ ထို့ကြောင့် အခါလွန်မိုးသည် အဖျက်ကို ဆောင်၏။

ဤအခါလွန်မိုး၏ နောက်ကွယ်တွင် ကျွန်ုပ်တို့လူသားများ သင်ခန်းစာယူစရာများရှိနေသည်မှာ အမှန်ပင်ဖြစ်၏။ ဤသည်ကား အခြားမဟုတ်။ မည်သည့်အလုပ်ကိစ္စမဆို အချိန်အခါသင့်လုပ်ကိုင်ဆောင်ရွက်ကြရေးပင်ဖြစ်၏။ ယနေ့လုပ်လျှင် ကောင်းကျိုးရနိုင်မည့် ကိစ္စတစ်ခုအတွက် နောင်သုံးလကြာမှလုပ်လျှင် အကျိုးမရှိနိုင်။ ရထားစီးမည့်သူသည် ရထားထွက်မည့်အချိန်မီရောက်လာမှသာ ရထားတွဲကြီးနှင့်အတူ လိုက်သွားနိုင်မည်ဖြစ်၏။ အချိန်လွန်မှ ရောက်လာခြင်းဖြင့် ရထားနှင့်လွဲရုံသာရှိ၏။ ယနေ့ ပြီးမြောက်နိုင်သည့်ကိစ္စကို ယနေ့အပြီးဆောင်ရွက်ခြင်းဖြင့် လက်ငင်းအကျိုးစီးပွားကိုရနိုင်၏။ နေ့ရွေ့၊ ညရွေ့၊ လရွေ့၊ နှစ်ရွေ့လုပ်ကိုင်ခြင်းဖြင့် လုပ်ငန်းများ နှောင့်နှေးကြန့်ကြာသွားနိုင်၏။

တိုးတက်သော နိုင်ငံကြီးများတွင် စီးပွားရေးရည်မှန်းချက်များကို တစ်နှစ်တာကာလအတွင်း သုံးလစီ အပိုင်းလေးပိုင်းခွဲခြားဆောင်ရွက်ကြသည်ကို တွေ့ရ၏။ ဤသုံးလအတွက် လုပ်ဆောင်ရမည့် စီးပွားရေးလုပ်ငန်းများကို အမြန်ဆုံးပြီးပြတ်အောင် လုပ်ကိုင်သွားကြ၏။ ဆိုလိုသည်မှာ အလုပ်ကိုမြန်မြန်ဆန်ဆန် လုပ်ကိုင်ကြရေးပင်ဖြစ်၏။ ဘောလုံးသမားများသည် မိနစ် ၉၀အချိန်ကာလအတွင်း မရပ်မနား အပြင်းအထန်ကြိုးစားပြီး ဂိုးရအောင်သွင်းယူသကဲ့သို့ မိမိတို့ရည်မှန်းချက်များကိုလည်း သတ်မှတ်ကာလ၊ သတ်မှတ်ချိန်အတွင်း ပြီးမြောက်အောင် ကြိုးစားအားထုတ်ကြရ၏။

ထို့ကြောင့် ကျွန်ုပ်တို့လူသားအားလုံးသည် စီးပွားရေးအရသော်လည်းကောင်း၊ ပညာရေးအရသော်လည်းကောင်း၊ လူမှုရေးအရသော်လည်းကောင်း လုပ်ဆောင်ဖွယ်ရာများ ရှိကြမည်သာဖြစ်ပါသည်။ ထိုလုပ်ဆောင်ဖွယ်ရာ အရေးကိစ္စမှန်သမျှတို့ကို အခါလွန်မိုးကဲ့သို့ မဖြစ်စေဘဲ အချိန်သင့် အခါကောင်း လုပ်ကိုင်ဆောင်ရွက်သွားသင့်ပါကြောင်း။ ။

## ပြည်တွင်းသတင်း

# တစ်ခါတည်း ဆောင်ရွက်ပေးနိုင်သည်များကို ချက်ချင်းဆောင်ရွက်ပေးသွားမည်

**နေပြည်တော် နိုဝင်ဘာ ၁၉**

စီးပွားရေးရာ ကော်မတီ၏ ပို့ဆောင်ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆပ်ကော်မတီဥက္ကဋ္ဌ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်သည် ဆပ်ကော်မတီ ဒုတိယဥက္ကဋ္ဌများနှင့်အတူ နိုဝင်ဘာ ၁၆ ရက် မွန်းလွဲပိုင်းတွင် မိတ္ထီလာမြို့မှ ရန်ကုန်-မန္တလေးလမ်းကို ကြည့်ရှုစစ်ဆေးပြီး ညနေ ၃ နာရီ ၁၅ မိနစ်တွင် ရမည်းသင်းမြို့ အမေထွေးခန်းမ၌ ရမည်းသင်းခရိုင်အတွင်းရှိ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်သူ့ကိုယ်စားလှယ်များ၊ ခရိုင်နှင့်မြို့နယ်အလိုက် ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ ဆပ်ကော်မတီဥက္ကဋ္ဌက မိမိတို့ဆပ်ကော်မတီတွင် ဝန်ကြီးဌာနလေးခု ပါဝင်ဖွဲ့စည်းထားပါကြောင်း၊ ရမည်းသင်းခရိုင်အတွင်းရှိ ပြည်သူတို့၏ဆန္ဒ၊ ပြည်သူတို့၏အသံ၊ ပြည်သူတို့၏ လိုအပ်ချက်များကို ဆောင်ရွက်ပေးနိုင်ရန် လာရောက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ပြည်သူတို့၏ ဖြစ်လိုသည့်ဆန္ဒအကြောင်းအရာများ အမြန်ဆုံးဖြစ်ရေးအတွက် (Delivery Unit) ဖွဲ့စည်း၍ ပြည်သူနှင့်ထိတွေ့ပြီး လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းဖြစ်ပါကြောင်း၊ တစ်ခါတည်း ဆောင်ရွက်ပေးနိုင်သည်များကို ချက်ချင်း ဆောင်ရွက်ပေးသွားမည်ဖြစ်၍ ပွင့်ပွင့်လင်းလင်း ဆွေးနွေးတင်ပြကြပါရန် ပြောကြားသည်။

ဆက်လက်၍ ဆပ်ကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်သည့် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းသန်းနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းတို့က ဝန်ကြီးဌာနအလိုက် ဆောင်ရွက်ပေးသွားမည့်အစီအစဉ်ကို ဆွေးနွေးကြသည်။

ယင်းနောက် ပြည်သူ့ကိုယ်စားလှယ် ၁၂ ဦးက မေးခွန်း ၃၀ မေးမြန်းကြရာ သက်ဆိုင်ရာတာဝန်ရှိသူများ၊ ဆပ်ကော်မတီမှ တာဝန်ရှိသူများက ဆောင်ရွက်ပေးသွားမည့် အစီအစဉ်များကို ရှင်းလင်းဖြေကြားပြီး ဆပ်ကော်မတီဥက္ကဋ္ဌက ယခုကဲ့သို့ ပြည်သူ့အကျိုးမျှော်ကိုး၍ ဝိုင်းဝန်းဆွေးနွေးဖြေကြားမှုများကို ကျေးဇူးတင်ပါကြောင်း၊ နိုင်ငံတော်အနေဖြင့် ဆင်းရဲမှုလျှော့နည်းရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးကိစ္စကို အထူးကိစ္စတစ်ရပ်အနေဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊

ပြည်သူတို့၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအမြန်ဆုံး Quick Win ရရှိရန် ဆပ်ကော်မတီများအနေဖြင့် ပြည်သူလူထုနှင့်ထိတွေ့ပြီး လိုအပ်ချက်များ ဖြည့်ဆည်းပေးခြင်းဖြစ်ပါကြောင်း၊ မိမိတို့ ဆပ်ကော်မတီအနေဖြင့် လုပ်ငန်းတာဝန် ၉ ချက်၊ ဦးစားပေးလုပ်ဆောင်ရမည့် ၂၆ ချက်ဖြင့် ဆောင်ရွက်နေခြင်း ဖြစ်ပါကြောင်း။ ခရိုင်၊ မြို့နယ်၊ ကျေးရွာကိုယ်စားလှယ်များက ကျေးရွာများ၌ ပြန်လည်ဆွေးနွေးကြရန်နှင့် ယခုကဲ့သို့ အပြန်ပြန်အလှန်လှန် ထိတွေ့ဆောင်ရွက်ခြင်းများဖြင့် ပြည်သူတို့၏ လူမှုစီးပွားဘဝများ အမြန်ဆုံးဖွံ့ဖြိုးတိုးတက်ရေး ဝိုင်းဝန်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အားကစားပြိုင်ပွဲ လှုံ့ဆော်ရေးပိုစတာများ ထိန်းသိမ်းကာကွယ်ဖို့လိုပြီ

မန္တလေးမြို့ အဓိကလမ်းမကြီးများပေါ်ရှိ လျှပ်စစ်ဓာတ်တိုင်များတွင် တပ်ဆင်ထားသည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲလှုံ့ဆော်ရေး ဗီနိုင်းပိုစတာများကို ဖျက်ဆီးမှုများ၊ ဖြုတ်ယူမှုများပြုလုပ်ထားကြောင်း တွေ့ရသည်။ စတင်တပ်ဆင်စဉ်ကာလမှ စတင်ပြီး ဖျက်ဆီးမှုများပြုလုပ်ကြသည်ကိုတွေ့ရပြီး ယခုနှစ် တန်ဆောင်မုန်းလပြည့်နေ့ည ကျုံးဘေးတွင်တပ်ဆင်ထားသော ပိုစတာများကို အပေျာ်လွန်ကျူးပြီး ဖျက်ဆီးထားကြရာ အရုပ်ဆိုး အကျည်းတန်လျက် တွေ့ရသည်။

"(၂၇) ကြိမ်မြောက် Sea Games အားကစားပြိုင်ပွဲဟာ မြန်မာတစ်မျိုးသားလုံးနဲ့ သက်ဆိုင်တဲ့ ပွဲတော်ကြီးပါ။ အာဆီယံနိုင်ငံတွေအားလုံးက ပါဝင်ယှဉ်ပြိုင်ကြမှာဖြစ်လို့ အားကစားသမားများ၊ နည်းပြများ၊ အုပ်ချုပ်သူများနှင့် ပရိသတ်တွေအများအပြား လာရောက်ကြမှာဖြစ်ပါတယ်။ ဒီလိုလှုံ့ဆော်ရေးပိုစတာတွေဖြစ်ဖို့ လူအင်အား ငွေအင်အား အများကြီးအကုန်အကျခံ ဆောင်ရွက်ထားရတာပါ။ အခုလိုဖျက်ဆီးထားတာတွေကို တွေ့သွားရင် နိုင်ငံရဲ့ဂုဏ်သိက္ခာကို ထိခိုက်နိုင်ပါတယ်။ အသစ်ပြန်လည်လုပ်ရမယ်ဆိုရင် လူအင်အား ငွေအင်အားတွေကို ထပ်ပြီးကုန်ကျရမှာဖြစ်လို့ အခုလိုလုပ်ဖို့တောင် မကောင်းပါဘူး"ဟု ကျုံးဘေးတွင် နေ့စဉ်ကျန်းမာရေးအတွက် လမ်းလျှောက်သူ မန္တလေးတောင်ခြေစားသောက်ဆိုင်မှ ကိုထွန်းထွန်းက ပြောသည်။ မန္တလေးမြို့တွင်လည်း အရှေ့တောင်အာရှအမျိုးသမီးဘောလုံးပြိုင်ပွဲကို ကျင်းပမည်ဖြစ်၍ မန္တလေးမြို့တော်နေ ပြည်သူများအနေဖြင့် မြန်မာအမျိုးဂုဏ်ဆောင်သော ယဉ်ကျေးသည့်မြို့တော်အဖြစ် ဂုဏ်ယူကြပါစို့။ **အေးမြ(မန္တလေး)**

### ထင်သာမြင်သာ ပြုပြင်စရာ





# မူလဓာတ်တော်တိုက် စေတီတော်မြတ်ကြီး ပထမအကြိမ် နိဗ္ဗာန်ဈေးပွဲတော်ကျင်းပ

**ဆင်ပေါင်ဝဲ နိုဝင်ဘာ ၁၉**

ဆင်ပေါင်ဝဲမြို့ အမှတ်(၃)ရပ်ကွက် မူလဓာတ်တော်တိုက်စေတီတော်မြတ်ကြီး ပထမအကြိမ် နိဗ္ဗာန်ဈေးပွဲတော်ကို နိုဝင်ဘာ ၁၇ ရက် ညနေ ၅ နာရီကအဆိုပါ မူလဓာတ်တော်တိုက် ဘုရားဝင်းအတွင်း၌ ကျင်းပရာ မြို့သူ မြို့သားများ ပျော်ရွှင်ကြည်နူးစွာဖြင့် မူလဓာတ်တော်တိုက်စေတီတော်မြတ်ကြီးကို မီးရှူးမီးပန်းများ၊ မီးပုံးပျံများလွှတ်တင်၍ ပူဇော်ကန်တော့ခဲ့ကြသည်။

နိဗ္ဗာန်ဈေးပွဲတော်တွင် စားသောက်ဖွယ် မုန့်မျိုးစုံတို့ဖြင့် အလှူရှင်တို့က ကျွေးမွေးလှူဒါန်းခဲ့ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**


Y.E.S. Since 1994
B.A (Hons.)(English), M.A (ESL)(Hawaii, USA)
International English Language Centre

Basic Spoken English
Mon to Thurs-10:00-12:00am 11 Nov
Mon to Thurs-1:00-3:00pm 11 Nov
Sat & Sun -12:30-3:30pm 16 Nov
Sat & Sun -9:00-12:00am 23 Nov
Mon to Thurs-7:30-9:30am 25 Nov
Mon to Thurs-3:00-5:00pm 25 Nov
Mon to Thurs-5:00-7:00pm 25 Nov

Pre-Intermediate English
Mon to Thurs-10:00-12:00am 18 Nov
Mon to Thurs-7:30-9:30am 25 Nov
Mon to Thurs-5:00-7:00pm 25 Nov
Sat & Sun -12:30-3:30pm 7 Dec

Grammar Foundation Course
Sat & Sun -9:00-12:00am 23 Nov
Mon to Thurs-7:30-9:30am 25 Nov
Sat & Sun -4:00-7:00pm 7 Dec

Vocabulary Enrichment Course
Mon to Thurs-3:30-5:00pm 25 Nov

Structure & Written Expression
Sat & Sun -9:00-12:00am 16 Nov
Mon to Thurs- 5:00-6:30pm 18 Nov
Mon to Thurs- 10:00-12:00am 25 Nov

Integrated Skills Level Course
Mon to Thurs- 1:00-3:00pm 25 Nov

IELTS, IELTS(Speaking), SAT, API, AWC, BWC

No.190, 2nd Flr.,28th St.(Upper), Pabedan Tsp. ☎ 243950



**SHWE GANDAMAR INTERNATIONAL TRADING LIMITED**
**LEVEL (3), GANDAMAR WHOLESALE**

Corner of Gandamar & Waizayantar Road, Mayangone Township, Yangon Tel.657314, 657315, 657316

1. Distribution Manager - 5 Posts
2. Distribution Supervisor - 5 Posts
3. Auditor - 4 Posts
4. Senior Accountant - 5 Posts
5. Sales Representative - 8 Posts
6. Driver - 5 Posts
7. Sales & Drive - 5 Posts

**အမှတ်စဉ်(၁)အတွက်** A Graduate, preferably with 2 years experience in the same position. Highly motivate and able to work under pressure.
**အမှတ်စဉ်(၂)အတွက်** A Graduate, preferably with 2 years experience in the same position.
**အမှတ်စဉ်(၃ နှင့် ၄)အတွက်** Must have experience (2 Years)
**အမှတ်စဉ်(၅)အတွက်** Preferably a graduate in any field. Selected candidates shall undergo intensive on-the-job training.
**အမှတ်စဉ်(၅ နှင့် ၆)အတွက်** Licence and experience.

အလုပ်လျှောက်ထားလိုသူများသည် **Level(3) ရှိ Reception သို့ ၃၀-၁၁-၂၀၁၃ရက်** နောက်ဆုံးထား၍ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် မွန်ဂိုလီးယားနိုင်ငံသမ္မတတို့ တွေ့ဆုံဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၁၉**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် မွန်ဂိုလီးယားနိုင်ငံသမ္မတ မစ္စတာ အယ်လ်ဘတ်ခ်ဒေါ်ဂျ် ဇတ်ခ်ဟီးလ်ယာဒ်တို့သည် ယနေ့နံနက် ၁၁ နာရီ မိနစ် ၅၀ တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိရည့်ခန်းမဆောင်၌ တွေ့ဆုံကြသည်။ **(ယာပုံ)**

**အမြင်ချင်းဖလှယ်**

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၏ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုဆောင်ရွက်နေမှုများ၊ မွန်ဂိုလီးယားနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှု ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံများ၊ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ရေး၊ နှစ်နိုင်ငံလွှတ်တော်များအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။



**တက်ရောက်**

အဆိုပါ တွေ့ဆုံပွဲအခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကော်မတီများမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**

## ပြည်တွင်းသတင်း

# ရခိုင်ပြည်နယ် တရားလွှတ်တော်တရားသူကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**(အမိန့်အမှတ်၊ ၄၉/၂၀၁၃)**
**၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်**
**(၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်)**

**ရခိုင်ပြည်နယ် တရားလွှတ်တော်တရားသူကြီး ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၈၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၄)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၈၂၊ ပုဒ်မခွဲ(ဃ)၊ ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၅၀ နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၈၊ ပုဒ်မခွဲ(ဃ) တို့ပါ ပြဋ္ဌာန်းချက်များအရ ကျောက်ဖြူခရိုင် တရားသူကြီး ဒေါ်စန်းစန်းရီအား ရခိုင်ပြည်နယ် တရားလွှတ်တော်တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**(ပုံ)သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# သံအမတ်ကြီး သူရဦးသက်ဦးမောင် တူရကီသမ္မတနိုင်ငံ သမ္မတထံ ခန့်အပ်လွှာပေးအပ်

**နေပြည်တော် နိုဝင်ဘာ ၂၀**

တူရကီသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး သူရဦးသက်ဦးမောင်သည် ၎င်း၏ခန့်အပ်လွှာကို ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၁၃ ရက်တွင် အင်ကာရာမြို့၌ တူရကီသမ္မတနိုင်ငံ သမ္မတ မစ္စတာ အဗ္ဗဒူလာ ဂူးလ်ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ **(သတင်းစဉ်)**

◆ **ရှေ့ဖုံးမှ**

လှိုင်သာယာမှ စံပြဈေး၊ အနောက်ပိုင်းတက္ကသိုလ်မှ သီရိမင်္ဂလာဈေး၊ ဗဟိုအမျိုးသမီးဆေးရုံမှ ဆူးလေဘုရားလမ်း၊ ရွှေပေါက်ကံမှ သခင်မြပန်းခြံနှင့် ရွှေပြည်သာမှ လသာသို့ ပြေးဆွဲပေးမည့် မီနီဘတ်စ်ယာဉ်လိုင်းများကို သက်ဆိုင်ရာသို့တင်ပြထားပြီး ခွင့်ပြုမိန့်ကျသည်နှင့် ပြေးဆွဲသွားမည်ဖြစ်သည်။

"မြို့တွင်းမှာ ဒိုင်နာတွေ၊ ဟိုင်းလပ်တွေနဲ့စာရင် ဒီမိနီဘတ်စ်တွေက ခရီးသည်တွေအတွက် ပိုအဆင်ပြေပါတယ်။ ပြည်သူတွေအတွက် လုံလည်း လုံခြုံတယ်။ စိုးရိမ်မှုလည်းနည်းသွားတာပေါ့။ ခရီးသည်တွေလည်း ကားများလာတာနဲ့အမျှ ရွေးချယ်စီးနင်းနိုင်တယ်။ ဒါပေမယ့် ယာဉ်ကြောကျပ်မှုတွေကိုတော့ ဖြေလျှော့ပေးဖို့ လိုမယ်။ အထူးသဖြင့် လမ်းဘေးရပ်တဲ့ကားတွေနဲ့ စည်ပင်တောင်ကွပ်ကဲလို့မနိုင်တဲ့ လမ်းဘေးဈေးသည်တွေကို အထူးထိန်းသိမ်းရမယ်။ ဒါမှလည်း ခေတ်နဲ့အညီ မြို့တော်ကြီးက ပြောင်းလဲလာပြီးတော့ ပိုမိုဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်"ဟု ခရီးသည်တစ်ဦးက ပြောပြသည်။

**(မြန်မာ့အလင်း)**

# နိုင်ငံရေးပါတီ မှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၉**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လျှောက်ထားချက်များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ ၂၀၁၃ ခုနှစ် နိုဝင်ဘာလ ၁၉ ရက်နေ့တွင် ဖက်ဒရယ်ပြည်ထောင်စုပါတီ (Federal Union Party) က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လာရောက်လျှောက်ထားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**စာပေမြင့်မှ လူမျိုးတင့်မည်**

# (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် အစုန်/အဆန် အထူးရထားနှစ်စင်း ပြေးဆွဲမည်

**နေပြည်တော် နိုဝင်ဘာ ၁၉**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည်(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် ရန်ကုန်-နေပြည်တော်-သာစည်-မန္တလေးခရီးစဉ်တွင် လက်ရှိနေ့စဉ်ပြေးဆွဲနေသော အမြန်ရထား အဆန်ငါးစင်း၊ အစုန်ငါးစင်း၊ စာပို့ရထား အဆန်နှစ်စင်း၊ အစုန်နှစ်စင်း အပြင် အားပေးကြည့်ရှုကြမည့် ပရိသတ်များ သွားလာမှုပိုမိုလွယ်ကူအဆင်ပြေစေရန်အတွက် အထက်တန်းထိုင်ခုံ နှစ်တွဲ၊ ရိုးရိုးတန်း ၁၀ တွဲ၊ ဘရိတ်တွဲတို့ပါဝင်သည့် လူစီးတွဲဆိုင်းနှစ်ဆိုင်းဖြင့် နိုဝင်ဘာ ၂၄ ရက်မှ ဒီဇင်ဘာ ၂၃ ရက်အထိ အထူးရထားနှစ်စင်းကို အစုန်/အဆန်နေ့စဉ်ပြေးဆွဲပေးမည်ဖြစ်သည်။

အဆိုပါ အထူးရထားကို လမ်းခရီး၌ တိုးကြောင်ကလေး၊ ပဲခူး၊ တောင်ငူ၊ ပျဉ်းမနား၊ နေပြည်တော်၊ သာစည်၊ ကျောက်ဆည်ဘူတာတို့တွင် အစုန်/အဆန်ရပ်တန့်ပေးမည်ဖြစ်ပြီး အဆန်အထူးရထားသည် ရန်ကုန်ဘူတာမှ ည ၉ နာရီခွဲတွင် စတင်ထွက်ခွာ၍ နေပြည်တော်ဘူတာသို့ နောက်တစ်နေ့ နံနက် ၆ နာရီ၌ ရောက်ရှိပြီး နေပြည်တော်ဘူတာမှ နံနက် ၆ နာရီခွဲတွင် ဆက်လက်ထွက်ခွာကာ မန္တလေးဘူတာသို့ မွန်းတည့် ၁၂ နာရီ၌ ရောက်ရှိမည်ဖြစ်သည်။ အလားတူ အစုန်အထူးရထားသည် မန္တလေးဘူတာမှ ည ၁၁ နာရီခွဲတွင် စတင်ထွက်ခွာ၍ နေပြည်တော်ဘူတာသို့ နောက်တစ်နေ့ နံနက် ၆ နာရီတွင် ရောက်ရှိပြီး နေပြည်တော်ဘူတာမှ နံနက် ၆ နာရီခွဲတွင် ဆက်လက်ထွက်ခွာ၍ ရန်ကုန်ဘူတာသို့ ညနေ ၃ နာရီတွင် ရောက်ရှိမည်ဖြစ်သည်။

အထူးရထားအတွက် လက်မှတ်ခနှုန်းထားများမှာ လက်ရှိ ရန်ကုန်-နေပြည်တော်-မန္တလေးခရီးစဉ် ပြေးဆွဲနေသည့် လူစီးအမြန်ရထားများ၏ လက်မှတ်ခနှုန်းထားအတိုင်း ရန်ကုန်မှ နေပြည်တော်ခရီးစဉ်အတွက် ရိုးရိုးတန်းငွေကျပ် ၂၈၀၀၊ အထက်တန်းထိုင်ခုံငွေကျပ် ၅၆၀၀၊ နေပြည်တော်မှ မန္တလေးခရီးစဉ်အတွက် ရိုးရိုးတန်းငွေကျပ် ၁၈၅၀၊ အထက်တန်းထိုင်ခုံ ငွေကျပ် ၃၇၀၀၊ ရန်ကုန်မှ မန္တလေးခရီးစဉ်အတွက် ရိုးရိုးတန်းငွေကျပ် ၄၆၅၀၊ အထက်တန်းထိုင်ခုံ ငွေကျပ် ၉၃၀၀ တို့ဖြစ်သည်။

ရန်ကုန်၊ နေပြည်တော်၊ မန္တလေးဘူတာကြီးများတွင် ရိုးရိုးတန်းလက်မှတ်များကို တစ်ရက်ကြိုတင်၍လည်းကောင်း၊ အထက်တန်းလက်မှတ်များကို ခရီးသွားမည့်ရက်အပါအဝင် သုံးရက်ကြိုတင်၍လည်းကောင်း၊ လက်ကျန်လက်မှတ်များကို ရထားမထွက်ခွာမီ ၁၅ မိနစ်အလိုအထိ လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်ပြီး လမ်းခရီးဘူတာများ၌ နေ့ချင်းလက်မှတ်ရောင်းချပေးမည်ဖြစ်သည်။ **(မြန်မာ့မီးရထား)**

# ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ လှိုင်မြစ်လမ်း (ကမာရွတ်ဘူတာရုံလမ်း)၊ (၆)လွှာ ဝဲဘက်အခန်း၊ အမှတ်(၁၅)တွင် ပါတီရုံးချုပ်တည်ရှိသော **ဖက်ဒရယ်ပြည်ထောင်စုပါတီ (Federal Union Party)** က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၁၉- ၁၁-၂၀၁၃ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ဖက်ဒရယ်ပြည်ထောင်စုပါတီ (Federal Union Party) ၏ အလံပုံစံ**



**ဖက်ဒရယ်ပြည်ထောင်စုပါတီ (Federal Union Party) ၏တံဆိပ်ပုံစံ**




ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်




(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးကို ဂုဏ်ပြုကြိုဆိုသည့်အနေဖြင့် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် (၈)မိုင်လမ်းဆုံ ပြည်လမ်းမကြီးပေါ်၌ စိုက်ထူထားသော လှုံ့ဆော်ရေးဆိုင်းဘုတ်ကို နိုဝင်ဘာ ၁၉ ရက်က တွေ့ရစဉ်။ (၀၁၅)

# (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အထိမ်းအမှတ်တံဆိပ် (Logo)နှင့် အထိမ်းအမှတ်လာဘ်ကောင် (Mascot) များ အသုံးပြုခွင့်အား ထပ်မံအသိပေးကြေညာ

**နေပြည်တော် နိုဝင်ဘာ ၁၉**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၏ အမှတ်တံဆိပ် (Logo)နှင့် အထိမ်းအမှတ်လာဘ်ကောင် (Mascot) များကို အားကစားဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိပြီးသောကုမ္ပဏီများအနေဖြင့် SEA Games လှုံ့ဆော်ရေးပိုစတာ (Bill- board) များအလိုက် စိုက်ထူချိတ်ဆွဲသည့် အရွယ်အစား၏ လေးပုံသုံးပုံအား Logo, Mascot ပုံများပါဝင်သည့် အားကစားလှုံ့ဆော်ရေးဒီဇိုင်းပုံများကိုသာ ထည့်သွင်းဖော်ပြကြရန်ဖြစ်ပြီး ကျန်လေးပုံတစ်ပုံကိုသာကုမ္ပဏီ၏ အမှတ်တံဆိပ်များအား ထည့်သွင်းဖော်ပြကြရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိသည်ကို စိစစ်တွေ့ရှိရပါက တည်ဆဲဥပဒေများအရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း အားကစားဝန်ကြီးဌာနက ထပ်မံအသိပေးကြေညာထားသည်။ **(သတင်းစဉ်)**

နိုင်ငံတကာသတင်း

## ဓာတုလက်နက်စစ်ဆေးရေး ကျွမ်းကျင်သူ ဂျပန်နိုင်ငံမှ ဆီးရီးယားသို့ စေလွှတ်မည်

*တိုကျို နိုဝင်ဘာ ၁၉*

*ဆီးရီးယားနိုင်ငံ၏ ဓာတုလက်နက်များ ဖျက်ဆီးမှု လုပ်ငန်းစဉ်များကို စစ်ဆေးရန် ဂျပန်နိုင်ငံမှ ကျွမ်းကျင်ပညာရှင် သုံးဦးအား ဆီးရီးယားနိုင်ငံသို့ စေလွှတ်ပေးမည်ဖြစ်ကြောင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီး၏ ပြောကြားချက်ကို နိုဝင်ဘာ ၁၉ ရက်တွင် အင်န်အိတ်ချ်ကေသတင်းတွင် ရေးသားထားသည်။ ဓာတုလက်နက်ပိတ်ပင်တားဆီးရေးအဖွဲ့ (OPCW)က ပြီးခဲ့သည့် နိုဝင်ဘာ ၁၅ ရက်တွင် ယခုနှစ်ကုန်၌ ဆီးရီးယားနိုင်ငံမှ သိမ်းဆည်း ဓာတုလက်နက်ပစ္စည်းများကို ပြည်ပသို့ သယ်ယူရန်နှင့် နေရာချထားရန် အစီအစဉ်ကို သဘောတူလက်ခံပြီးနောက် ဂျပန်နိုင်ငံခြားရေးဝန်ကြီးက ပြောကြားခဲ့ခြင်းဖြစ်သည်။*

*ဆီးရီးယားဓာတုလက်နက်များ နေရာချထားရန် ကမ္ဘာ့တစ်ဝန်းအင်တိုက်အားတိုက် လုပ်ဆောင်နေဆဲဖြစ်ကြောင်း၊ ဂျပန်နိုင်ငံသည်လည်း တတ်နိုင်သမျှ ပူးပေါင်းပါဝင်သွားမည်ဖြစ်ကြောင်း အစိုးရဝန်ကြီးများ အစည်းအဝေးအပြီး ဝန်ကြီးက သတင်းထောက်များကို ပြောကြားသည်။ ကျွမ်းကျင်ပညာရှင် သုံးဦးသည် ယခင်က ဥဏာယျှ အဖွဲ့ဝင်များဖြစ်ပြီး ဓာတုလက်နက်ဖျက်ဆီးရေးတွင် လုပ်ငန်းအတွေ့အကြုံရှိသူများဖြစ်သည်။*

*(အင်န်အိတ်ချ်ကေ)*



## ဩစတြေးလျ၏သူလျှိုလုပ်မှု ဆက်ဆံရေးထိခိုက်ဟု အင်ဒိုနီးရှားခေါင်းဆောင် ဆူစီလိုဘန်ဘန်းပြောကြား

**ဂျကာတာ နိုဝင်ဘာ ၁၉**

ကင်ဘာရာက အင်ဒိုနီးရှားနိုင်ငံသမ္မတနှင့်ဝန်ကြီးများ၏ ဖုန်းခေါ်ဆိုမှုအပေါ် ကြားဖြတ်နားထောင်သူလျှိုလုပ်ခဲ့ခြင်းဖြင့် ဩစတြေးလျနိုင်ငံနှင့် ဆက်ဆံရေးမှာ ပျက်စီးသွားပြီဖြစ်ကြောင်း အင်ဒိုနီးရှားသမ္မတက ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံက ဩစတြေးလျနိုင်ငံနှင့်ပူးပေါင်းဆောင်ရွက်ရေးကိစ္စများ ပြန်လည်သုံးသပ်ရာတွင် သမ္မတဆူစီလိုဘန်ဘန်းယူဒိုရိုနိုက အထက်ပါအတိုင်း ပြောဆိုလိုက်ခြင်းဖြစ်သည်။

မစ္စတာတိုနီအက်ဘော့တ်သည် ယင်းလုပ်ရပ်ကြောင့် သေးသိမ်ညှိုးဖျင်းစေကြောင်း၊ အင်ဒိုနီးရှားနိုင်ငံအနေဖြင့် ဒေါသဖြစ်စရာများဖြစ်ကြောင်း ယူဒိုရိုနိုက ပြောသည်။ ဖော်ကောင် အက်ဒွပ်စနိုးဒန်း ဖွင့်ချလိုက်သော မှတ်တမ်းများကို အေဘီစီနှင့် ဂါးဒီးယန်း သတင်းစာများက ဖော်ပြခဲ့သည်။

အဆိုပါသတင်းများကြောင့် စိတ်အနှောင့်အယှက်ဖြစ်ရပြီး နောင်တရမိကြောင်း ဩစတြေးလျဝန်ကြီးချုပ် တိုနီအက်ဘော့တ်က ပြောကြားလိုက်သည်။ မိမိအနေဖြင့် သမ္မတယူဒိုရိုနိုအား ဩစတြေးလျနိုင်ငံ၏ မိတ်ကောင်းဆွေကောင်းအဖြစ် သတ်မှတ်ထားပါကြောင်း၊ ကမ္ဘာတွင် မိမိတို့အနေဖြင့် အလွန့်အလွန်ကောင်းမွန်သော မိတ်ကောင်းဆွေကောင်းဖြစ်ပါကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံက နိုဝင်ဘာ ၁၈ ရက်က ၎င်း၏သံအမတ်ကို ဩစတြေးလျနိုင်ငံမှ ပြန်ခေါ်လိုက်ပြီး ဩစတြေးလျသံအမတ်ကြီးကိုလည်း မေးခွန်းများမေးရန် အင်ဒိုနီးရှားနိုင်ငံက ဆင့်ခေါ်ထားသည်။

အဆိုပါဖွင့်ချလိုက်သော မှတ်တမ်းများတွင် ဩစတြေးလျထောက်လှမ်းရေးအေဂျင်စီများက မစ္စတာယူဒိုရိုနိုနှင့်ဇနီး၊ ဒုတိယသမ္မတနှင့် ထိပ်တန်းဝန်ကြီးများ၏ ဖုန်းကိုပစ်မှတ်ထား၍ ကြားဖြတ်နားထောင်သူလျှိုလုပ်ခဲ့သည်ဟု ဖွင့်ချခဲ့မှုအပေါ် ဩစတြေးလျရုပ်သံထုတ်လွှင့်ရေးကော်ပိုရေးရှင်းနှင့် ဂါးဒီးယန်းသတင်းစာတို့က ဖော်ပြထုတ်လွှင့်ခဲ့သည်။

**(ဘီဘီစီ)**

## အီတလီ ဆားဒင်းနီးယားကျွန်း၌ ဆိုင်ကလုန်းမုန်တိုင်းဝင်ရောက် တိုက်ခတ်

**ရောမ နိုဝင်ဘာ ၁၉**

အီတလီနိုင်ငံ ဆားဒင်းနီးယားကျွန်း၌ ဆိုင်ကလုန်းမုန်တိုင်း ကလီယိုပါထရာကြောင့် မုန်တိုင်းနှင့်ရေကြီးမှုများဖြစ်ပေါ်ပြီး **(အောက်ပုံ)** အနည်းဆုံး လူကိုးဦး သေဆုံးသွားကြောင်း တာဝန်ရှိသူများက ပြောသည်။

မြစ်များကျိုးပေါက်ခြင်း၊ မော်တော်ကားများ အဝေးသို့လွင့်ပျံခြင်းနှင့်တံတားများကျိုးကျခဲ့ခြင်းကြောင့် လူအများအပြားပျောက်ဆုံးနေသည်ဟု ယုံကြည်ရသည်။ ယင်းမုန်တိုင်းကြောင့် အော်ဘီးယားမြို့အရှေ့မြောက်ပိုင်းသည် အဆိုးရွားဆုံးဖြစ်ဖွယ်ရှိသည်။ အဆိုပါ မြေထဲပင်လယ်ကျွန်းပေါ်မှ ရာနှင့်ချီသောပြည်သူများအား နေအိမ်များမှ ဘေးကင်းရာသို့ ပြောင်းရွှေ့ပေးခဲ့သည်ဟုဆိုသည်။

မိမိတို့အနေဖြင့် အမြင့်ဆုံးသတိပေးမှုပြုလုပ်ခဲ့ကြောင်း ဆားဒင်းနီးယားပြည်သူကာကွယ်စောင့်ရှောက်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက အီတလီ ရုပ်သံ Rai TV သို့ ပြောသည်။

"ကျွန်တော်တို့ဒီလောက်ဆိုးတဲ့ အခြေအနေကို တစ်ခါမှမကြုံခဲ့ဖူးပါဘူး။ ဆယ်စုနှစ်များအတွင်းမှာတော့ အပြင်းဆုံးပဲလို့ ထင်ပါတယ်။ ကျွန်းတစ်ခုလုံး မုန်တိုင်းကမွှေနှောက်သွားခဲ့တာပါ" ဟု ၎င်းကပြောကြားသည်။ အော်ဘီးယားမြို့အနီး တံတားကျိုးကျခဲ့သဖြင့် လူသုံးဦးသေဆုံးသွားသည်။ ၎င်းသီးခြားဖြစ်စဉ်တစ်ခုတွင် မိခင်နှင့်ကလေးတို့ပါဝင်သောကား ရေစီးတွင်မျောပါသေဆုံးခဲ့သည်။ သေဆုံးမှုတွင် တံတားကျိုးကျစဉ် ပါဝင်သွားသော ရဲအရာရှိတစ်ဦးလည်း ပါဝင်သည်။

**(ဘီဘီစီ)**



## အိန္ဒိယ၌အမျိုးသမီးများအတွက် အဓိကရည်ရွယ်သောဘဏ်ခွဲခုနစ်ခု ဖွင့်လှစ်ပေးမည်



အိန္ဒိယ ကျေးလက်ဒေသရှိ အမျိုးသမီးများကို တွေ့ရစဉ်။

**မွမ်ဘိုင်း နိုဝင်ဘာ ၁၉**

အိန္ဒိယနိုင်ငံ အနောက်ပိုင်းမြို့တော် မွမ်ဘိုင်းရှိ အမျိုးသမီးထုများ အလုပ်အကိုင် ရရှိစေရေးရည်ရွယ်ကာ အိန္ဒိယနိုင်ငံ၏ ပထမဆုံးအစိုးရပိုင်ဘဏ်ဖွင့်လှစ်မည်ဖြစ်ကြောင်း ဝန်ကြီးချုပ် မန်မိုဟန်ဆင်းက ပြောကြားခဲ့သည်ဟု နိုဝင်ဘာ ၁၉ ရက် ဘီဘီစီသတင်းတွင် ရေးသားထားသည်။

အမျိုးသမီးများအား အလုပ်ခန့်အပ်ပေးမည်ဖြစ်ပြီး အမျိုးသမီးအများစုအတွက်ငွေအပ်နှံခြင်း၊ ချေးယူခြင်းတို့ကို အဓိကဝန်ဆောင်မှုပေးမည့် Bharatiya Mahila ဘဏ်ကို ဘဏ်ခွဲ ခုနစ်ခုဖွင့်လှစ်မည်ဖြစ်ပြီး လာမည့် ၂၀၁၇ ခုနှစ်ထဲတွင် ဘဏ်ခွဲ ၅၀၀ အထိ ဖွင့်လှစ်ရန်စီစဉ်ထားသည်။ အိန္ဒိယ နိုင်ငံ၏ ဘဏ်စာရင်း တစ်ခုစီရှိသူ အမျိုးသမီးမှာ ၂၆ ရာခိုင်နှုန်းသာရှိပြီး ဘဏ်စာရင်းရှိ အမျိုးသားမှာ ၄၆ ရာခိုင်နှုန်းအထိရှိသည်။

ပထမဆုံး ဘဏ်ခွဲကို ဝန်ကြီးချုပ် မန်မိုဟန်ဆင်းက ဖွင့်လှစ်ပေးမည်ဖြစ်သည်။အဆိုပါဘဏ်ခွဲများကို ကျေးရွာများထိပါ ထပ်မံဖွင့်လှစ်ပေးသွားမည်ဟု ရည်ရွယ်ထားသည်။ အဘယ်ကြောင့်ဆိုသော် အဆိုပါဒေသနေ အမျိုးသမီးများအတွက် ငွေစုစာရင်းဖွင့်ရန် အခက်အခဲများ ရှိနေသောကြောင့် ဖြစ်သည်ဟု ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။ ဘဏ်တွင်ကနဦးအရင်းအနှီးကန်ဒေါ်လာ ၁၈၄ သန်းဖြင့် မတည်ထားသည်ဟု ဖေဖော်ဝါရီလကတည်းက ကြေညာခဲ့ပြီးဖြစ်သည်။

အိန္ဒိယနိုင်ငံတစ်ဝန်းဘဏ်ခွဲပေါင်း ၁၀၀၀၀၀ အထိရှိသည်ဟု ဆိုထားပြီး နိုင်ငံ၏ကျေးရွာ ၆၅၀၀၀၀ ထက်မနည်း ကျေးလက်နေပြည်သူများအတွက်မူ သာမန်ဘဏ်တစ်ခုပင် မရှိဟု သိရသည်။

**(ဘီဘီစီ)**

## တိုရွန်တိုမြို့တော်ဝန် မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် လုပ်ပိုင်ခွင့်များရုပ်သိမ်းခံရ

**တိုရွန်တို နိုဝင်ဘာ ၁၉**

တိုရွန်တိုမြို့တော်ဝန် ရော့ဘ်ဖို့ဒ်သည် ရာထူးမှ ဆင်းပေးရန်ဖိအားပေးခံနေရချိန် တိုရွန်တိုမြို့တော်ကောင်စီက ၎င်း၏ လုပ်ပိုင်ခွင့်အာဏာများ ရုပ်သိမ်းရန် ဆန္ဒမဲပေးဆုံးဖြတ်လိုက်ပြီဖြစ်သည်။

အဆိုပါ မြို့တော်ကောင်စီက နိုဝင်ဘာ ၁၈ ရက်က မစ္စတာဖို့ဒ်၏ ဘတ်ဂျက်နှင့် လုပ်ပိုင်ခွင့်အများအပြားကို ဒုတိယမြို့တော်ဝန်သို့ လွှဲပြောင်းပေးလိုက်ပြီဖြစ်သည်။

### ကတိပြု

အသက် ၄၄ နှစ်ရှိ မစ္စတာဖို့ဒ်သည် အဆိုပါ မြို့တော်ကောင်စီ၏ ဆုံးဖြတ်ချက်များအပေါ် လက်တုံ့ပြန်သွားမည်ဖြစ်ကြောင်း ကတိပြုပြောဆိုလိုက်သည်။

ကနေဒါနိုင်ငံ၏ အကြီးဆုံးမြို့တော်ဝန် ရော့ဘ်ဖို့ဒ်သည် မူးယစ်ဆေးဝါးသုံးစွဲမှုဖြင့် ဝန်ခံခဲ့ပြီးနောက် နုတ်ထွက်ပေးရန် ဖိအားပေးခံနေရသည်။ မကြာသေးသည့် သီတင်းပတ်များက မြို့တော်ဝန်အဖြစ်တာဝန်ထမ်းဆောင်နေစဉ်အတွင်း တရားမဝင်မူးယစ်ဆေးဝါးများ ဝယ်ယူခဲ့သည်ဟု ဆိုသည်။

**(ဘီဘီစီ)**












● *ကျောက်ဖုံးမှ*

ကုန်သွယ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ အလေ့အကျင့်ကောင်းများနှင့် သတင်းအချက်အလက်များ ဖလှယ်ရေး၊ နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရာတွင် ဖြစ်နိုင်မည့်နယ်ပယ်များ သတ်မှတ်နိုင်ရေးတို့အတွက် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

❍ *ရှေ့ဖုံးမှ*

မုန်တိုင်းငယ်၏အရှိန်ကြောင့် မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင်မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ အဝါရောင်အဆင့်သာရှိပြီး မြန်မာနိုင်ငံသို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိဟု သတ်မှတ်သည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ကမ်းဝေး၊ ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများ အနေဖြင့် မုန်တိုင်းအန္တရာယ် ရှောင်ရှားနိုင်ရန် လိုအပ်ကြောင်း မိုး/ဇလက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

# ရန်ကုန်-မန္တလေးလမ်းပိုင်းတွင် ရထားပြေးဆွဲချိန်များလျှော့ချမည်

မြန်မာ့မီးရထားသည် ခရီးသွားပြည်သူများကို ဝန်ဆောင်မှုအပြည့်အဝပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ရထားလမ်းပိုင်းများ တိုးတက်ကောင်းမွန်ရေးအတွက် ကြိုးစားဆောင်ရွက်လျက်ရှိပါသည်။ ယခုအခါ ရန်ကုန်-မန္တလေး လမ်းပိုင်း အဆန်အစုန်လမ်းပိုင်းများအား ပြုပြင်ဆောင်ရွက်လျက်ရှိရာ အတော်အသင့်ကောင်းမွန်လာပြီဖြစ်၍ ၎င်းလမ်းပိုင်းတွင် ပြေးဆွဲလျက်ရှိသောရထားများအား မြန်နှုန်းမြှင့်၍ ပြေးဆွဲချိန်များအား လျှော့ချသွားမည်ဖြစ်ပါသည်။

ရန်ကုန်-မန္တလေးလမ်းပိုင်း အစုန်/အဆန် ခုတ်မောင်းပြေးဆွဲလျက်ရှိသော အမြန်ရထားကြီးများအား မူလပြေးဆွဲချိန်ထက် ၁ နာရီခွဲလျှော့၍လည်းကောင်း၊ ရန်ကုန်-နေပြည်တော်လမ်းပိုင်း အစုန်/အဆန်ပြေးဆွဲလျက်ရှိသော အမြန်ရထားကြီးများအား မူလပြေးဆွဲချိန်ထက် ၁ နာရီလျှော့၍လည်းကောင်း နိုဝင်ဘာ ၂၄ ရက်မှစတင်၍ အောက်ပါအချိန်စာရင်းအတိုင်း ပြေးဆွဲသွားပါမည်-

| ရထားအမှတ် | ခရီးစဉ် | | လက်ရှိအချိန်စာရင်း | | | ပြောင်းလဲပြေးဆွဲမည့် အချိန်စာရင်း | | |
|---|---|---|---|---|---|---|---|---|
| | မှ | သို့ | ထွက်ချိန် | ရောက်ချိန် | ပြေးဆွဲချိန် | ထွက်ချိန် | ရောက်ချိန် | ပြေးဆွဲချိန် |
| ၅-အဆန် | ရန်ကုန် | မန္တလေး | ၀၅၀၀ | ၀၆၃၀ | ၁၅'၃၀" | ၁၅၀၀ | ၀၅၀၀ | ၁၄'၀၀" |
| ၆-အစုန် | မန္တလေး | ရန်ကုန် | ၁၅၀၀ | ၀၆၃၀ | ၁၅'၃၀" | ၁၅၀၀ | ၀၅၀၀ | ၁၄'၀၀" |
| ၃-အဆန် | ရန်ကုန် | မန္တလေး | ၁၇၀၀ | ၀၉၁၅ | ၁၆'၁၅" | ၁၇၀၀ | ၀၇၄၅ | ၁၄'၄၅" |
| ၄-အစုန် | မန္တလေး | ရန်ကုန် | ၁၇၀၀ | ၀၉၁၅ | ၁၆'၁၅" | ၁၇၀၀ | ၀၇၄၅ | ၁၄'၄၅" |
| ၁၁-အဆန် | ရန်ကုန် | မန္တလေး | ၀၆၀၀ | ၂၂၃၀ | ၁၆'၃၀" | ၀၆၀၀ | ၂၁၀၀ | ၁၅'၀၀" |
| ၁၂-အစုန် | မန္တလေး | ရန်ကုန် | ၀၆၀၀ | ၂၂၃၀ | ၁၆'၃၀" | ၀၆၀၀ | ၂၁၀၀ | ၁၅'၀၀" |
| ၃၁-အဆန် | ရန်ကုန် | နေပြည်တော် | ၀၈၀၀ | ၁၈၀၀ | ၁၀'၀၀" | ၀၈၀၀ | ၁၇၀၀ | ၀၉'၀၀" |
| ၃၂-အစုန် | နေပြည်တော် | ရန်ကုန် | ၀၈၀၀ | ၁၈၀၀ | ၁၀'၀၀" | ၀၈၀၀ | ၁၇၀၀ | ၀၉'၀၀" |
| ၇-အဆန် | ရန်ကုန် | နေပြည်တော် | ၂၀၃၀ | ၀၆၀၀ | ၀၉'၃၀" | ၂၀၃၀ | ၀၅၀၀ | ၀၈'၃၀" |
| ၈-အစုန် | နေပြည်တော် | ရန်ကုန် | ၂၀၀၀ | ၀၅၃၀ | ၀၉'၃၀" | ၂၀၀၀ | ၀၄၃၅ | ၀၈'၃၅" |

ရန်ကုန်-မန္တလေးလမ်းပိုင်းရှိ အခြားစာပို့နှင့် လူစီးကုန်တင်ရထားများ၏ ပြေးဆွဲချိန်များကိုလည်း အသီးသီးလျှော့ချပြေးဆွဲမည်ဖြစ်ရာ ရထားအချိန်စာရင်းများအား သက်ဆိုင်ရာဘူတာများတွင် ကြေညာထားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**မြန်မာ့မီးရထား**



## (၉၃)နှစ်မြောက် အမျိုးသားနေ့ ဦးတည်ချက်များ

★ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်မားရေးနှင့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

★ အမျိုးသားပညာရည်မြှင့်မားရေး၊

★ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊

★ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး။

## (၉၃)နှစ်မြောက် အမျိုးသားနေ့

၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်
(၂၇-၁၁-၂၀၁၃)

# နိုင်ဂျီးရီးယား ကမ္ဘာ့ဖလားခြေစစ်ပွဲအောင်

နိုဝင်ဘာ ၁၆ ရက်က ကစားခဲ့သည့် ကမ္ဘာ့ဖလားခြေစစ်ပွဲတွင် နိုင်ဂျီးရီးယားက အီသီယိုးပီးယားကို နှစ်ဂိုးပြတ်ဖြင့်နိုင်ပြီး ကမ္ဘာ့ဖလားခြေစစ်ပွဲအောင်သွားပြီဖြစ်သည်။ ဗစ်တာမော့ဆက်နှင့် ဗစ်တာအိုဗင်းနားတို့က နိုင်ဂျီးရီးယားအတွက် အနိုင်ဂိုးများ သွင်းယူခဲ့သည်။ ၎င်းတို့သည် နှစ်ပွဲပေါင်းရလဒ် လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရလိုက်ခြင်းဖြစ်သည်။ နိုင်ဂျီးရီးယားအသင်းသည် ကမ္ဘာ့ဖလားကို ပဉ္စမအကြိမ်မြောက် ခြေစစ်ပွဲအောင်ခဲ့ခြင်းဖြစ်သည်။

# ချစ်ကြည်ရေးပွဲများ ဂါရက်ဘေးလ်မပါနိုင်



ကမ္ဘာ့ဈေးအကြီးဆုံးဘောလုံးသမား ဂါရက်ဘေးလ်ကို အနာဂတ် ဝေလအသင်း၏ ချစ်ကြည်ရေးပွဲများတွင် အနားပေးမည်ဖြစ်ကြောင်း ဝေလအသင်းနည်းပြ ခရစ်ကိုးမန်းက ပြောကြားသည်။

အသက် ၂၄ နှစ်ရှိ ဂါရက်ဘေးလ်သည် နွေရာသီက စပါးမှ ရီးရဲမက်ဒရစ်သို့ ပေါင် ၈၅ သန်းဖြင့် ပြောင်းရွှေ့ခဲ့သည်။ ၎င်းသည် နိုဝင်ဘာ ၁၆ ရက်က ဖင်လန်နှင့် ဝေလတို့ တစ်ဖက်တစ်ဂိုးစီသရေကျသည့်ပွဲတွင် မိနစ် ၉၀ ပါဝင်ကစားပေးခဲ့သည်။ မိမိတို့အနေဖြင့် ကမ္ဘာ့အကောင်းဆုံး တိုက်စစ်မှူးကို ထိခိုက်ဒဏ်ရာမရရေးအတွက် ကာကွယ်ပေးသွားမည်ဖြစ်ကြောင်း ဝေလနည်းပြက ရီးရဲမက်ဒရစ်တာဝန်ရှိသူများနှင့် တွေ့ဆုံစဉ် ပြောကြားလိုက်သည်။ ❖ **ကောင်းမြတ်သူ-စုစည်းသည်** ❖

**နေပြည်တော် နိုဝင်ဘာ ၁၉**

ဘာသာရေး အဆောက်အအုံများအား ဖောက်ခွဲမှုများပြုလုပ်ရန် စီစဉ်ဆောင်ရွက်ခဲ့သည့် အဖွဲ့တစ်ဖွဲ့အား မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ပူးပေါင်းအဖွဲ့များက ယခုရက်ပိုင်းအတွင်း ရန်ကုန်မြို့၌ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

# ဖောက်ခွဲရေးအဖွဲ့ တစ်ဖွဲ့အား ယမ်းနှင့်ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

ဖြစ်စဉ်မှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ပူးပေါင်းအဖွဲ့များသည် နိုဝင်ဘာ ၁၃ ရက် နံနက် ၁၁နာရီ ၁၅မိနစ်ခန့်တွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် အတွင်းပဒံကျေးရွာ အမှတ်(၃/၄)ရှိ SKY အအေးခန်းဧည့်ရိပ်သာ အခန်းအမှတ်(ဘီ-၁၅)သို့ ဝင်ရောက်ရှာဖွေရာ တင်မောင်(ခ)ခိုင်နေမင်း (၃၄ နှစ်) (ဖ)ဦးစိုးစံဝင်းအား ဖောက်ခွဲရေးပစ္စည်းများဖြစ်သည့် ယမ်းနှင့်ဆက်စပ်ပစ္စည်းများတပ်ဆင်နေစဉ် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

တင်မောင် (ခ) ခိုင်နေမင်းအား စစ်ဆေးချက်အရ ကွင်းဆက်တရားခံများဖြစ်သော သိန်းညွန့်(၃၁ နှစ်) (ဖ)ဦးသိန်းကျော်အောင်အား ယင်းနေ့ မွန်းတည့် ၁၂ နာရီခန့်တွင် လည်းကောင်း၊ ဘိုဘို(ခ)ဘိုဘိုထွန်း(၂၈ နှစ်) (ဖ)ဦးသိန်းထွန်းအား နိုဝင်ဘာ ၁၆ ရက် နံနက် ၁ နာရီတွင် လည်းကောင်း ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

၎င်းတို့၏ထွက်ဆိုချက်များအရ တင်မောင်(ခ)ခိုင်နေမင်းသည် ၂၀၁၃ ခုနှစ် ဇူလိုင် ၃ ရက်မှစတင်၍ နယ်စပ်တွင် မိုင်းထောင်နည်းသင်တန်းသို့ တက်ရောက်ခဲ့ကြောင်း၊ နိုဝင်ဘာ ၁၂ ရက်တွင် ဘိုဘိုထွန်းထံမှ အသင့်ဆင်ပြီး လက်လုပ်မိုင်းနှစ်လုံး၊ ယမ်းကပ်တစ်ထုပ်၊ ခဲရောင်ယမ်းသုံးခုတို့ကို ရရှိခဲ့ကြောင်း သိရသည်။

စစ်ဆေးဖော်ထုတ်ချက်အရ ၎င်းတို့အနေဖြင့် ဘာသာရေးအဆောက်အအုံများအား ပစ်မှတ်ထားတိုက်ခိုက်ရန် ရည်ရွယ်ဆောင်ရွက်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

ယခုဖြစ်စဉ်တွင် နောက်ကွယ်မှ ဆက်စပ်ပါဝင်သူများရှိသကဲ့သို့ မြေပေါ်အဖွဲ့အစည်းအချို့ ပါဝင်ပတ်သက်မှုများရှိနေကြောင်း ဖော်ထုတ်သိရှိရသဖြင့် ဆက်စပ်တရားခံများအား ဖော်ထုတ်ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**



(၁)သိန်းညွန့် (ခ) ဂျပန်ကြီး (၂) တင်မောင် (ခ) ခိုင်နေမင်းနှင့် ဖောက်ခွဲရေးပစ္စည်းများ။



ခိုင်နေမင်းအား PVC ပိုက်ဗုံးနှစ်လုံး ပေးခဲ့သည့် ဘိုဘို(ခ)ဘိုဘိုထွန်း။



ဆောင်းပါးနှင့်ပြည်တွင်းသတင်း

# (၂၇)ကြိမ်မြောက် ဆီးဂိမ်းဖွင့်ပွဲပိတ်ပွဲနှင့် မျိုးဆက်သစ်လူစွမ်းကောင်းများ

(၂၇)ကြိမ်မြောက် ဆီးဂိမ်းဖွင့်ပွဲအတွက် ပြင်ဆင်၊ လေ့ကျင့်မှုများ ဆုံးခန်းတိုင်ရောက်နေပြီ ဖြစ်ပါသည်။ ယဉ်ကျေးမှုဝန်ကြီးဌာနက တာဝန်ခံဆောင်ရွက်ခဲ့သည်မှာ အင်ဒိုနီးရှားဆီးဂိမ်းမတိုင်မီကတည်းက ဖြစ်ပါသည်။ အင်ဒိုနီးရှားနိုင်ငံ၊ ဆူမတြာကျွန်းကြီး၏မြို့တော် ပလန်ဘန်၌ သွားရောက်လေ့လာပြီးသည့်အခါ ဆီးဂိမ်းပြင်ဆင်မှုပိုင်းဆိုင်ရာ အသိအမြင်အတွေ့အကြုံများ အတော်ရရှိခဲ့ပါသည်။ အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ဦး ရေးသားသည့် ပလန်ဘန်လက်ဆောင်ဆိုသော လေ့လာမှု မှတ်တမ်းစာအုပ်တစ်အုပ်ထွက်လာပါသည်။ မိမိနိုင်ငံတွင် လုပ်ငန်းတာဝန်ခွဲဝေဆောင်ရွက်ရန် အခြေခံလမ်းညွှန်ကဲ့သို့ ဖြစ်လာပါသည်။

မိမိတို့တာဝန်ခံ ဆောင်ရွက်သည့်အခါ တင်ပြလိုသော ရည်ရွယ်ချက်များ၊ ဆောင်ရွက်စေလိုသော လမ်းညွှန်ချက်များအရ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ လေ့ကျင့်ခြင်းများ ပြုလုပ်ခဲ့ရပါသည်။ နိုင်ငံတော်မှ ငွေကြေးသုံးစွဲခြင်း၊ ပုဂ္ဂလိက စေတနာရှင်များထံမှ ကူညီပံ့ပိုးမှုရယူခြင်းများလည်း လုပ်ခဲ့ရပါသည်။ နိုင်ငံတကာ Show ပွဲကြီးဖြစ်၍ ပြည်ပမှ နည်းပညာထောက်ပံ့မှု အကူအညီလည်း ရယူခဲ့ပါသည်။ ယခုအခါ နောက်ဆုံးအဆင့် စံချိန်ယူ ဇာတ်တိုက်လေ့ကျင့်မှုများ ပြုလုပ်နေပြီဖြစ်ပါသည်။ ဝတ်စုံပြည့် ဇာတ်တိုက်လေ့ကျင့်မှုဖွင့်ပွဲအတွက် တစ်ခု၊ ပိတ်ပွဲအတွက် တစ်ခုသာ ကျန်ပါတော့သည်။ သို့သော် မတည်ငြိမ်သေးသော ကဏ္ဍလေးတစ်ခုလည်း ရှိပါသေးသည်။ ပြောလို့လည်း မကောင်း၊ မရှိတော့လည်း ဖြစ်သည်။ သို့သော် ပြည့်စုံမှုအတွက် လိုတော့လည်း လိုနေသေးသည်။ ထိုင်းတို့ လာအိုတို့မှာတော့ ဤကဏ္ဍကို ထည့်သွင်းခြင်း မပြုပါ။ အင်ဒိုနီးရှားမှာတော့ သူတို့လူကို ပွဲထုတ်သည်။ ကျွန်တော်တို့လည်း ကျွန်တော်တို့လူကို ပွဲထုတ်ချင်ပါသည်။

အခမ်းအနားကြီးတွင် ပါဝင်သည့် တင်ဆက်စွမ်းရည်ပြသမှု ကပွဲကြီးများအတွက် ကျောင်းသားလူငယ်လေးများ တော်တော်ကြိုးစားကြသည်။ သူတို့ကို နိုင်ငံတော်က တင်ဆက်သော နှစ်နှစ်တစ်ကြိမ်ကျင်းပသော ဆီးဂိမ်းကြီးအတွက် အိမ်ရှင်အဖြစ် လက်ခံကျင်းပစဉ် ပါဝင်ကပြ ဆောင်ရွက်ရတာ ဂုဏ်ယူဖွယ်ရာကောင်းသည်၊ ဂုဏ်မယူချင်ဘူးလားဟု မေးလျှင် "ဂုဏ်ယူချင်ပါတယ်"ဟု အသံစုံညီ မြင့်၍ဖြေကြသည်။ နိမိတ်ပြမေးခွန်းကိုတော့ ကောင်းကောင်းနားလည်ကြပါသည်။ သို့သော် ပင်ပန်းသလားမေးလျှင် ပင်ပန်းပါတယ်၊ မပင်ပန်းပါဘူးဟု အမှန်အတိုင်းပြောကြသည်။ အိမ်ပြန်ချင်လားမေးသည့်အခါ "အိမ်ပြန်ချင်ပါတယ်"ဟု ပြောသည်။ စာဖတ် သူတို့ စာနာနိုင်ပါ့မလား။ ကျွန်တော်တို့ကတော့ ချစ်စရာကောင်းသော ကျောင်းသား ကျောင်းသူကလေးငယ်များအတွက် ခံစားမှုတစ်ခုခုဖြစ်သည်။ ကျွန်တော်တို့သည် သူတို့အတွက်ဘာလုပ်ပေးနိုင်ပါသလဲ။ စိတ်မကောင်းပါ။

အခြေအနေအရ တပ်မတော် စစ်ကြောရေး စခန်းကျယ်ကြီးတွင် စနစ်တကျ နေထိုင်ကြရပြီး စနစ်တကျစားရပါသည်။ ထမင်းစားရတာလည်း မလွှဲမရှောင်သာ ကြက်သား နေ့စဉ်လို စားရတာမှအပ ပြဿနာမရှိကြတာ ကျွန်တော်တို့ ကောင်းကောင်းသိပါသည်။ နိုင်ငံတော်က တစ်နေ့ ၃၀၀ ကျပ် ကျွန်တော်တို့ တောင်းပေးပါသည်။ ကလေးများအတွက် မုန့်ဖိုးချီးမြှင့်ငွေ ပုဂ္ဂလိကစေတနာရှင်ထံမှရသည့်အခါ သူတို့ကိုတူညီစွာပဲ ခွဲဝေပေးပါသည်။ သူတို့ကတော့ ပျော်ရွှင်စွာပဲ ကခုန်ကြပါသည်။

သူတို့ကို အကနည်းပြများက သင်ပေးသည်။ ကြင်နာစွာ ဆက်ဆံသည်။ သူတို့လိမ္မာချစ်ခင်စွာ လိုက်နာကြပါသည်။ အဝေးကကြည့်တော့ အရွယ်ရောက်ပြီးသားဟု သိမြင်ထင်ရသော်လည်း အနီးကပ်တွေ့လျှင် ခုနစ်တန်း၊ ရှစ်တန်းသာရှိသော အခြေခံကျောင်းသူကလေးများ များကြသည်။ မန္တလေး၊ စစ်ကိုင်း၊ ကျောက်ဆည်၊ မိတ္ထီလာနှင့် ယဉ်ကျေးမှုတက္ကသိုလ်က ကျောင်းသူများလည်းပါသည်။ မန္တလေး UFL ကတောင် ပါသေးသည်။ သဘင်အစည်းအရုံးပါသည်။ ကျောက်ဆည်ယဉ်ကျေးမှု ဆင်အဖွဲ့ပါသည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ပါသည်။ တပ်မတော်မိသားစုပါသည်။ နေပြည်တော်မှ ကျောင်းသူကလေးများမှာ ခုနစ်တန်း၊ ရှစ်တန်းဖြစ်ကြပါသည်။ ငါးပေပင် မပြည့်ကြသေးပါ။ အသားညိုညိုလေးနှင့်၊ မျက်လုံးတောက်တောက်လေးနှင့် ဆံပင်လည်ပင်းဖုံးကလေးတွေနဲ့ ပြုံးနေတတ်ကြပြီး သူတို့ကို တွေ့ဆုံအားပေးလျှင် မတ်တတ်ရပ်ပြီး မင်္ဂလာပါဟု နှုတ်ဆက်သည်။ မည်မျှပင်ပန်းနေသော်လည်း ယဉ်ကျေးသော ရိုသေမှု ရိုးရာမပျောက်သွားပါ။ သီချင်းတစ်ပုဒ် ခြောက်မိနစ်မှ ၁၀ မိနစ်စာအတွက် သူတို့သရုပ်ဆောင်ကပြရမှုသည် **နိုင်ငံ၏လူငယ်စွမ်းရည်ဖြစ်ရာ** သူတို့ တော်တော်လေ့ကျင့်ကြိုးစားကြပါသည်။ သူတို့ကို လေ့ကျင့်ပေးရာတွင် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းအုံက စည်းကမ်းနှင့် အမိန့်နာခံမှုတို့ကို အခြေခံစံထားပြီးလေ့ကျင့်သည်။ နံနက် ၄ နာရီတွင် ပရိတ်တော်အသံအားကောင်းကောင်းဖွင့်ပြီး နှိုးစက်ပေးသည်။ ၆ နာရီတွင် နံနက်စာ စားအပြီး ကွင်းသို့ရောက်ရသည်။ နိုင်ငံတော်သီချင်းဆိုရသည်။ လေ့ကျင့်ရေးသီချင်းဆိုရသည်။ သွေးပူလှုပ်ရှားရသည်။ ပြီးတော့ အစီအစဉ်အရ လေ့ကျင့်ရသည်။ လေ့ကျင့်မှုရပ်နားချိန် မဏ္ဍပ်ကျယ်ကြီး သီးသန့်မရှိပါ။ တပ်မတော်မှ ပေးထားသော ယာဉ်အကြီး ၂၀၀ ရပ်ထားရာ ၄င်းယာဉ်ကြီးအနီး အရိပ်ခိုကြသည်။ အချို့လည်း သင့်ရာမှာ နားကြသည်။ မဏ္ဍပ်ရှိလည်း အဲဒီကိုမသွားပါ။ မထိုင်ပါ။ ချပေးထားသော ရေသန့် ငါးလီတာပုံးများအနီး ရေသောက်ပြီး ထိုင်ကြသည်။

**ယဉ်ကျေးမှုဝန်ကြီးဌာန တင်ပြသည်**

သူတို့ခေတ္တအနားယူချိန် မည်မျှပင်လျော့လဲနေစေကာမူ သူတို့၏ ဆရာများ၊ လေ့ကျင့်ရေးမှူးများ၏ လှံ့ဆော်သံကြားလျှင် တက်ကြွလာသည်။ လေ့ကျင့်ရန် အဆင်သင့်ဖြစ်ပြီး Audio ဟုတိုင်ပေးလျှင် "ဂိုး"ဟုအော်ပြီး တီးလုံးသံနှင့်အတူ ကွင်းအတွင်းသို့ ဝင်တော့သည်။ စုပေါင်းအက၊ ဇာတ်လမ်းအက၊ ဇာတ်လမ်းနှင့်အနုပညာအကဟု အခြေခံအားဖြင့် ခွဲခြားထားသော ကဏ္ဍများအတိုင်း သူတို့တက်ကြွစွာ ကကြပါသည်။

ကျွန်တော်တို့ဌာန လူကြီးများလာ၍အားပေးလျှင် ရိုသေစွာနားထောင်

> **သူတို့တကယ် တာဝန်ကျေနေကြပါပြီ။ သူတို့အတွက်မှု ရေအလုံအလောက်နှင့် ထမင်းသာ ပါပါသည်။ သူတို့ဘာမျှ မတောင်းဆိုပါ။ ဘာမှလည်းမတွေးပါ။ သူတို့သည် ကျွန်တော်တို့ နိုင်ငံ၏ လူငယ်စွမ်းရည်ကို ကိုယ်စားပြုပြသသော ကလေးငယ်များသာ ဖြစ်ပါသည်။**

သည်။ ဆုံးမပြောကြားလျှင် မေးလျှင်ဖြေသည်။ သားတို့သမီးတို့ ကတာ အလွန်ကောင်းပါတယ်ဟုပြောလျှင် သူတို့"ဟေး" ဟုအော်ပြီး လက်ခုပ်တီးကြသည်။ သူတို့လေ့ကျင့်ရေးမှူးချုပ် အဘဦးထွန်းအုံနှင့်ဆိုလျှင်တော့ "အိုကေ" ဟု ဆိုလိုက်သည်နှင့် အားရပါးရလန်းဆန်းကြသည်။ လိုက်နာကြသည်။ တန်းဖြုတ်တော့မည်ဆိုလျှင်လည်း ပျော်ကြသည်။ လေ့ကျင့်ခန်းဆိုတာ စသည်နှင့် တန်းဖြုတ်ဖို့ပဲ မျှော်လင့်နေသည်ဆိုတာ ကျွန်တော်တို့ငယ်စဉ်ကကဲ့သို့ သူတို့လည်း သိကြသည်။

သူတို့ကို လေ့ကျင့်ရေးဝတ်စုံပေးထားပါသည်။ တစ်ခါတစ်ရံ အသင်းအဖွဲ့က၊ ကုမ္ပဏီက၊ စက်ရုံကပေးတာရှိလျှင် ထပ်ပေးသည်။ အများဆုံးကုန်သည်မှာ ကင်းဘတ်ဖိနပ်ဖြစ်သည်။ ရွာတော်လေ့ကျင့်ရေးကွင်းက ကြမ်းသည်။ ဖိနပ်စားသည်။ ရေစိမ့်မြောင်းရှိ၍ ရေကြောင်းနှစ်ခုလည်း အမြဲတမ်းရှိနေရာ တစ်ခါတစ်ရံ မလွတ်လပ်။ လေ့ကျင့်ရေးကွင်းကျယ်ကြီးတွင် အကအဖွဲ့ကိုးဖွဲ့လုံး တစ်ပြိုင်နက်ကျင့်ရန် နေရာရှိသည်။ ကွင်း(၁)ဆိုသော ပင်မကွင်းကို အားကစားရုံအကျယ်အဝန်းအတိုင်း ပုံစံချထားသည်။ ထွက်ပေါက် (၄)ပေါက်လုပ်ပေးထားပြီး ဝဏ္ဏသိဒ္ဓိအားကစားရုံ ဂိတ်ပေါက်အရှည်အတိုင်း Truck ယာဉ် ၁၂ စီးကို လမ်းကြောင်းပေးရပ်ထားသော်လည်း သူတို့က စည်းကမ်းအတိုင်း မထွက်ချင်ပါ။ လမ်းဘေး ဖြတ်ထွက်ကြသည်။ ထို့ကြောင့်လားမသိ။ ကွင်းကြီးတွင် လေ့ကျင့်ပြသသည့်အခါ အထွက်၌ မူးသူတစ်ယောက်နှစ်ယောက်တော့ အသက်ရှူမဝဖြစ်သည်။ ကာဗွန်ဒိုင်အောက်ဆိုဒ် ဓာတ်လွှမ်းတာ ဖြစ်မည်။ တချို့လည်း အချိုဓာတ်နည်းသွားတာဖြစ်မည်။ လူများလွန်းတော့လည်း တစ်ယောက်ယောက် အားနည်းသူတော့ ရှိမြဲပါပင်။ ကြက်ခြေနီနှင့် ကျန်းမာရေးတပ်ဖွဲ့ ကူရသည်သာဖြစ်ပါသည်။ ချိုချဉ်ထုပ်တော့ ပေးထားရဦးမည်။

ကျင့်သားရလာတော့ သူတို့ လူလည်ကျလာသည်။ ကွင်းမကောင်းလျှင် အလွတ်ရနေသော ကနေကျကွင်းဖြစ်လျှင် သိပ်အားမထည့်တော့။ ရန်ကုန်တိုင်းကလာသော အေရိုးဗစ်နှင့် အနုပညာတက္ကသိုလ်များကလာသော ပုဂံအကတို့တွင် ပိုသိသာသည်။ မသိတာကတော့ လူ ၂၀၀၀ ပါဝင်ကပြသော "ရွှေနိုင်ငံက ကြိုနေမယ်" အစီအစဉ်နှင့် "သွေးချင်းတို့ဌာနေ မြန်မာပြည်" အစီအစဉ်နှစ်ခုဖြစ်သည်။ လူများလွန်းတော့လည်း ဘယ်သူ Free ရိုက်မှေးလိုက်နေသည်ဆိုတာ မပေါ်လွင်၊ သို့သော် စစ်ဆေးသူ လူကြီးလာလျှင် လေ့ကျင့်ရေးပတ် သင်တန်းဆင်းပွဲလုပ်လျှင် ဝဏ္ဏသိဒ္ဓိနှင့်ဇေယျာသီရိသို့ ပြောင်းလျှင် သူတို့အကများသည် မိုးပျံနေအောင် ကောင်းတော့သည်။ ကျွန်တော်တို့ကလေးများ၏စွမ်းအင်ကို ကျွန်တော်တို့မချီးကျူးဘဲမနေနိုင်တော့။ ညီလည်းညီသည်။ ကကြိုးကကွက်များလည်း ပုံစံပေါ်သည်။ ကကွက်အစီအစဉ်ပြီးသွားမှာပင် နှမြောစိုးရိမ်ရလောက်အောင်ကောင်းသည်။ ရန်ကုန်တိုင်းက အေရိုးဗစ်ကသူလေးများ၏ နောက်ခြေအမြောက်သည်လည်း တင်ပါးရောက်အောင် တိမှန်အချိန်ကိုက်ပြန်ကျသည်မှာ ကြည့်ရသူတို့ အလွန်စိတ်အားကျဖွယ်ရာကောင်းသည်။ သူတို့ခေတ်မှာ သည်ပါဝါလေ့ကျင့်ခန်းမျိုးနဲ့ကစားရတာ ကံကောင်းတာပဲလို့ ထင်မိသည်။

ယခုသီတင်းပတ်အတွင်း တကယ့်တိုက်ပွဲဝင် စစ်မြေပြင်ဖြစ်လာမည့် ဝဏ္ဏသိဒ္ဓိကွင်းကြီးတွင် နေရာမှတ် (Marking)ယူ၊ စံချိန်ယူ လေ့ကျင့်ကြသည့်အခါ ကကွင်းကလည်း အထပ်သားခုံပေါ်တွင် နိုင်လွန်အရိပ်ချအခင်းအိအိခင်းထားသည့်အခါ၊ ကွင်းကြီးကလည်း ကြွားဝါစွာလှပခံ့ညားနေသည့်အခါ မီးအလင်းဆလိုက်ကြီးများ ၁၀၀၀ ကျော်ကိုမြင်နေရသည့်အခါ၊ ကြားရသည့်သီချင်းကလည်း အဆင့်မြင့်အသံစနစ် ပေါင်းစပ်သည်ကို ကြားရသည့်အခါ၊ သူတို့သည် အခမ်းအနားဝင် ဝတ်စုံမဟုတ်ဘဲ လေ့ကျင့်ရေး တူညီဝတ်စုံများနှင့်သာ ကိုယ့်အရောင်အလိုက် လည်စည်းလေးတွေ လည်မှာစည်းပြီး ကနေရသည့်တိုင်၊ နိုင်ငံတကာမှ ဧည့်သည်တော်ကြီးများနှင့် မိမိတို့၏မိဘအကြီးအကဲများနှင့် ပရိသတ်ကြီးနှစ်သောင်းကျော်မရှိသည့်တိုင်၊ မိမိတို့အကကို မိမိတို့ပြန်လည်ကြည့်ရှုခွင့် ခံစားပျော်ရွှင်ရင်ခုန်ခွင့် မရသည့်တိုင် သူတို့အလွန်ကောင်းအောင် ကနိုင်ကြပါသည်။ တက်ကြွလန်းဆန်းနေသည်ကို အဝေးကပင် ခန့်မှန်းနိုင်ပါသည်။ ငါတို့အကောင်းဆုံးဖြစ်အောင်၊ သူများနိုင်ငံထက်သာအောင် ကမယ်ဆိုတာ မျိုးရှိမည်မထင်ပါ။ မီးနှင့်အသံနှင့် ဇာတ်ရုံနှင့် ပတ်ဝန်းကျင်နှင့် ပြည့်စုံသွားသည့်အခါ ကိုယ့်စွမ်းရည်ကိုယ် ယုံကြည်ပြီး ကိုယ့်ကကွက်ကိုယ် ကသွားခြင်းသာ ဖြစ်ပါလိမ့်မည်။ လက်ခုပ်လက်ဝါးတီးပြီး "သိပ်ကောင်းတယ်ဟေ့"ဟု အော်ဟစ်အားပေးမိသည်အထိ ဖြစ်ပါသည်။ သူတို့တကယ် တာဝန်ကျေနေကြပါပြီ။ သူတို့အတွက်မှု ရေအလုံအလောက်နှင့် ထမင်းသာ ပါပါသည်။ သူတို့ဘာမျှ မတောင်းဆိုပါ။ ဘာမှလည်း မတွေးပါ။ သူတို့သည် ကျွန်တော်တို့နိုင်ငံ၏ လူငယ်စွမ်းရည်ကို ကိုယ်စားပြုပြသသော ကလေးငယ်များသာဖြစ်ပါသည်။

ကျန်ပါသေးသည်။ Count down ခေါ် စက္ကန့်ချိန်မှတ်အစီအစဉ်ကို အခြားနိုင်ငံဖွင့်ပွဲများနည်းတူ ထည့်ထားပါသည်။ နေပြည်တော်က အလယ်တန်းနှင့် အထက်တန်းကျောင်းသား ၁၅၀၀နှင့် သရုပ်ဖော်ပါသည်။ ကျောင်းသားလေးတွေဆိုတော့ သိတဲ့အတိုင်း အစတွင်စည်းကမ်းမရှိချင်၊ စကားနားမထောင်ချင်၊ သင်တန်းဆင်းပွဲအခမ်းအနား လူကြီးစကား၊ အမှာစကား၊ ချီးကျူးစကား သုံးမိနစ်ပဲပြောတာတောင် နားမထောင်ချင်သူများ ဖြစ်ကြသည်။ မတ်တတ်ရပ်နေချိန် သူတို့က နောက်တွင် ထိုင်ဆော့နေသည်။ လေ့ကျင့်သည့်အခါ လွယ်လွယ်နှင့်တတ်သည်။ သေချာမလုပ်၊ သရုပ်ပြရေဘူးများကို ဟိုတစ်စဒီတစ်စ ပစ်ထားသည်။ ချိုးလိမ်ပစ်သည်။ ထို့ကြောင့် နည်းလမ်းပြောင်းရသည်။ မန္တလေးတွင် ၄င်းအစီအစဉ်အတိုင်း မိန်းကလေး ကျောင်းသူ ၁၂၀၀ ကို လေ့ကျင့်လိုက်သည်။ သူတို့ကို အသိပေးသည်။ "မင်းတို့ကောင်းကောင်းမကြိုးစားလျှင် စည်းကမ်းမရှိရင် မင်းတို့ဆရာမ ပါမောက္ခ(သဘင်) ဒေါ်......ကို ဖြုတ်ပစ်မယ်။ ဖြုတ်စေချင်လား မေးသောအခါ "မဖြုတ်စေချင်ဘူး"ဟုဖြေသည်။ "၄င်းတို့နည်းပြချုပ်ကို ဖြုတ်ပစ်မည်၊ ဖြစ်စေချင်လားမေးသောအခါ မဖြစ်စေချင်ဘူး" ဟုဖြေသည်။ ဝန်ကြီးလည်းပြုတ်မည်၊ နိုင်ငံတော်လည်း သိက္ခာကျမယ်၊ နိုင်ငံတော်သိက္ခာကျစေချင်လားမေးသောအခါ "မကျစေချင်ဘူး"ဟု ဖြေသည်။ သူတို့ဆရာမကို ချစ်သည်။ နိုင်ငံတော်ကို ချစ်ကြသည်။ သူတို့ ပုံစံပြောင်းသွားသည်။ ယခုအခါ ကပွဲအစီအစဉ်များ၏အစ သုံးမိနစ်ခန့်စာ အစီအစဉ်အတွက် မှောင်မည်းမည်းထဲတွင် စိတ်ဝင်စားဖွယ်ဖြစ်အောင် အချိန်ကိုက် သူတို့ဆောင်ရွက်နိုင်ကြပြီဖြစ်သည်။ ပါမောက္ခဆရာမလည်း ပြုံးနိုင်သွားပြီဖြစ်သည်။

*စာမျက်နှာ ၁၁ သို့*

## လူမှုစီးပွားရေး သင်တန်းပို့ချ

**ဗန်ကောက် နိုဝင်ဘာ ၁၉**

ထိုင်းတောင်ပိုင်းအခြေစိုက် ပညာရေးဖွံ့ဖြိုးရေး ဖောင်ဒေးရှင်း FED မှ ထိုင်းရှေ့နေများနှင့် သင်တန်းဆရာများက ဗန်ကောက်မြို့အခြေစိုက် ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့ MATနှင့် မြန်မာအလုပ်သမားအချို့တို့အား ဗန်ကောက်မြို့ ဖလန်ဆောင်ရပ်ကွက် ဆွယ်ကောက်ထပ်နိန်ရှိ အဲနဟိုတယ်၌ နိုဝင်ဘာ ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် နံနက် ၈ နာရီမှ ည ၈ နာရီ အထိ နှစ်ရက်တာသင်တန်း လာရောက်ပို့ချခဲ့ကြောင်း သင်တန်းတက်ရောက်ကြသူများ၏ ဆက်သွယ်ပြောကြားချက်အရ သိရသည်။

သင်တန်းသို့ FED မှ ရှေ့နေများနှင့် ကျွမ်းကျင်သည့် သင်တန်းနည်းပြများ လာရောက်ပို့ချခဲ့ခြင်းဖြစ်ကြောင်း သိရပြီး သင်တန်းမှပို့ချသည့် လူ့အခွင့်အရေးနှင့်အလုပ်သမား အခွင့်အရေးတို့မှာ အသွင်ကူးပြောင်းခါစ မြန်မာနိုင်ငံအတွက် တစ်ထောင့်တစ်နေရာမှ လက်တွေ့အသုံးဝင်နိုင်ကြောင်း သင်တန်းသား အလုပ်သမားများက ပြောဆိုခဲ့ကြပြီး သင်တန်းသို့ သင်တန်းသား၂၀ ကျော် တက်ရောက် သင်ကြားခဲ့ကြောင်းလည်းသိရသည်။ **(အပေါ်ပုံ)**

**စိုးဝင်း**(SP)



## စိန်ဂျေရိုဇာ သီလရှင်ကျောင်းသို့ အလှူငွေပေးအပ်

**နေပြည်တော် နိုဝင်ဘာ ၁၉**

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦးသည် နိုဝင်ဘာ ၁၁ ရက် နံနက် ၉ နာရီခွဲတွင် လွိုင်ကော်မြို့ရှိ စိန်ဂျေရိုဇာသီလရှင်ကျောင်းသို့ သွားရောက်၍ အလှူငွေကျပ် ငါးသိန်းပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

အမြို့မြို့အနယ်နယ် ပျံ့သည့်သတင်းစာ မြန်မာ့အလင်းတွင် ကြော်ငြာပါ

ပြည်တွင်းသတင်း

# ပြည်ထောင်စုလွှတ်တော်နာယက ဂန့်ဂေါမြို့နှင့် မင်းတပ်မြို့သို့ရောက်ရှိ ဒေသခံတိုင်းရင်းသားပြည်သူများနှင့်တွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၁၉**

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် မကွေးတိုင်းဒေသကြီး ဂန့်ဂေါ ဒေသခံပြည်သူများ တွေ့ဆုံပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီတွင် ဂန့်ဂေါမြို့ အမှတ်(၄) ရပ် ကျောတိုက်ရှိ မြစ်သာခန်းမ၌ ကျင်းပသည်။ တွေ့ဆုံပွဲတွင် ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် တောင်သူလယ်သမားများ ဖြစ်ကြသဖြင့် တောင်သူလယ်သမားများအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို လွှတ်တော်က ပြဋ္ဌာန်းပေးပြီးဖြစ်ပါကြောင်း၊ ဆက်လက်၍ နည်းဥပဒေ အမိန့်ကြော်ငြာစာများ ထုတ်ပြန်သွားစေမည် ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ တရားဥပဒေစိုးမိုးရေး၊ ငြိမ်းချမ်းရေးတို့ကို အဓိကထားဆောင်ရွက်လျက်ရှိရာ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရန်နှင့် အမျိုးသားပြန်လည်သင့်မြတ်ရန်အတွက် လွှတ်တော်က တိုင်းရင်းသားအခွင့်အရေးကာကွယ်ရေးဥပဒေကို ပြဋ္ဌာန်းနိုင်ရန် ရေးဆွဲလျက်ရှိပါကြောင်း၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေရှိခဲ့၍ မြန်မာနိုင်ငံတွင် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို ညင်သာစွာ ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ကမ္ဘာပေါ်တွင် ပြည်သူများ၏အခွင့်အာဏာများကို ပြည်သူ့အစိုးရလက်တွင်းသို့ ညင်သာစွာ လွှဲပြောင်းပေးနိုင်ခဲ့သော တစ်ခုတည်းသောအစိုးရဖြစ်ပါကြောင်း၊ ယနေ့ကမ္ဘာ့နိုင်ငံအချို့တွင် အာဏာနှင့်ပတ်သက်၍ ပြည်သူများကတစ်ဖက်၊ အာဏာဆုပ်ကိုင်သူများကတစ်ဖက်၊ ပဋိပက္ခများဖြစ်ပွားနေကြသည်ကို တွေ့မြင်ရမှာဖြစ်ကြောင်း၊ နိုင်ငံတည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့ကို မထိခိုက်စေခြင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ တရားဥပဒေစိုးမိုးရေး၊ ငြိမ်းချမ်းရေးတို့ကို မထိခိုက်စေခြင်း၊ ဒီမိုကရေစီပြုပြင်ပြောင်းလဲခြင်း အရှိန်အဟုန်ကိုမထိခိုက်စေခြင်း စသည်တို့ကိုဦးတည်၍ ဖွဲ့စည်းပုံအခြေခံလေ့လာသုံးသပ်ပြင်ဆင်နိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြောင်းလဲသင့်သည်ကို မပြောင်းလဲဘဲ မျက်စိမှိတ်ဆောင်ရွက်မည်ဆိုလျှင် ဒီမိုကရေစီစံနှုန်းများကို အလျင်စလို အလောတကြီး ဆောင်ရွက်မည်ဆိုလျှင် ဦးတည်ချက်များကို ထိခိုက်နိုင်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များနှင့်ပြည်ထောင်စုလွှတ်တော်တွင် အဓိကတာဝန်ရှိပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် တာဝန်ကိုရဲရဲတင်းတင်းယူပြီး ပြည်သူဗဟိုပြုစနစ်နှင့် လျော်ညီစွာ ပွင့်လင်းမြင်သာရန်လိုအပ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ပတ်သက်၍ ပြည်သူများထံမှ အကြံဉာဏ်များတောင်းခံလျက်ရှိပါကြောင်း၊ ပါတီများ၊ ပြည်သူများ၊ ပညာရှင်များနှင့်အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်အသီးသီးတို့မှ ဖွဲ့စည်းပုံအခြေခံဥပဒေကိုစိတ်ဝင်စားပြီး ပြောင်းလဲ ပြင်ဆင်သင့်သည်ဟုယူဆပါက လွှတ်တော်ပူးပေါင်းကော်မတီသို့ တင်ပြနိုင်ပါကြောင်း၊ လွှတ်တော်အသီးသီးသည် ပြည်သူ့အကျိုး၊ နိုင်ငံ့အကျိုးဖြစ်ထွန်းရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိနေပါကြောင်း။

လွှတ်တော်များ၏ အဓိကတာဝန်ဖြစ်သည့် ဥပဒေပြုရေးတာဝန်ကိုဆောင်ရွက်ရာတွင် ပြည်သူ့အကျိုးကို အဓိကထား ဆောင်ရွက်လျက်ရှိပြီး လွှတ်တော်များက ပြဋ္ဌာန်းလိုက်သည့်ဥပဒေများသည် ပြည်သူ့အကျိုးစီးပွားကို ဖြစ်ထွန်းစေမည့် ဥပဒေများဖြစ်ရန် ရည်မှန်းချက်ထား ပြဋ္ဌာန်းဆောင်ရွက်လျက်ရှိပါကြောင်း၊ လွှတ်တော်ရပ်နားချိန်များတွင် ပြည်သူများနှင့် တိုက်ရိုက်ထိတွေ့ဆွေးနွေးခြင်းဖြင့် ပိုမိုကောင်းမွန်သည့် ရလဒ်ကောင်းကျိုးများ ရရှိခဲ့ပါကြောင်း၊ ပြည်သူများနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံဆွေးနွေးခြင်းဖြင့် ပြည်သူ့အသံ၊ ပြည်သူ့ဆန္ဒ၊ ပြည်သူတို့၏လိုအပ်ချက်များကို တိကျစွာသိရှိနိုင်ရန်အတွက် လာရောက်ခြင်းဖြစ်ပြီး ပွင့်ပွင့်လင်းလင်း ဆွေးနွေးတင်ပြပေးစေလိုကြောင်း ပြောကြားသည်။



ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေး

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း မင်းတပ်မြို့ရှိ ဒေသခံတိုင်းရင်းသားများနှင့်တွေ့ဆုံပွဲတွင် တက်ရောက်လာကြသော ဒေသခံများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးစဉ်။ (သတင်းစဉ်)

ထို့နောက် ဂန့်ဂေါခရိုင်အုပ်ချုပ်ရေးမှူးက ဒေသဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြပြီး မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ၊ စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များ၊ မြို့မိမြို့ဖများက မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသလိုအပ်ချက်များကို ဆွေးနွေးတင်ပြသည်။

ယင်းနောက် တင်ပြဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ဝန်ထမ်းများသည် ဝန်ထမ်းစည်းမျဉ်းစည်းကမ်းကို လိုက်နာကြရမည်ဖြစ်ပြီး ပြည်သူများ၏ဝန်ကိုထမ်းရသည့် ပြည်သူ့ဝန်ထမ်းများဖြစ်သည့်အတွက် ပြည်သူတို့၏အကျိုးစီးပွားကိုဖော်ဆောင်ကြရမည်။ မိမိတို့နှင့်သက်ဆိုင်သည့်ဌာနများကို တာဝန်ခံရမည်၊ ပြည်သူများနှင့် ဆက်ဆံရာတွင်လည်း မျှမျှတတ မှန်မှန်ကန်ကန် ယဉ်ယဉ်ကျေးကျေးဆက်ဆံရန် လိုအပ်ပါကြောင်း။

မည်သည့်ပါတီကိုမဆို မိမိတို့နှင့် လုပ်ဖော်ကိုင်ဖက်များသဖွယ် ပူးပေါင်းဆောင်ရွက်ကြရမည်၊ အတိတ်က မကောင်းသည့်သင်ခန်းစာများကို ယခုပစ္စုပ္ပန်သို့ မယူဆောင်ဘဲ ဆက်လက်အကောင်အထည်ဖော် ဆောင်ကြရမည်ဖြစ်ပြီး လွှတ်တော်တွင် ပါတီစွဲ၊ ဝါဒစွဲ၊ လူမျိုးစွဲ၊ ဒေသစွဲ၊ ကိုးကွယ်သည့် ဘာသာစွဲမထားဘဲ နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေက ပေးထားသည့်အခွင့်အရေးများကို ရယူသူများကလည်း ဥပဒေနှင့်အညီ မှန်မှန်ကန်ကန်ရယူနိုင်ကြောင်း၊ ပေးရမည့်သူများကလည်း ပေးရမည်ဖြစ်ပြီး တိတိကျကျ တိုင်တန်းပြောဆိုပါက အရေးယူသွားမည်ဖြစ်ကြောင်း၊ ဥပဒေသည် တစ်ခါပြဋ္ဌာန်းရုံဖြင့် ကောင်းသည်၊ အမြဲတမ်းအတည်ဖြစ်သည်ဟု မယူဆဘဲ လေ့လာသုံးသပ်ပြီး နိုင်ငံနှင့် နိုင်ငံသားများအကျိုးစီးပွားအတွက် ပြောင်းလဲစရာရှိက ပြင်ဆင်ပြောင်းလဲရမည်ဖြစ်ကြောင်း၊ မည်သည့်ကိစ္စကိုမဆို တရားသေဆုပ်ကိုင်မထားဘဲအခြေအနေနှင့် အချိန်အခါကိုမူတည်၍ စဉ်းစားသုံးသပ်ဆုံးဖြတ်လုပ်ကိုင်သွားရမည်ဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ်ကျင့်သုံးရာတွင် အများစု၏ဆုံးဖြတ်ချက်များကို အားလုံးက လိုက်နာကာ အနည်းစု၏ဆန္ဒကိုလည်း အများစုကလေးစားရမည်ဖြစ်ပြီး ဒီမိုကရေစီအနှစ်သာရကို မှန်ကန်စွာသုံးရန်လိုအပ်ပါကြောင်း၊ ပြည်သူများက မိမိတို့ဆန္ဒသဘောထားများ လိုအပ်ချက်များနှင့်ပတ်သက်၍ ပွင့်ပွင့်လင်းလင်း အရှိကို အရှိအတိုင်း၊ အမှန်ကိုအမှန်အတိုင်း တင်ပြရဲရန်လိုအပ်ပြီး တစ်ဖက်ကလည်း နားထောင်ဖြည့်ဆည်းပေးရန်လိုအပ်ကြောင်း၊ မိမိတို့ရောက်ရှိသည့်အချိန်တွင် ယုံယုံကြည်ကြည်အားကိုးတကြီး လေးလေးစားစား တင်ပြခဲ့သည့်အတွက် တစ်နိုင်ငံလုံးရှိ ပြည်သူများကိုယ်စား ဝမ်းသာဂုဏ်ယူပါကြောင်း၊ ပြည်သူများ၏လိုအပ်ချက်ဆန္ဒများကို မှန်မှန်ကန်ကန် စနစ်တကျ ဥပဒေနှင့်အညီ ချက်ချင်း ဆောင်ရွက်ပေးနိုင်သည့်ကိစ္စရပ်များကို ချက်ချင်းဆောင်ရွက်၊ အချိန်ယူဆောင်ရွက်ရမည့်ကိစ္စရပ်များကို အချိန်ယူဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

ဘက်လိုက်မှု၊ မမျှတမှု၊ ခွဲခြားမှုများရှိနေပါက အချင်းချင်းစည်းလုံးညီညွတ်မှုပျက်ပြားနိုင်သဖြင့် မြို့နယ်ကော်မတီများအနေဖြင့် ပြည်သူနှင့်အထိတွေ့ဆုံးဖြစ်သည့်အတွက် ပြည်သူ့အကျိုးဆောင်ရွက်ပေးရာတွင် စေတနာထားဆောင်ရွက်ရန်တိုက်တွန်းပါကြောင်း၊ အောက်ခြေပြည်သူတို့၏အကျိုးစီးပွားကို ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရန် ခပြည်ထောင်စုလွှတ်တော်တွင် နိုင်ငံတော်၏ဘဏ္ဍာငွေခွဲဝေရေးကို ကြိုးစားဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ပြည်သူ့ကိုယ်စားလှယ်များသည် စနစ်တကျမှုတစ်စွာဖြင့် မြို့နယ်ကော်မတီဝင်များနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသွားကြရမည်ဖြစ်ကြောင်း၊ ပြည်သူများအတွင်းမှ မှန်ကန်သည့်အသံ လိုအပ်ချက်ဆန္ဒအမှန်များကိုသိရှိပြီး ပြည်သူ့အကျိုးစီးပွားဆောင်ရွက်နိုင်ရေး၊ ပြည်သူအားလုံးက ပါဝင်ပူးပေါင်းဆောင်ရွက်ကြရန် ဖိတ်ခေါ်ပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ မင်းတပ်မြို့ရှိ ဒေသခံတိုင်းရင်းသားများနှင့်တွေ့ဆုံပွဲအခမ်းအနားကို မွန်းလွဲ ၁ နာရီခွဲတွင် မင်းတပ်မြို့ စံပြရပ်ကွက်ရှိ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ကျင်းပရာ မင်းတပ်မြို့နယ်၊ ကန်ပက်လက်မြို့နယ်၊ မတူပီမြို့နယ်တို့မှ စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌများ၊ မြို့မိမြို့ဖများ၊ ဒေသခံတိုင်းရင်းသားများ တက်ရောက်သည်။

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော်နာယက က ချင်းတိုင်းရင်းသားများ၏အသံများကို နားထောင်ပြီး ချင်းပြည်နယ်ဖွံ့ဖြိုးတိုးတက်ရန် လာရောက်ခြင်းဖြစ်ကြောင်း၊ မိမိတို့ဆန္ဒများ၊ လိုအပ်ချက်များကို တင်ပြစေလိုကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့ လုပ်ဆောင်ပေးနိုင်ခြင်းမရှိသည်များကို ပြည်ထောင်စုလွှတ်တော်နှင့် ပြည်ထောင်စုအစိုးရက ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မင်းတပ်ခရိုင်အုပ်ချုပ်ရေးမှူးက ဒေသဆိုင်ရာအချက်အလက်များရှင်းလင်းတင်ပြပြီး တက်ရောက်လာသူများမှ မြို့နယ်များ၏ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များကိုဆွေးနွေးတင်ပြရာ တင်ပြချက်များနှင့်စပ်လျဉ်း၍ ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်းနှင့် သက်ဆိုင်ရာဌာနတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းတင်ပြပြီးနောက် တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများစိစစ်ဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ သူရဦးအောင်ကိုက ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က ခေတ်အဆက်ဆက် ချင်းပြည်နယ်ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ခဲ့ကြသည်များကို တွေ့မြင်ခဲ့ကြရမည်ဖြစ်ကြောင်း၊ မအောင်မြင်ခဲ့သည်များကို လက်မလျှော့ဘဲ ပိုမိုဖွံ့ဖြိုးတိုးတက်ရန်အတွက် သဘာဝကျပြီး လက်တွေ့ဆန်သည့်အစီအမံများဖြင့် လုပ်ဆောင်ကြရန်လိုအပ်ပါကြောင်း၊ မိမိတို့ဒေသ၏သယံဇာတများကို မှန်ကန်စွာဖော်ထုတ်အသုံးချခြင်းဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဟန်ချက်ညီညီ တိုးတက်ရေးအတွက် လုပ်ငန်းအလိုက်ကျွမ်းကျင်သောပညာရှင်များ စနစ်တကျ ကွင်းဆင်းဆောင်ရွက်ပြီး ဒေသတစ်ခုလုံးလွှမ်းခြုံနိုင်ရန် လိုအပ်ပါကြောင်း၊ မိမိတို့ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရန် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်အစိုးရနှင့် ဒေသခံပြည်သူများပူးပေါင်းဆောင်ရွက်ရန်နှင့် ပြည်သူများအနေဖြင့် မိမိတို့၏မှန်ကန်သောအသံများ၊ ဥပဒေနှင့်ညီသော လိုအပ်ချက်များကို ရဲရဲတင်းတင်းတင်ပြဆောင်ရွက်ပြီး မိမိတို့ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးမှတစ်ဆင့် ပြည်ထောင်စုကြီး ဖွံ့ဖြိုးတိုးတက်စေရန် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ကယ်ဆယ်ရေးနှင့် ဒုက္ခသည်များ ကူညီစောင့်ရှောက်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာ ခင်ရွှေက မင်းတပ်၊ မတူပီ၊ ပလက်ဝမြို့နယ်များရှိ ပရဟိတလုပ်ငန်းများအတွက် အလှူငွေကျပ် သိန်း ၅၀ စီနှင့် ကန်ပက်လက်မြို့နယ် ဒေသဖွံ့ဖြိုးရေးအတွက် အလှူငွေ ကျပ်သိန်း ၂၀၀ ကို လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အချိန်အခါမဟုတ် မိုးရွာနိုင်

**နေပြည်တော် နိုဝင်ဘာ ၁၉**

ယနေ့မြန်မာစံတော်ချိန် ၁၂ နာရီခွဲ မိုးလေဝသတိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းတွင်ဖြစ်ပေါ်နေသော မုန်တိုင်းငယ်၏အရှိန်ကြောင့် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ အချိန်အခါမဟုတ် မိုးထစ်ချုန်းရွာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(မိုး/ဇလ)**

# လူစုလူဝေးအား စနစ်တကျစီမံထိန်းသိမ်းမှုလုပ်ငန်းသင်တန်းဖွင့်

**နေပြည်တော် နိုဝင်ဘာ ၁၉**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ် (၈) ရဲတပ်ရင်းတွင် EU က ပို့ချသည့် လူစုလူဝေးအား စနစ်တကျစီမံထိန်းသိမ်းမှုလုပ်ငန်း (Crowd Management ) သင်တန်းဖွင့်ပွဲကို နိုဝင်ဘာ ၁၉ ရက် နံနက် ၇ နာရီခွဲ ကကျင်းပရာ အခမ်းအနားသို့ အမှတ်(၂) ရဲတပ်ရင်းများ ကွပ်ကဲရေးမှူး ရဲမှူးချုပ် သူရဘိုနီ တက်ရောက်၍ အမှာစကားပြောကြားသည်။

**သင်ကြားပို့ချ**

အဆိုပါ သင်တန်းဖွင့်ပွဲသို့ ရဲအကြပ် အတတ်သင်ကျောင်း ကျောင်းအုပ်ကြီး ရဲမှူးကြီး ထွန်းမင်း၊ EU မှ Mr.Patrick Gistelinck ပါ နည်းပြအရာရှိ ခုနစ်ဦးနှင့် အကူနည်းပြအရာရှိများ၊ ဘာသာပြန်အရာရှိများ၊ အမှတ်(၅) ရဲတပ်ရင်းမှူး ဒုတိယရဲမှူးကြီး ဇော်သီဟပါ သင်တန်းသားအရာရှိ/အခြားအဆင့် ၂၀၀၊ စုစုပေါင်း ၂၂၀ တက်ရောက်ခဲ့ကြောင်း **(ယာပုံ)**နှင့် သင်တန်းကို နိုဝင်ဘာ ၃၀ ရက်အထိ ၁၂ ရက်ကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။



**(ရဲပြန်ကြား)**

ပြည်တွင်းသတင်း

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် မွန်ဂိုလီးယားသမ္မတ ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



**နေပြည်တော် နိုဝင်ဘာ ၁၉**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် မွန်ဂိုလီးယားသမ္မတ မစ္စတာ အယ်လ်ဘတ်ခ်ဒေါ့ဂျ် ဇတ်ခ်ဟီးလ်ယာဒ်ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ဒေသတွင်းနှင့် နိုင်ငံတကာဆက်ဆံရေးနယ်ပယ်များတွင် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေးတို့အပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံပွဲအခမ်းအနားသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ ကော်မတီများမှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ အဖွဲ့ဝင်များနှင့် အမျိုးသားလွှတ်တော်ရုံးမှတာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် မွန်ဂိုလီးယားသမ္မတ မစ္စတာ အယ်လ်ဘတ်ခ်ဒေါ့ဂျ် ဇတ်ခ်ဟီးလ်ယာဒ်အား အမှတ်တရလက်ဆောင် ပေးအပ်စဉ်။** (သတင်းစဉ်)

# ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင် ရေစကြိုမြို့နယ်အတွင်း မြစ်ရေကြီးမှုကြောင့် ရေဘေးသင့်ဒဏ်ခံခဲ့ရသည့် ဒေသခံပြည်သူများအား သွားရောက်တွေ့ဆုံအားပေး

**နေပြည်တော် နိုဝင်ဘာ ၁၉**

သမ္မတရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်သည် နိုဝင်ဘာ ၁၃ ရက် နံနက် ၁၀ နာရီက မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် ပြည်သာယာခန်းမ၌ ပခုက္ကူခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဝင်များ၊ မြို့နယ်ဖွံ့ဖြိုး တိုးတက်ရေး အထောက်အကူပြု ကော်မတီဝင်များ၊ မြို့နယ်စည်ပင် သာယာရေး ကော်မတီဝင်များ၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်/ကျေးရွာအုပ်စု အထောက်အကူပြုကော်မတီဥက္ကဋ္ဌများနှင့် မြို့မိမြို့ဖများအား ရင်းရင်းနှီးနှီး တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်ဦးက ဧရာဝတီ မြစ်ကမ်းပါးတစ်လျှောက် ရေထိန်းနံရံများ တည်ဆောက်၍ နှစ်စဉ် ရေဘေးသင့်မှုဒဏ်မှ ကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ မြို့နယ်နှင့်ကျေးရွာအုပ်စု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌများက ကျေးရွာအလိုက် လိုအပ်ချက်များဖြစ်သည့် လမ်းပန်းဆက်သွယ်ရေး၊ ကျန်းမာရေး၊ ပညာရေးကဏ္ဍများတွင် အဆင့်မြှင့်တင်ပေးနိုင်ရေးဆိုင်ရာများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ကျေးရွာအလိုက်မီးလင်းရေး၊ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းဆောင်ရွက်ရာတွင် လိုအပ်လျက်ရှိသည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍လည်းကောင်း ဝိုင်းဝန်းတင်ပြ ဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မိမိတို့နိုင်ငံသူ နိုင်ငံသားများအနေဖြင့် နိုင်ငံရေး၊ လူမှုရေးကိစ္စရပ်များတွင် စိတ်ဝင်စားစွာ မျက်ခြည်မပြတ် လေ့လာနေကြရမည်ဖြစ်ပြီး မိမိနေထိုင်ရာဒေသ ဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မျက်မှောက်ကာလတွင် နိုင်ငံတော်အစိုးရနှင့် လွှတ်တော်များ၏ ပြည်သူအပေါ် စိတ်ဝင်စားစွာ လေ့လာအကဲခတ်ကြရန် လိုအပ်ပါကြောင်း၊ ထို့ပြင် နိုင်ငံတကာမှ ကျင့်သုံးလျက်ရှိသည့် ဒီမိုကရေစီ စည်းမျဉ်း၊ စည်းကမ်းများကို လက်လှမ်းမီသရွေ့ လေ့လာရန် လိုအပ်ကြောင်း၊ မိမိတစ်ဦးတစ်ယောက်တည်းအတွက် ပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေရန် သတိဖြင့် ဆင်ခြင်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ထို့မှတစ်ဆင့် မိမိပတ်ဝန်းကျင်ရှိ အသိုက်အဝန်းမှ လူအများ စည်းကမ်းရှိလာစေရန် ဆောင်ရွက်ကြိုးပမ်းသွားကြရမည်ဖြစ်ကြောင်း၊ မြို့သန့်ရှင်းသာယာလှပရေးအတွက် အထောက်အကူပြု ကော်မတီအဖွဲ့၊ တာဝန်ရှိဝန်ထမ်းများနှင့် မြို့နေပြည်သူများအားလုံးတွင် တာဝန်ရှိသည်ဟု ခံယူချက်ထားရန် လိုအပ်သကဲ့သို့ မြို့ဂုဏ်ကျက်သရေ တိုးတက်စေရေး၊ မြို့နေလူထုဂုဏ် တိုးတက် မြင့်မားစေရေးအတွက် အားလုံးတွင် တာဝန်ရှိသည်ဟု ခံယူချက်ထားကာ လုပ်ကိုင်ဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။ **(ဝဲပုံ)**




ထို့နောက် ရေစကြိုမြို့နယ်ရှိ ငါးမြာကြီးကျေးရွာသို့ ရောက်ရှိပြီး ရေဘေးသင့်ဒဏ်ခံခဲ့ရသည့် ဒေသခံပြည်သူများအား သွားရောက်တွေ့ဆုံအားပေးသည်။

ပြည်ထောင်စု ဝန်ကြီးသည် ငါးမြာကြီးကျေးရွာ မန္တလာဇေယျုကျောင်းတိုက်၌ ရေဘေးသင့်ခံပြည်သူများနှင့် တွေ့ဆုံရာတွင် ဒေသခံများအနေဖြင့် ကျေးရွာသစ်ပြန်လည်ထူထောင်နိုင်ရေး၊ စိုက်ပျိုးရေးလုပ်ငန်းနှင့် စီးပွားရေးလုပ်ငန်းဆိုင်ရာများ ပြန်လည်ထူထောင်နိုင်ရေး၊ ဒေသခံလူထု၏ စီးပွားရေးအခြေအနေကောင်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးတို့နှင့် ပတ်သက်၍ ဆွေးနွေးမှာကြားသည်။

ယင်းနောက် ရေဘေးသင့်ဒဏ်ခံခဲ့ရသည့် ဒေသခံပြည်သူများအတွက် အဝတ်အထည်၊ စားသောက်ဖွယ်ရာ၊ အိမ်သုံးပစ္စည်းများ၊ ဆေးဝါးများနှင့် ကျေးရွာသစ်ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် အသုံးပြုနိုင်စေရန်အတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနတို့မှ ပေးပို့လှူဒါန်းသောငွေကျပ် ၁၇၅ သိန်းကို ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများထံ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဒေသခံရေဘေးသင့်ပြည်သူများအား အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံ အာဆီယံလူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီ(၄/၂၀၁၃) အစည်းအဝေးကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၉**

မြန်မာနိုင်ငံ အာဆီယံလူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်းကောင်စီ (၄/၂၀၁၃)အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ယဉ်ကျေးမှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ အာဆီယံလူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ၊ အာဆီယံ လူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်းကောင်စီ အဖွဲ့ဝင် ဆက်စပ်ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံ အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူက အဖွင့်အမှာစကားပြောကြားရာ၌ **(ယာပုံ)** ၂၀၁၄ ခုနှစ် အာဆီယံဥက္ကဋ္ဌ တာဝန်ယူ ဆောင်ရွက်နေသည့် ကာလအတွင်း မိမိတို့ ယဉ်ကျေးမှုဝန်ကြီးဌာနအပါအဝင် ဝန်ကြီးဌာနပေါင်း ခြောက်ခု၏ အစည်းအဝေးပေါင်း(၃၁)ကြိမ်ခန့် ကျင်းပရန်ရှိပါကြောင်း၊ နိုင်ငံတော်သမ္မတကြီးက အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန် ထမ်းဆောင်ခွင့်ရခြင်းသည် နိုင်ငံကို ကိုယ်စားပြု၍ တာဝန်ထမ်းဆောင်ခွင့်ရခြင်းဖြစ်သည့်အတွက် အစိုးရသာမက အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် နိုင်ငံသူ နိုင်ငံသားအားလုံးက အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် ပူးပေါင်း ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ သို့ဖြစ်၍လုပ်ငန်းတာဝန်များကို မိမိတို့ဝန်ကြီးဌာနများ၊ ဆပ်ကော်မတီများက ဆောင်



ရွက်ကြရာတွင် မိမိတို့ဌာနတစ်ခုတည်း၊ တစ်ဖွဲ့တည်းဆောင်ရွက်ခြင်းမျိုးမဟုတ်ဘဲ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း မှာကြားခဲ့ပါကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများအနေဖြင့် တက်တက်ကြွကြွ အင်တိုက်အားတိုက် ဆက်လက်ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြပါရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက မိမိတို့ဝန်ကြီးဌာနအလိုက် ပြင်ဆင်ဆောင်ရွက်နေမှုများကို တင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# (၂၆)ကြိမ်မြောက် ရွှေကူမြို့ ဘုံကထိန်ပွဲကျင်းပ

**ရွှေကူ နိုဝင်ဘာ ၁၉**

ဗန်းမော်ခရိုင် ရွှေကူမြို့ ဘောဂဗလရပ်ကွက် မိသားစုများ၏ (၂၆)ကြိမ်မြောက် ဘုံကထိန်ပွဲကို နိုဝင်ဘာ ၁၅ ရက်က ကျင်းပခဲ့ရာ မြို့တွင်းလှည့်လည်ပွဲကို ဗုဒ္ဓဘာသာလေ့ထုံးတမ်းစဉ်လာနှင့်အညီ အတီးအမှုတ် အကအခုန်များဖြင့် လှည့်လည်ခဲ့သည်။

**ကျင်းပခဲ့**

ထို့အတူ အမှတ်(၃)ရပ်ကွက် မြိုင်သာယာဘုန်းတော်ကြီးကျောင်း ဆရာတော်ဦးပညာသာမိ ဦးဆောင်၍ နိုဝင်ဘာ ၁၇ ရက်(တန်ဆောင်မုန်းလပြည့်နေ့)က ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း ဆီမီး ၁၀၀၀၀ ထွန်းညှိပူဇော်ပြီး နိဗ္ဗာန်ဈေးဖွင့်၍ အာဟာရဒါနများ လှူဒါန်းခြင်းနှင့်အတူ ကံစမ်းမဲများဖောက်၍ အလှူပွဲများ ကျင်းပခဲ့ကြောင်း သိရသည်။

**လဘန်အောင်**

# ပျဉ်းမနားမြို့၌ စာပေဟောပြောပွဲကျင်းပမည်

**နေပြည်တော် နိုဝင်ဘာ ၁၉**

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ ဘောဂသီရိအဝေးပြေးကားဝင်းရှေ့ စိုးလျှပ်စစ်အဆင့်မြင့် အလုပ်ရုံဝင်းတွင် စိုးလျှပ်စစ်ဖောင်ဒေးရှင်းမှ အခမဲ့ကွန်ပျူတာသင်တန်းဆင်းများနှင့် သင်းတန်းသားများအား စာပေဗဟုသုတကြွယ်ဝစေရန် စာပေဟောပြောပွဲကို နိုဝင်ဘာ ၂၉ ရက် မွန်းလွဲ ၁ နာရီတွင်ကျင်းပမည်ဟု သိရသည်။

**ဟောပြောမည်**

ဟောပြောမည့်စာရေးဆရာများမှာ ဆရာမဂျူး၊ ဆရာအော်ပီကျယ်၊ စာရေးဆရာလင်းသိုက်ညွန့်တို့က အနာဂတ်အတွက် တွေးကြစို့ ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်ကြောင်း သိရသည်။

(၁၃၉)

**တောတောင်ရှိမှ စမ်းရေရှိ**

ပြည်တွင်းသတင်း

# မွန်ဂိုလီးယားနိုင်ငံသမ္မတနှင့်အဖွဲ့ နေပြည်တော်၌ လှည့်လည်ကြည့်ရှုလေ့လာ



မွန်ဂိုလီးယားနိုင်ငံသမ္မတ မစ္စတာ အယ်လ်ဘတ်ခ် ဒေါ့ဂျ်ဇတ်ခ် ဟီးလ်ယာဒ်နှင့်အဖွဲ့ နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွင်း၌ထားရှိသည့် ဗုဒ္ဓဝင်နိပါတ်တော်များအား ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

**နေပြည်တော် နိုဝင်ဘာ ၁၉**

နေပြည်တော်၌ ရောက်ရှိနေသော မွန်ဂိုလီးယားနိုင်ငံသမ္မတ မစ္စတာ အယ်လ်ဘတ်ခ် ဒေါ့ဂျ်ဇတ်ခ် ဟီးလ်ယာဒ်နှင့်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် စေတီတော်ပရိဝုဏ်ရှိ ရတနာဆင်ဖြူတော်ဆောင်၌ ဆင်ဖြူတော်များကို ကြည့်ရှုလေ့လာကြပြီး အစာများ ကျွေးမွေးကြသည်။

မွန်းလွဲပိုင်းတွင် မွန်ဂိုလီးယားသမ္မတနှင့်အဖွဲ့သည် မြန်မာ့ကျောက်မျက်ရတနာပြတိုက်သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

ထို့နောက် မွန်ဂိုလီးယားသမ္မတနှင့်အဖွဲ့သည် လေကြောင်းခရီးဖြင့် ပုဂံမြို့သို့ထွက်ခွာကြရာ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် တာဝန်ရှိသူတို့က နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြသည်။ **(သတင်းစဉ်)**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှား-မြန်မာ စစ်ဘက်နည်းပညာပူးပေါင်းဆောင်ရွက်ရေး ပူးတွဲဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ



နေပြည်တော် နိုဝင်ဘာ ၁၉

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ညှိနှိုင်းခန်းမဆောင်၌ ရုရှား-မြန်မာ စစ်ဘက်နည်းပညာပူးပေါင်းဆောင်ရွက်ရေး ပူးတွဲဥက္ကဋ္ဌ Mr. Alexander Vasillievich Fomin ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံသည်။** (အပေါ်ပုံ)

ထိုသို့ လက်ခံတွေ့ဆုံရာတွင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး Mr. Alexander Vasillievich Fomin နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ရုရှား-မြန်မာ နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံနိုင်မှု အခြေအနေများ၊ နှစ်နိုင်ငံစစ်ဘက်နည်းပညာများ၊ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ဆောင်ရွက်ရေးကိစ္စရပ်များ၊ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြားဆက်ဆံရေး ယခုထက်ပိုမိုတိုးမြှင့်ဆောင်ရွက်ရေး ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

❒ *ကျောဖုံးမှ*

ဒါမှ လက်တွေ့နယ်ပယ်မှာ လုပ်ငန်းခွင် ဝင်ရောက်နိုင်တဲ့သူတွေအဖြစ်ရောက်ရှိစေမှာဖြစ်ပါတယ်” ဟု ဂျပန်နိုင်ငံ BEING ကုမ္ပဏီမှ စီအီးအိုဖြစ်သူ Mr.Yoshi Shige tsuda က ပြောသည်။ တစ်ဖန် ဂျပန်နည်းပညာများကို အသုံးပြုနိုင်ရန် တက္ကသိုလ်ကျောင်းသား ကျောင်းသူများကို သင်တန်းများ ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်နှင့် မွန်ဂိုလီးယားနိုင်ငံသမ္မတတို့တွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၁၉**

ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်နှင့် မွန်ဂိုလီးယားနိုင်ငံသမ္မတ မစ္စတာအယ်လ်ဘတ်ခ် ဒေါ့ဂျ်ဇတ်ခ်ဟီးလ်ယာဒ်တို့သည် ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ကော်မတီဆောင် အမှတ်(၁၂)၌ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# GREEN ဖိတ်ခေါ်ကာတွန်း၊ ဓာတ်ပုံနှင့် အိမ်ဒီဇိုင်းပြိုင်ပွဲဆုရရှိသူများစာရင်း ထုတ်ပြန်

**ရန်ကုန် နိုဝင်ဘာ ၁၉**

နိုဝင်ဘာ ၂၂ ရက်တွင် ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ၌ ကျင်းပမည့် တတိယအကြိမ်မြောက် GEGG ဖိုရမ် (ရန်ကုန်တွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ GREEN ဖိတ်ခေါ်ကာတွန်းပြိုင်ပွဲ၊ GREEN ဖိတ်ခေါ်ဓာတ်ပုံပြိုင်ပွဲနှင့် GREEN ဖိတ်ခေါ်အိမ်ဒီဇိုင်းပြိုင်ပွဲ ဆုရရှိသူများအား ဆုချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

GREEN ဖိတ်ခေါ်ကာတွန်းပြိုင်ပွဲ ပထမဆုကို သီဟလင်း(သီဟ-စခန်းသစ်)၊ ဒုတိယဆုကို ကာတွန်းအဂ္ဂ၊ တတိယဆုကို ရဲလင်းချို(ရွှေလူ)၊ နှစ်သိမ့်ဆုနှစ်ဆုကို ဦးညဏ်မြင့် (ကာတွန်းကိုညဏ်)နှင့် ဦးဗချို (ကာတွန်းဗချို)တို့က လည်းကောင်း၊ GREEN ဖိတ်ခေါ်ဓာတ်ပုံပြိုင်ပွဲတွင် ပထမဆုကို ရဲအောင်သူ (YAT Group)၊ ဒုတိယဆုကို ကျော်ဝင်းလှိုင်(ယဉ်ကျေးမှုတက္ကသိုလ်)၊တတိယဆုကို ဇော်လှိုင် (ATK)၊ နှစ်သိမ့်ဆုနှစ်ဆုကို အောင်ကျော်ထွန်း (ပုသိမ်ကြီး)နှင့် မင်းဇေယျာဦး (ရိုက်တာသတင်းဌာန) တို့က လည်းကောင်း၊ GREEN ဖိတ်ခေါ်အိမ်ဒီဇိုင်းပြိုင်ပွဲတွင် ပထမဆုကို Leo Creation၊ ဒုတိယဆုကို TnZ ၊ တတိယဆုကို Ei Mon Phyo ၊ အထူးဆု(၁)ကို METTA နှင့်အထူးဆု(၂)ကို The Ellte တို့ ရရှိသွားကြောင်းသိရသည်။

ကာတွန်းဆုနှင့် ဓာတ်ပုံဆုရရှိသွားသူများသည် ရန်ကုန်မီဒီယာဂရုပ် အမှတ် ၃၅ (ဘီ) / ၁၅ ၊ ဒုတိယထပ်၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ် ဖုန်း ၀၁-၈၆၀၃၉၀၁-၀၄ သို့ လည်းကောင်း၊ အိမ်ဒီဇိုင်းဆု ရရှိသွားသူများသည် မြန်မာနိုင်ငံဗိသုကာပညာရှင်များအသင်း အမှတ် ၂၂၈/ ၂၃၄ ၊ တတိယထပ် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးမှုဦးစီးဌာန၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ဗိုလ်တထောင်မြို့နယ် ဖုန်း ၀၉-၇၃၁၅၄၄၆၀ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

အဆိုပါဆုပေးပွဲအခမ်းအနားသို့ ဆုမရရှိသည့် ကာတွန်းပညာရှင်များနှင့်ဓာတ်ပုံပညာရှင်များပါ တက်ရောက်နိုင်ကြောင်း အဆိုပါ ဖိတ်ခေါ်ပြိုင်ပွဲများကို GEGG -Myanmar (not for profit) Association က စီစဉ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# မွန်ဂိုလီးယားနိုင်ငံသမ္မတနှင့်အဖွဲ့ ပုဂံ-ညောင်ဦးဒေသအတွင်း ကြည့်ရှုလေ့လာ

**နေပြည်တော် နိုဝင်ဘာ ၁၉**

မွန်ဂိုလီးယားနိုင်ငံ သမ္မတ မစ္စတာအယ်လ်ဘတ်ခ် ဒေါ့ဂျ်ဇတ်ခ် ဟီးလ်ယာဒ်နှင့်အဖွဲ့သည် ယနေ့ ညနေ ၃ နာရီခွဲတွင် လေကြောင်းခရီးဖြင့်ပုဂံ-ညောင်ဦးမြို့သို့ ရောက်ရှိကြရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးရဲမြင့်နှင့် တာဝန်ရှိသူများက ညောင်ဦးလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဧည့်သည်တော် မွန်ဂိုလီးယားသမ္မတနှင့် အဖွဲ့သည် ပုဂံပြည့်ရှင် အနော်ရထာမင်းနှင့် ကျန်စစ်သားမင်းတို့၏ ကောင်းမှုတော်ဖြစ်သည့် ရွှေစည်းခုံစေတီတော်၊ ရွှေစည်းခုံစေတီတော်အနီးရှိ နံရံနှင့် ပေါင်းကူးများတွင် ဗုဒ္ဓဝင်နှင့် ပုဂံပြည်ရောက် မွန်ဂိုတာတာစစ်သည်တော်ပုံများ ရေးဆွဲထားသည့် ကျန်စစ်သားဥမင်နှင့် ပုဂံမြို့ဟောင်းအတွင်း ကန်တော့ပလ္လင်ဘုရား တောင်ဘက် မြေရေိယာ ၈ ဒသမ ၁၆ ဧကတွင် ရှစ်မြှောင့်သဏ္ဌာန် မြန်မာမှုအင်္ဂတေ၊ သစ်သားပန်းပုကနုတ်၊ ယွန်းရွှေဇဝါနှင့် ရွှေချည်ထိုးလက်ရာများဖြင့် တည်ဆောက်ထားသည့် ပုဂံရှေးဟောင်းသုတေသနပြတိုက်တို့ကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။ **(အပေါ်ပုံ)**



ညနေပိုင်းတွင် ပုဂံခေတ် အင်္ဂတေပန်းတော့လက်ရာများနှင့် နံရံမင်စာများတည်ရှိသည့် စူဠာမဏိစေတီတော်နှင့် ပုဂံမြို့၏ နေဝင်ဆည်းဆာအလှများကို ကြည့်ရှုလေ့လာကြသည်။

ညပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်က ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား Ayer River View Resort ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။ **(သတင်းစဉ်)**

▲ *ကျောဖုံးမှ*

ကစားသမားများ၏ အရည်အသွေး ပိုမိုတိုးတက်လာမည် ဖြစ်ကြောင်း၊ ဂျပန် လူငယ်အသင်းသည် ခြေစမ်းမြင့်မားသည့် အသင်းဖြစ်သောကြောင့် မိမိကစားသမားများ အတွေ့အကြုံကောင်းများရရှိစေပါကြောင်း၊ ရလဒ်ကောင်းရယူနိုင်အောင် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

မြန်မာယူ-၂၃ အသင်းနှင့် ဂျပန်ယူ-၂၀ အသင်းတို့၏ ခြေစမ်းပွဲကို နိုဝင်ဘာ ၂၀ ရက် **(ယနေ့)** ညနေ ၅ နာရီတွင် သုဝဏ္ဏကွင်း၌ ကျင်းပသွားမည်ဖြစ်ပြီး ကွင်းဝင်ကြေးအဖြစ် အထူးတန်း ငွေကျပ်တစ်ထောင်၊ ရိုးရိုးတန်း ငွေကျပ်ငါးရာ သတ်မှတ်ထားသည်။



**မြန်မာယူ-၂၃ အသင်း နှင့် ဂျပန်ယူ-၂၀ အသင်းတို့၏ ခြေစမ်းပွဲနှင့် ပတ်သက်၍ စာနယ်ဇင်းရှင်းလင်းပွဲတွင် နှစ်ဖက်အသင်းမှ တာဝန်ရှိသူများကို တွေ့ရစဉ်။**

# ဓမ္မသုခလယ်ပြင်ဦးကျောင်းတိုက် အခြေခံအိမ်တွင်းမှုသင်တန်းဖွင့်ပွဲကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၉**

နယ်စပ်ရေးရာ ဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ တာဝန်ယူဖွင့်လှစ်သော နေပြည်တော် ဇေယျာသီရိမြို့နယ် ကျောက်ချက် ကျေးရွာအုပ်စု “ဓမ္မသုခလယ်ပြင်ဦးကျောင်းတိုက်” အခြေခံအိမ်တွင်းမှု သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါကျောင်းတိုက်၌ကျင်းပရာ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစံရွှေအောင် တက်ရောက်၍ သင်တန်းဖွင့်အမှာစကား ပြောကြားပြီး **(အောက်ပုံ)** သင်တန်းသူများ စက်ချုပ်သင်ကြားနေမှု၊ သင်ကြားမည့် အင်္ကျီနမူနာပုံစံများနှင့် သင်ထောက်ကူပစ္စည်းများ ခင်းကျင်းပြသထားမှုများကို ကြည့်ရှုအားပေးသည်။ အဆိုပါသင်တန်းသို့ ကျောက်ချက် ကျေးရွာအုပ်စုမှ သင်တန်း သူ ၅၄ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၂ ပတ် ကြာမြင့်မည်ဖြစ်ကာ သင်တန်းသုံး ပစ္စည်းများကို ပညာရေးနှင့်လေ့ကျင့်ရေး ဦးစီးဌာနက အခမဲ့ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ပြည်တွင်းသတင်း

# လွတ်လပ်ပြီး အနှောင်အဖွဲ့ကင်းသော၊ ပြည်သူ့အကျိုးစီးပွားဖော်ဆောင်မြှင့်တင်ပေးမည့် ပြည်သူ့ဝန်ဆောင်မှုမီဒီယာ

*(ယမန်နေ့မှအဆက်)*

မြန်မာ့အလင်းစာတည်းအဖွဲ့

**အများပြည်သူဝန်ဆောင်မှုမီဒီယာဥပဒေကြမ်းကို မေလ ၂၀ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြပေးခဲ့သည်။ အများပြည်သူဝန်ဆောင်မှုမီဒီယာဟုဆိုရာတွင် "အများပြည်သူဝန်ဆောင်မှုသတင်းစာလုပ်ငန်း" နှင့် "အများပြည်သူဝန်ဆောင်မှု ရေဒီယိုရုပ်သံလွှင့်လုပ်ငန်း"တို့ ပါဝင်သည်။**

လက်ရှိအခြေအနေတွင် နိုင်ငံတော်ပိုင်မီဒီယာများဖြစ်သည့် နေ့စဉ်ထုတ် ကြေးမုံနှင့် မြန်မာ့အလင်းသတင်းစာ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတို့သည် အများပြည်သူဝန်ဆောင်မှုမီဒီယာဥပဒေကို အတည်ပြုပြဋ္ဌာန်းနိုင်သည့်အချိန်တွင် လွတ်လပ်ပြီးအနှောင်အဖွဲ့ကင်းသော၊ ပြည်သူတို့၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အကျိုးစီးပွားများကို ဖော်ဆောင်မြှင့်တင်ပေးနိုင်သော ပြည်သူ့ဝန်ဆောင်မှုမီဒီယာများ ဖြစ်လာပေလိမ့်မည်။

အများပြည်သူဝန်ဆောင်မှုမီဒီယာ (Public Service Media) များမှာ ရေရှည်ရပ်တည်နိုင်ရေးအတွက် သတ်မှတ်ထားသည့်ဝင်ငွေရရှိရေးမှတစ်ပါး အကျိုးအမြတ်ကို အဓိကမထားဘဲ ဝန်ဆောင်မှုကိုအဓိကထားသည့် မူပေါ်တွင် ရပ်တည်မည်ဖြစ်ရာ Commercial Media များနှင့် မတူကွဲပြားသည့် မီဒီယာများအဖြစ် တွေ့မြင်နိုင်ကြမည်ဖြစ်သည်။

အထက်ဖော်ပြပါအတိုင်း အများပြည်သူဝန်ဆောင်မှုမီဒီယာများနှင့်ပတ်သက်၍ ပြည်သူများ၏ ဆန္ဒသဘောထား၊ ထင်မြင်ယူဆချက်၊ မျှော်လင့်ချက်နှင့် လက်ရှိနိုင်ငံပိုင်မီဒီယာများအပေါ် သုံးသပ်ချက်တို့ကို ယေဘုယျသဘော သိရှိနိုင်ရန်အတွက် နိုဝင်ဘာလ ပထမရက်သတ္တပတ်အတွင်း၊ ရာသီဥတုသာယာသော နေ့လယ်ခင်း၊ အေးချမ်းဆိတ်ငြိမ်သော တပ်ကုန်းမြို့ အောင်ဇေယျရပ်ကွက်အတွင်း၊ သာယာအေးမြသည့် ဥယျာဉ်ခြံဝင်းတစ်ခုတွင် မြန်မာ့အလင်းနှင့် မြို့ခံဒေသခံပုဂ္ဂိုလ်တို့ စကားဝိုင်းဆွေးနွေးပွဲတစ်ခုကို ပွင့်ပွင့်လင်းလင်းရင်းရင်းနှီးနှီးဆွေးနွေးဖြစ်ခဲ့ရာ. . .။



ဦးခင်မောင်မြင့် (ကျောင်းအုပ်ကြီး-ငြိမ်း)
ဒဟတ်ကုန်း အလကကျောင်း

**မြန်မာ့အလင်း။ ။ကျွန်တော်တို့ နိုင်ငံပိုင်သတင်းစာတွေအနေနဲ့ မိမိတို့ရဲ့ပြိုင်ဘက်ဟာ မိမိတို့ပဲဖြစ်တယ်လို့ သတ်မှတ်ပြီး အားနည်းချက်တွေ နည်းသထက်နည်းအောင်၊ တစ်နေ့ထက်တစ်နေ့ ကောင်းသထက်ကောင်းအောင် အတတ်နိုင်ဆုံး ကြိုးပမ်းအားထုတ်နေကြပါတယ်။ နိုင်ငံပိုင်သတင်းစာတွေရဲ့ လက်ရှိအခြေအနေတွေအပေါ်ကိုရော၊ PSM အဖြစ် ပြောင်းလဲမယ့်အပေါ်ကိုပါ ဆရာ့သဘောထားကိုလည်း သိပါရစေ။**

**ဦးခင်မောင်မြင့်(ကျောင်းအုပ်ကြီး-ငြိမ်း)
ဒဟတ်ကုန်း အလကကျောင်း**

ကျွန်တော်ကတော့ သတင်းစာလောက၊ သတင်းစာလုပ်ငန်းနဲ့ အလှမ်းဝေးတဲ့ ရိုးရိုးစာဖတ်ပရိသတ်ဖြစ်ပါတယ်။ ကျောင်းဆရာလည်းဖြစ်တော့ မြန်မာစာပေအရည်အသွေးကို တန်ဖိုးထားပါတယ်။ အချို့သတင်းစာတွေက ကျွန်တော့်အနေနဲ့ပြောရရင် ဖတ်လိုက်တာနဲ့ စာလုံးပေါင်းသတ်ပုံနဲ့ သဒ္ဒါ လုံးဝလက်ခံနိုင်စရာ မကောင်းပါဘူး။ စာလုံးပေါင်းသတ်ပုံသဒ္ဒါတောင် လက်မခံနိုင်တော့ သတင်းတွေအပေါ်မှာလည်း ယုံကြည်မှုမရှိဖြစ်လာပါတယ်။ သတင်းစာတစ်စောင်ကို ယုံကြည်မှုလျော့နည်းလာစေတဲ့ အကြောင်းတစ်ချက်ပါ။ လက်ရှိ နိုင်ငံပိုင်သတင်းစာတွေရဲ့ သတင်းတိကျမှု၊ စာလုံးပေါင်း၊ သဒ္ဒါအမှားနည်းပါးမှုနဲ့ စည်းကမ်းတကျရေးသားဖော်ပြမှုတွေကို အသိအမှတ်ပြုပါတယ်။ PSM ကို ကြိုဆိုပါတယ်။ အသွင်ပြောင်းခါစမှာ လိုအပ်ချက်တွေရှိနိုင်တာတော့ လက်ခံနိုင်စရာပဲဖြစ်ပါတယ်။

**မြန်မာ့အလင်း။ ။ကျွန်တော်တို့သတင်းစာတွေရဲ့ လိုအပ်ချက်တွေကို ပွင့်ပွင့်လင်းလင်းထောက်ပြစေချင်ပါတယ်။ "အားလုံးကောင်းပါသည်ခင်ဗျား" ဆိုတာကတော့ မရှိနိုင်ပါဘူး၊ အားနည်းချက်တွေသိမှ ပြင်လို့ရမှာဖြစ်တဲ့အတွက် ဆရာက ထောက်ပြဆွေးနွေးပေးပါဦး။**

**ဦးဝင်းထူး (လက်ထောက်ပညာရေးမှူး၊ တပ်ကုန်းမြို့နယ် ပညာရေးမှူးရုံး)**

အရင်က နယ်တွေမှာ တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ လွန်ခဲ့တဲ့နှစ်ကမှ မြို့ပေါ်ရောက်တာပါ။ တောရွာတွေမှာ တာဝန်ထမ်းဆောင်ရတဲ့အခါ သတင်းစာလုံးဝပြတ်လပ်ခဲ့ပါတယ်။ လုံးဝမမြင်ခဲ့ရတာတောင်ရှိပါတယ်။ မြို့ပေါ်ရောက်တော့ သတင်းစာတွေအားလုံးကို ဖတ်ရှုဖြစ်ပါတယ်။ ကောင်းချက်(အားသာချက်)အနေနဲ့ပြောရရင် ကျွန်တော်တို့ ပညာရေးဝန်ထမ်းတွေ၊ ဆရာတွေရော၊ ကျောင်းသားတွေရော၊ ပြည်သူလူထုတွေအတွက် အကျိုးရှိတဲ့သတင်းတွေပါတယ်။ ထင်သာမြင်သာတွေ၊ မှတ်သားလိုက်နာစရာတွေ၊ အမြန်လမ်းအန္တရာယ်လိုမျိုး၊ သဘာဝဘေးအန္တရာယ် ဖြစ်စဉ်မျိုးတွေကို လိုရင်းအတိုင်းဖော်ပြတယ်။ သတင်းတွေကလည်း တကယ့်ကျေးလက်သတင်းတွေ အများကြီးပါလာတယ်။

စီးပွားဖြစ်မီဒီယာတွေကတော့ ပေါ့ပ်သတင်းတွေ၊ ဘာထူးလဲ၊ ဘာဟစ်ဖြစ်လဲဆိုတာမျိုးတွေ ဦးစားပေးပေမယ့် နိုင်ငံပိုင်သတင်းစာတွေကတော့ ဒီလိုမဟုတ်ဘူး။ တိကျတယ်၊ မှန်ကန်တယ်၊ အကျိုးမဲ့သတင်းမပါဘူး။ ဥပမာပြောရရင် မကြာခင်က ကျွန်တော်တို့ဒေသပြဿနာတစ်ခုကို ပြင်ပသတင်းစာတွေကရေးတယ်။ နိုင်ငံပိုင်သတင်းစာကလည်းရေးတယ်။ နိုင်ငံပိုင်သတင်းစာက သတင်းအချက်အလက်ကို အရှိအတိုင်းကွက်တိသာရေးတယ်။ ပြင်ပသတင်းစာအချို့မှာတော့ ဖွထား၊ ဆွထားတာကို ဒေသခံတွေကိုယ်တိုင် သိမြင်နေရပါတယ်။ သို့သော် တစ်ဖက်ကကြည့်ရင် ပုဂ္ဂလိကသတင်းစာတွေက ဦးတယ်။ အရင်ရေးသားဖော်ပြနိုင်တယ်။ နိုင်ငံပိုင်နှစ်စောင်ကနှေးတယ်။ အမြင်ပြောရရင် နိုင်ငံပိုင်ဖြစ်တဲ့အတွက် အရာရာသတိထားရတယ်။ မှားလို့မရဘူး။ အတိအကျ၊ အချက်အလက်ခိုင်ခိုင်မာမာနဲ့ပြောရတယ်။ အဲဒါအတွက် အချိန်ကာလလိုအပ်တော့ နှောင့်နှေးနေရတာဖြစ်နိုင်ပါတယ်။ အဲဒီလိုကိစ္စတွေမှာ ပိုပြီးပွင့်လင်းမြင်သာမယ်။ သွက်လက်စွာလှုပ်ရှားနိုင်မယ်ဆိုရင် ပိုကောင်းမယ်။ ပြင်ပသတင်းစာတွေက စာရွက်သုံးစွဲမှု(စက္ကူအမျိုးအစား)၊ စာမျက်နှာအရေအတွက်၊ အပြင်အဆင်ကအစ လူဖတ်ချင်အောင်လုပ်နိုင်တယ်။

နောက်အားနည်းချက်တစ်ခုကတော့ ကျေးလက်ဒေသတွေ၊ ဝေးလံခေါင်ဖျားတဲ့ဒေသတွေမှာ သယ်ယူပို့ဆောင်ရေးလိုအပ်ချက်တွေကြောင့် သတင်းကတော့ ထူးတော့ထူးတာပဲ။ အကျိုးလည်းပြုတယ်။ ဒါပေမယ့် ကျေးလက်အထိပျံ့နှံ့ဖို့လိုအပ်နေပါသေးတယ်။ ဒါတွေကတော့ နေရာတိုင်း၊ အခြေအနေတိုင်းမှာ အားသာချက်၊ အားနည်းချက်၊ စိန်ခေါ်မှုတွေရှိနေမှာပါ။ အခုလည်း စကားဝိုင်းမှာ လွတ်လွတ်လပ်လပ်ပြောဆိုလို့ ကျွန်တော့်အမြင်ကို ပြောရခြင်းဖြစ်ပါတယ်။ သတင်းစာအကြိုက်ဆုံးကဏ္ဍကတော့ ခေါင်းကြီးပိုင်းဖြစ်ပါတယ်။ ခေါင်းကြီးတွေကို ရေဒီယိုမှာလည်း ပြန်လည်လွှင့်တော့ ကျွန်တော်စိတ်ဝင်စားခဲ့တာပါ။ ကဏ္ဍအလိုက် ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေးတွေ ဖော်ပြပေးနေတာ အလွန်ကောင်းပါတယ်။ Hot News အနေနဲ့ကတော့ ပြင်ပမီဒီယာတွေနဲ့ယှဉ်မယ်ဆိုရင် နှောင့်နှေးကြန့်ကြာမှုအနေအထားလေးတွေ ရှိနေသေးတယ်။ ဒါကလည်း တိကျမှန်ကန်မှုကို ဦးစားပေးနေလို့ဆိုတာကိုလည်း ဂရုပြုမိပါတယ်။ နိုင်ငံပိုင်မီဒီယာတွေကို အများပြည်သူဝန်ဆောင်မှုမီဒီယာတွေအဖြစ် ကူးပြောင်းမယ်ဆိုတာကို ဝမ်းမြောက်ဝမ်းသာကြိုဆိုပါတယ်။



ဦးဝင်းထူး (လက်ထောက်ပညာရေးမှူး)
တပ်ကုန်းမြို့နယ် ပညာရေးမှူးရုံး

**မြန်မာ့အလင်း။ ။ဆရာ့အနေနဲ့ရော ကျေးလက်ပြည်သူတွေနဲ့ထိတွေ့နေရတဲ့ စာပေအသိုင်းအဝိုင်းက ပုဂ္ဂိုလ်တစ်ယောက်အနေနဲ့ နိုင်ငံပိုင်မီဒီယာတွေအပေါ် ကျေးလက်ပြည်သူတွေရဲ့ သဘောထား၊ အမြင် ဘယ်လိုရှိလဲဆိုတာကို အတွေ့အကြုံတွေနဲ့ယှဉ်ပြီး ပြောပြပေးပါဦး။**

**ဦးမောင်ပု (အတွင်းရေးမှူး)
တပ်ကုန်းမြို့နယ် စာရေးဆရာအသင်း**

နယ်လှည့်စာပေဟောပြောပွဲတွေသွားတဲ့အခါ စာအုပ်စာပေမျိုးစုံအပြင် ကျွန်တော်တို့ သွားလေ့လာရာဒေသတွေအတွက် စာပေမျိုးစုံနဲ့ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းတွေယူသွားတယ်။ ဖတ်ခိုင်းတယ်။ အသိပညာဖြန့်ဝေတယ်။ စာကြည့်တိုက်တွေကို လှူတယ်။ အဲဒီလိုသွားရတဲ့အခါ ကျွန်တော်တို့ ဘာတွေကို အဓိကထားဟောပြောရသလဲဆိုရင် သတင်းစာမှာ နေ့စဉ်ပါနေတဲ့အချက်အလက်တွေကို ပြောပြတယ်။ အဲဒီမှာ သတင်းစာနဲ့ပတ်သက်ပြီး ကျေးလက်က ပြည်သူတွေက ဘာပြောသလဲဆိုတော့ နိုင်ငံပိုင်သတင်းစာတွေက တစ်စောင်ကို တစ်လ ငွေကျပ် ၂၀၀၀ ဆိုတော့ ကျေးလက်ကပြည်သူတွေ ဖတ်နိုင်တယ်။ လမ်းပန်းဆက်သွယ်ရေးကောင်းရင် ယူလို့ရရင် ဖတ်ချင်တယ်။ သတင်းစာမှာ ပါတဲ့အချက်အလက်တွေကိုလည်း တိကျတယ်။ မှန်ကန်တယ်လို့ယုံကြည်ကြတယ်။ သတင်းစာတွေကို ကျေးရွာတွေအထိ ပေါက်ရောက်အောင်ပို့စေချင်ပါတယ်။ မြန်မာ့အသံနဲ့ပတ်သက်လို့ ကဏ္ဍစုံ၊ ကျန်းမာရေး၊ ပညာပေး၊ မိုးလေဝသ အခြေအနေတွေကို အားကိုးကြတယ်။ အဲဒါကြောင့် ကျေးလက်ပြည်သူတွေက နိုင်ငံပိုင်မီဒီယာတွေဖြစ်တဲ့ သတင်းစာ၊ မြန်မာ့အသံနဲ့ ရုပ်မြင်သံကြားတွေကို အားကိုးဆဲ၊ အသုံးပြုဆဲ၊ ယုံကြည်ဆဲဖြစ်ပါတယ်။ ပိုပြီး ကဏ္ဍတွေစုံလာတယ်။ ဖွံ့ဖြိုးလာတယ်။ ဖော်ပြမှုအားကောင်းလာတယ်ဆိုတာကို ကျေးလက်နေပြည်သူတွေ လက်ခံသဘောပေါက်ကြပါတယ်။ ဒီသတင်းစာမှာလည်း စောင်ရေအချပ်ပိုတွေ များများထုတ်စေချင်တယ်။ ဖတ်စရာပါတာကြိုက်တယ်။ လိုရင်းတိုရှင်းသတင်းတွေ ကြိုက်ကြတယ်။ ကဏ္ဍစုံပါပြီး လိုတိုရှင်းတွေကို ဖတ်လိုတယ်။ အများစုက မအားလပ်တဲ့အတွက် နေရာအများကြီးပေး ချဲ့ကားရေးသားထားတာမျိုးကို အချိန်ပေးမဖတ်နိုင်ကြဘူး။ မှန်ကန်တိကျ လိုတိုရှင်း ချက်ချင်းသိရလို့ မြန်မာ့အလင်း၊ ကြေးမုံကို ဖတ်ကြတယ်။ ပြောရရင် ပြည်သူက ဘာသိချင်တာလဲဆိုတာကို မှန်ကန်စွာ၊ မြန်ဆန်စွာ ကွက်ကွက်ကွင်းကွင်းပေါ်လာဖို့ လိုချင်ကြတယ်။

ကိုယ့်ဒေသနဲ့ နီးစပ်ရာက သတင်းတွေ များများပါလေ သတင်းစာဖတ်သူများလေပေ့။ ဥပမာပြောရရင် မန္တလေးဝန်းကျင်သတင်းတွေ၊ အထက်မြန်မာပြည်သတင်းတွေ ကျွန်တော်တို့ဆီကလူတွေ ဖတ်ကြတယ်။ နောက်တစ်ခါ မြန်မာ့အသံနဲ့ FM တွေကနေ တိုင်းရင်းသားဘာသာအလိုက် ထုတ်လွှင့်နေတာတွေရှိတယ်။ အဲဒီတော့ ပြည်နယ်တွေအဆင့်အထိ လက်ရှိသတင်းစာရောက်ဖို့ လိုပါတယ်။ လူမျိုးအလိုက် ဖတ်ရှုနိုင်အောင်လည်း ဆွဲဆောင်သင့်၊ ဒေသစုံကသတင်းတွေ အချိန်နဲ့တစ်ပြေးညီဖော်ပြပေးနိုင်အောင် ကြိုးစားသင့်ပါတယ်။ ပြည်သူလူထုတစ်ရပ်လုံးရဲ့အကြောင်းတွေ နေရာအလိုက်၊ ဒေသအလိုက်၊ လူမျိုးစုအလိုက် သတင်းတွေ ဖြစ်ရပ်တွေ ဖော်ပြပေးသင့်ပါတယ်။



ဦးမောင်ပု(အတွင်းရေးမှူး)
တပ်ကုန်းမြို့နယ် စာရေးဆရာအသင်း

**❖ နိုင်ငံပိုင် မီဒီယာတွေကို အများပြည်သူ ဝန်ဆောင်မှု မီဒီယာတွေအဖြစ် ကူးပြောင်းမယ်ဆိုတာကို ဝမ်းမြောက်ဝမ်းသာ ကြိုဆိုပါတယ်။**

**❖ အများစုက မအားလပ်တဲ့အတွက် နေရာအများကြီးပေး ချဲ့ကား ရေးသားထားတာမျိုးကို အချိန်ပေးမဖတ်နိုင်ကြဘူး။**

---

## အရှိန်လွန်ကား လမ်းဘေးထိုးကျ ယာဉ်မောင်းသေဆုံး၊ ၁၁ ဦးဒဏ်ရာရ

**နေပြည်တော် နိုဝင်ဘာ ၁၉**

နေပြည်တော် ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ရဲအုပ်ဝင်းနိုင်ဦးသည် ဇေယျာသီရိမြို့နယ် ယာဉ်ထိန်းတပ်ဖွဲ့စုမှူးရုံးတွင် နိုဝင်ဘာ ၁၉ ရက်က တာဝန်မှူးဆောင်ရွက်နေစဉ် ယာဉ်တစ်စီး အရှိန်လွန်၍ လမ်းဘေးထိုးကျနေကြောင်း သတင်းအရ သွားရောက်စစ်ဆေးရာ နိုဝင်ဘာ ၁၉ ရက် နံနက် ၃ နာရီက ဇေယျာသီရိမြို့နယ် နန်းသြကျေးရွာ ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင် ၂၆၁/၅ နှင့် ၂၆၁/၆ ကြားတွင် တပ်ကုန်းမြို့ဘက်မှ ပျဉ်းမနားမြို့ဘက်သို့ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် ရန်ကုန်တိုင်းဒေသကြီးနေ ဝင်းမြင့်အောင်(၄၂နှစ်)မောင်းနှင်လာသော ယာဉ်အမှတ် ၁၀/--- Fuso ခြောက်ဘီး အဖြူရောင်ယာဉ်သည် အရှိန်လွန်၍ လမ်း၏ဝဲဘက်သို့ ထိုးကျပြီး တိမ်းမှောက်မှုဖြစ်ပွားခဲ့သည်။ **(ယာပုံ)** ထိုသို့ ယာဉ်ထိုးကျတိမ်းမှောက်မှုကြောင့် ယာဉ်မောင်းဝင်းမြင့်အောင်မှာ အခင်းဖြစ်နေရာတွင် သေဆုံးသွားပြီး ယာဉ်ပေါ်ပါခရီးသည် ၄၀ အနက် ၁၁ ဦး (မစိုးရိမ်ရ) ဒဏ်ရာရရှိခဲ့ပြီး နေပြည်တော် ခုတင် (၁၀၀၀)ဆေးရုံသို့တင်ပို့ခဲ့သည်။ အခင်းဖြစ်ပွားရာသို့ နေပြည်တော် ဇေယျာသီရိမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမြတ်သိန်းထွန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းဝင်းတို့ရောက်ရှိလာပြီး ချောက်ထဲတွင် တိမ်းမှောက်နေသော ခြောက်ဘီးယာဉ်ကို နံနက် ၈ နာရီတွင် ကရိန်းဖြင့် ကားလမ်းပေါ်သို့ ဆွဲတင်နိုင်ခဲ့သည်။ ယာဉ်တိမ်းမှောက်မှုကြောင့် ခြောက်ဘီးယာဉ် ရှေ့ဦးခေါင်းပိုင်း ပျက်စီးသွားခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ရွှေတွင်းကုန်းမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိသည်။ **မင်းမင်းလတ်(မန်းတက္ကသိုလ်)**



## ရက် ၂၀ သာလိုတော့သည့် ဆီးဂိမ်းပြိုင်ပွဲ အမျိုးသားစိတ်ဓာတ်အပြည့်ဖြင့်ပါဝင်ဆင်နွှဲ



ထိုင်းနိုင်ငံအစိုးရမှ မြန်မာနိုင်ငံအစိုးရသို့ G to G စနစ်ဖြင့် 27th SEA Games Myanmar 2013 အတွက် အားကစားအထောက်အကူပြုပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို နိုဝင်ဘာ ၁၉ ရက်က ထိုင်းနိုင်ငံ မဲဆောက်မြို့နယ် ချစ်ကြည်ရေးတံတားအနီးတွင် ကျင်းပရာ ပစ္စည်းတန်ဖိုး ဘတ် ၄၄၄၉၅၅၄၀ ရှိ အားကစားအထောက်အကူပစ္စည်းများအား ထိုင်းနိုင်ငံ တပ်ခရိုင်အုပ်ချုပ်ရေးမှူး မစ္စတာ သူရိယပစက်ဘန်းဒစ်က ပေးအပ်ရာ မြန်မာနိုင်ငံ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြတ်သွင်က လွှဲပြောင်းလက်ခံယူစဉ်။ နဒီမြင့်မိုရ်(မြဝတီ)

## မြန်မာစက်ဘီးအားကစားသမားများ အနည်းဆုံးရွှေတံဆိပ်လေးဆုမျှော်မှန်း

**နေပြည်တော် နိုဝင်ဘာ ၁၉**

မကြာမီကျင်းပတော့မည့် ဆီးဂိမ်းပြိုင်ပွဲတွင် စက်ဘီးအားကစားသမားများအနေဖြင့်လည်း အောင်နိုင်ဆုများဆွတ်ခူးနိုင်ရန် အပြင်းအထန်လေ့ကျင့်လျက်ရှိကြောင်း မြန်မာနိုင်ငံ စက်ဘီးအားကစားအဖွဲ့ချုပ်မှ နည်းပြတစ်ဦးဖြစ်သည့် ဦးသန်းဦးက ပြောသည်။

"ကျွန်တော်တို့ ဒီဆီးဂိမ်းပြိုင်ပွဲမှာ ပြိုင်ပွဲအမျိုးအစား လေးမျိုးရှိပါတယ်။ Down Hill ပြိုင်ပွဲ၊ Cross Country ပြိုင်ပွဲ၊ BMX ပြိုင်ပွဲနဲ့ Road Race ပြိုင်ပွဲဖြစ်ပါတယ်။ Down Hill မှာ အမျိုးသားပြိုင်ပွဲနဲ့ အမျိုးသမီးပြိုင်ပွဲရှိပါတယ်။ Cross Country မှာ အမျိုးသားပြိုင်ပွဲနဲ့ အမျိုးသမီးပြိုင်ပွဲ၊ နောက် အမျိုးသားနှစ်ဦး၊ အမျိုးသမီးနှစ်ဦးပါတဲ့ Mix ပြိုင်ပွဲဆိုပြီး Cross Country မှာ သုံးမျိုးရှိပါတယ်။

BMX မှာ အမျိုးသားပြိုင်ပွဲနဲ့ အမျိုးသမီးပြိုင်ပွဲ နှစ်မျိုးရှိပါတယ်။ Road Race ပြိုင်ပွဲမှာ အမျိုးသမီး ကီလိုမီတာ ၃၀ တစ်ဦးချင်းပြိုင်ပွဲနဲ့ ၁၂၈ ကီလိုမီတာ တာဝေးပြိုင်ပွဲ အမျိုးသမီးပြိုင်ပွဲ နှစ်မျိုးပြိုင်မှာဖြစ်ပါတယ်။



မြန်မာစက်ဘီးအားကစားသမားများ၏ လေ့ကျင့်ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။

Road Race မှာ အမျိုးသားတစ်ဦးချင်း ကီလိုမီတာ ၅၀ ပြိုင်ပွဲ၊ အသင်းလိုက် မီတာ ၁၀၀ ပြိုင်ပွဲနဲ့ အသင်းလိုက် ၁၆၃ ကီလိုမီတာ တာဝေးပြိုင်ပွဲဆိုပြီး ရှိပါတယ်။ အသင်းလိုက် ၁၆၃ ကီလိုမီတာပြိုင်ပွဲမှာ ပထမဆုံးပန်းဝင်တဲ့သူနဲ့ ပထမဆုံး ပန်းဝင်တဲ့အသင်းကို ရွှေပေးမှာ ဖြစ်တဲ့အတွက် တစ်ပွဲတည်းနဲ့ ရွှေနှစ်ခုပေးမှာ ဖြစ်ပါတယ်။ စုစုပေါင်း ဆီးဂိမ်းမှာ စက်ဘီးအားကစားနဲ့ ပတ်သက်ပြီး ရွှေတံဆိပ် ၁၇ ဆုပေးမှာ ဖြစ်ပါတယ်"ဟု ဦးသန်းဦးက ရှင်းပြသည်။

မြန်မာစက်ဘီးအားကစားသမားများအနေဖြင့် တရုတ်နိုင်ငံသို့ Joint training သုံးကြိမ်သွားရောက်လေ့ကျင့်ခဲ့ပြီး လောလောဆယ် နေပြည်တော် Gold Camp တွင် လေ့ကျင့်လျက်ရှိသည်။ ပြိုင်ပွဲအားလုံးအတွက် စက်ဘီးအားကစားသမား အမျိုးသား ၁၇ ဦးနှင့် အမျိုးသမီး ၁၃ ဦး ရွေးချယ်လေ့ကျင့်လျက်ရှိပြီး ၎င်းတို့အား မြန်မာနည်းပြများအပါအဝင် တရုတ်၊ ထိုင်း၊ တောင်ကိုရီးယားနည်းပြများနှင့် လေ့ကျင့်ပေးလျက်ရှိသည်။ ဆီးဂိမ်းတွင် စက်ဘီး အားကစားနည်းအနေဖြင့် ထိုင်း၊ အင်ဒိုနီးရှားနှင့် မလေးရှားနိုင်ငံတို့မှာ အားသာချက်ရှိနေပြီး မြန်မာစက်ဘီးစီး အားကစားသမားများက ယင်းတို့နှင့် အဓိကယှဉ်ပြိုင်ပြီး အနည်းဆုံး ရွှေတံဆိပ်လေးခုအထက် ရရှိအောင် ကြိုးစားလေ့ကျင့်ပြင်ဆင်ထားကြောင်း သိရသည်။ စက်ဘီးအားကစားပြိုင်ပွဲများကို ဒီဇင်ဘာ ၁၂ ရက်မှ ၁၉ ရက်အထိ နေပြည်တော်၌ ကျင်းပမည်ဖြစ်သည်။ **မောင်ရွှေရိုး**

## ဆီးဂိမ်းအထိမ်းအမှတ် မိုဘိုင်းဖုန်း Ring Tone များကို အလွယ်တကူဒေါင်းလုပ်ရယူနိုင်

**မိတ္ထီလာ နိုဝင်ဘာ ၁၉**

လာမည့်ဒီဇင်ဘာလတွင် ကျင်းပတော့မည့် ဆီးဂိမ်းအားကစားပြိုင်ပွဲအတွက် နိုင်ငံကျော်အဆိုတော်များ ကြိုဆိုဂုဏ်ပြုသီဆိုထားသည့် သီချင်းများကို မိုဘိုင်းဖုန်းများတွင် Ring Tone အသံများအဖြစ်အသုံးပြုနိုင်ရန် ပြုပြင်ထားပြီး မိုဘိုင်းဖုန်းအသုံးပြုသူများ အလွယ်တကူဒေါင်းလုပ်ရယူသုံးစွဲနိုင်ရန်အတွက် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝက်ဘ်ဆိုက်တွင် လွှင့်တင်ပေးထားကြောင်း သိရသည်။

ယင်းဆီးဂိမ်းအထိမ်းအမှတ် Ring Tone များတွင် ချစ်ရသောမြေ (နီနီခင်ဇော်)၊ ရောင်စုံဥယျာဉ်(ထူးအယ်လင်း၊ ဆုန်သင်းပါရ်)၊ ရွှေရောင်လက်ခုပ်သံ (ဇော်ပိုင်၊ ရေဗက္ကာဝင်း)၊ လက်ခုပ်တီးမယ်ဟေ့(ရဲလေး)၊ မကြောက်နဲ့ ကျုံး (ဂျေမီ၊ အေအာရ်တီ)၊ ဖိတ်ခေါ်ပြီ (Rဇာနည်၊ အယ်လ်ဆိုင်းဇီ) စသည့် သီချင်းများစွာပါဝင်သည်။ ဆီးဂိမ်းအထိမ်းအမှတ် မိုဘိုင်းဖုန်း Ring Tone အသံများကို ရယူလိုသူများအနေဖြင့် အင်တာနက်ချိတ်ထားသည့် ကွန်ပျူတာ၊ တက်ဘ်လက် Android မိုဘိုင်းဖုန်း၊ လက်တော့ပ် စသည်တို့မှတစ်ဆင့် http://27 seagames 2013. com/download/ringtone အင်တာနက်လိပ်စာတွင် အလွယ်တကူ ဒေါင်းလုပ်ရယူအသုံးပြုနိုင်ကြောင်း သိရသည်။ **ချမ်းသာ(မိတ္ထီလာ)**



ကြော်ငြာ


C B BANK
နိုင်ငံခြားသို့ ခရီးသွားရောက်မည့် မြန်မာနိုင်ငံသားများအတွက် လုံခြုံစိတ်ချပြီး လွယ်ကူစွာအသုံးပြုနိုင်သည့်
EASi Travel MasterCard ကို CB Bank နှင့် MasterCard တို့ ပူးပေါင်း၍
(၈.၁၁.၂၀၁၃) ရက်နေ့မှ စတင်ကာ ထုတ်ဝေလိုက်ပြီဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။
ယခု ... ရယူလိုက်ပါ !
C B BANK
EASi Travel
5126 0000 0000 0000
EASI TRAVEL CASH
MasterCard
" EASi Travel Around the World"
EASi Travel
Help Desk : (95)-1-378 905
Call Center : 1874
E-mail: contact@cbbankmm.com
Website: www.cbbankmm.com
https://www.facebook.com/CBBankmyanmar

## ပြည်တွင်းသတင်းနှင့် ကြော်ငြာ

# ဒက္ခိဏခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကျေးလက်နေပြည်သူများအားကွင်းဆင်းအခမဲ့ဆေးကုသပေး

**နေပြည်တော် နိုဝင်ဘာ ၁၉**

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင်အတွင်း မြို့ပြနှင့် အလှမ်းဝေးပြီး မီးရထားကိုသာ အားထား၍ သွားလာကြရသော ကျေးလက်နေ ပြည်သူများအား ကျန်းမာရေး အသိပညာများရရှိပြီး ဆေးဝါးကုသမှု ခံယူရရှိနိုင်စေရန် ရည်ရွယ်၍ နေပြည်တော် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာထွန်းမြင့်နှင့် အထွေထွေ၊ မျက်စိ၊ သွားနှင့်ခံတွင်း၊ သားဖွားမီးယပ်၊ အထူးကု ဆရာဝန်ကြီးများနှင့် သူနာပြုများ ပါဝင်သော အခမဲ့ နယ်လှည့်ဆေးကုသရေးအဖွဲ့သည် နိုဝင်ဘာ ၁၅ ရက် နံနက် ၉ နာရီတွင် မင်းပြင်အုပ်စု၊ ချောင်းခွအုပ်စု၊ သစ်ပုတ်ပင်အုပ်စု၊ ဒလန့်ချွန်အုပ်စုနှင့် စွယ်တော်မျှောင်အုပ်စုတို့ရှိ ကျေးရွာပေါင်း ၁၁ ရွာမှ ကျေးလက်နေ ပြည်သူများအား အခမဲ့ ဆေးကုသပေးခဲ့ကြသည်။

အဆိုပါနယ်လှည့်ဆေးကုသရေး ခရီးစဉ်တွင် နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြတ်မြတ်မိုးနှင့် နေပြည်တော် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးစန်း၊ ခရိုင်နှင့် မြို့နယ်ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ ပါဝင်လျက် သွားနှင့်ခံတွင်း ဝေဒနာရှင် ၃၈ ဦး၊ အထွေထွေရောဂါလူနာ ၅၉၃ ဦး၊ သားဖွားမီးယပ်လူနာ ၄၄ ဦးနှင့် မျက်စိဝေဒနာရှင် ၂၁၂ ဦး စုစုပေါင်း ၈၈၇ ဦးတို့အား အခမဲ့ဆေးကုသပေးခဲ့ပြီး မျက်စိဝေဒနာရှင်များအား မျက်မှန်နှင့် မျက်စဉ်းများ လှူဒါန်းခဲ့သည်။

ထို့နောက် ကျေးလက်ပြည်သူများအား ကျန်းမာရေး အသိပညာပေးဟောပြောခဲ့ပြီး သက်ကြီးဘိုးဘွားများနှင့် ကိုယ်ဝန်ဆောင်များအား ထောက်ပံ့ပစ္စည်းများနှင့် အမှန်မြင် စာကြည့်တိုက်အတွက် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းခဲ့ကြသည်။

**(သတင်းစဉ်)**

# သပိတ်ကျင်း နိုဝင်ဘာ ၁၉ — ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးသင်တန်းဖွင့်

**သပိတ်ကျင်း နိုဝင်ဘာ ၁၉**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန တိုင်းဒေသကြီးရုံး (မန္တလေး)မှ ဦးစီးအရာရှိ ဦးသန်းဝင့်အောင် ဦးဆောင်သော ဝန်ထမ်းများသည် မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့ ရွှေဝါခန်းမ၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးရေးသင်တန်းကို နိုဝင်ဘာ ၁၃ ရက်မှ ၁၅ ရက်အထိ သင်တန်းပို့ချခဲ့သည်။

အဆိုပါသင်တန်းတွင် သပိတ်ကျင်းမြို့နယ်အတွင်းမှ သင်တန်းသားသင်တန်းသူ ၅၀၀ တက်ရောက်ပြီး တက်ရောက်လာသည့် သင်တန်းသားများအား ဦးမြင့်အောင် (စစ်ဆေးရေးမှူး-၂)၊ ဦးရဲမင်းထွန်း (စစ်ဆေးရေးမှူး-၃)၊ ဦးအောင်မျိုးဝင်း(စစ်ဆေးရေးမှူး-၃) တို့က ယာဉ်တိုက်မှုလျော့နည်းပပျောက်ရေးကို ရည်ရွယ်၍ ယာဉ်မောင်းသူတိုင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း နားလည်စေရန်

# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးသင်တန်းဖွင့်



ပရိုဂျက်တာဖြင့် ရှင်းလင်းပြသပြီး တက်ရောက်လာသော သင်တန်းသားသင်တန်းသူများ၏ မေးမြန်းမှုကို ပြန်လည် ရှင်းလင်းပြောကြားပြီးနောက် **(အပေါ်ပုံ)** ယာဉ်မောင်းစစ်ဆေးရေးကွင်း၌ လက်တွေ့ယာဉ်မောင်းစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့သည်။

သင်တန်းအပြီးတွင် ယာဉ်မောင်းလိုင်စင် လျှောက်ထားသော စာတွေ့၊ လက်တွေ့အောင်မြင်သူများအား ယာဉ်မောင်းလိုင်စင်များ ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# လူမှုဝန်ထမ်းဦးစီးဌာနနှင့် ယူနီဆက်ဖ်တို့ ပူးပေါင်းဖွင့်လှစ်သော ရှေ့ဦးကလေးသူငယ်ပြုစုပျိုးထောင်ရေး မွမ်းမံသင်တန်းဆင်း

**ရန်ကုန် နိုဝင်ဘာ ၁၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနနှင့် UNICEF တို့ ပူးပေါင်းဖွင့်လှစ်သော ရှေ့ဦးကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးမှုဆိုင်ရာ(ပထမအကြိမ်) မွမ်းမံသင်တန်းဆင်းပွဲကို နိုဝင်ဘာ ၁၅ ရက် ညနေ ၃ နာရီက ဗဟန်းမူလတန်းကြိုကျောင်း အမှတ်(၁) အစည်းအဝေးခန်းမ၌ ကျင်းပရာ လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဇော်မိုး တက်ရောက် အမှာစကားပြောကြားသည်။

သင်တန်းကာလမှာ နိုဝင်ဘာ ၄ ရက်မှ ၁၅ ရက်အထိ ၁၀ ရက်ကြာမြင့်ပြီး မွမ်းမံသင်တန်းသို့ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်တို့ရှိ မြို့များမှ ကိုယ့်အားကိုယ်ကိုး ပုဂ္ဂလိကမူလတန်းကြိုကျောင်းအုပ်များနှင့် လူမှုဝန်ထမ်းဦးစီးဌာနလက်အောက်ရှိ မူလတန်းကြိုကျောင်းများမှ ဝန်ထမ်းဆရာမ ၅၆ ဦး တက်ရောက်ကြသည်။



**ပြောကြား**

သင်တန်းဆင်း လက်မှတ်များကို လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဇော်မိုး **(ဓာတ်ပုံ)** က ပေးအပ်ပြီးသင်တန်းသူများ ကိုယ်စား သင်တန်းသူ ဒေါ်ကြည်ကြည်မြက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ သင်တန်းသူများက အဖွဲ့သုံးဖွဲ့ခွဲကာ ချစ်ခြင်းများစွာ ပေးကြပါ စုပေါင်းသီချင်း၊ မိဘဆရာပူးပေါင်း ကလေးပညာကောင်း စုပေါင်းသီချင်းနှင့် ပွင့်သောပန်းတိုင်း မွှေးပါစေ တစ်ခန်းရပ်ပြဇာတ်များဖြင့် သီဆိုညှော်ခံ ဖျော်ဖြေသွားကြသည်။

**အောင်သန်း(မင်္ဂလာတောင်ညွန့်)**

## လူကိုလူချင်းကုန်ကူးမှု ပတ်ဝန်းကျင်တွင် ဂရုပြု

# မေ့ကျန်ရစ်သော ပိုက်ဆံအိတ်ကို ပိုင်ရှင်စုံစမ်းပြီး ပြန်လည်အပ်နှံ

**နေပြည်တော် နိုဝင်ဘာ ၁၉**

မန္တလေးတိုင်းဒေသကြီး ပုဂံ-ညောင်ဦးလေဆိပ် ဆိုက်ရောက်ခရီးသည် နိုင်ငံခြားသားများ ပုဂံ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ဝင်ကြေးကောက်ခံသည့်စားပွဲပေါ်တွင် နိုဝင်ဘာ ၁၄ ရက် နံနက် ၈ နာရီ မိနစ် ၄၀ က ခရီးသည်တစ်ဦး မေ့ကျန်ခဲ့သော ပိုက်ဆံအိတ်နက်ပြာရောင် တစ်လုံးကို လေကြောင်းရဲတပ်ဖွဲ့စုမှူးရုံး(ပုဂံ-ညောင်ဦး)မှ တပ်ဖွဲ့ဝင် တစ်ဦးက တွေ့ရှိခဲ့သည်။ အဆိုပါ ပိုက်ဆံအိတ်ကို လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ဝန်ထမ်းများရှေ့တွင် ဖွင့်ဖောက်စစ်ဆေးခဲ့ရာ ပိုက်ဆံအိတ်အတွင်းမှ အမေရိကန်ဒေါ်လာ တစ်ရာတန် ၁၂ ရွက်၊ ငါးဆယ်တန် ၁၀ရွက်၊ နှစ်ဆယ်တန် ၁၂ ရွက်၊ တစ်ဆယ်တန် တစ်ရွက်၊ ငါးကျပ်တန် သုံးရွက်၊ တစ်ကျပ်တန် ၁၀ ရွက် စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၉၇၅နှင့် မြန်မာကျပ်ငွေ ငါးထောင်တန် ၁၁၆ ရွက်၊ တစ်ထောင်တန် ၂၀၂ ရွက်၊ ကျပ်ငါးရာတန် နှစ်ရွက် စုစုပေါင်း ငွေကျပ် ၇၈၃၀၀၀ စုစုပေါင်း ကာလတန်ဖိုး ငွေကျပ် ၂၆၉၂၈၂၅ ကို တွေ့ရှိရသဖြင့် ပိုက်ဆံအိတ်ကို သိမ်းဆည်းထားရှိပြီး ပိုင်ရှင်ကို စုံစမ်းရှာဖွေခဲ့သည်။

ထိုသို့ စုံစမ်းရှာဖွေခဲ့ရာ အဆိုပါ ပိုက်ဆံအိတ်ပိုင်ရှင်မှာ ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် မြေနီကုန်းနေ ဧည့်လမ်းညွှန်လုပ်ကိုင်သူ ဦးမောင်မောင်ငြိမ်းချမ်း (၃၅နှစ်)ဖြစ်ကြောင်းသိရှိရပြီး ၎င်းသည် ယင်းနေ့ နံနက် ၈ နာရီခွဲခန့်က Air KBZ လေကြောင်းလိုင်း၊ K7-242 လေကြောင်းဖြင့် ပုဂံ-ညောင်ဦး လေဆိပ်သို့ နိုင်ငံခြားသားခရီးသည်များနှင့်အတူရောက်ရှိလာကာ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ဝင်ကြေးကောက်ခံသည့်စားပွဲ၌ ဧည့်သည်များအတွက် ဇုန်ဝင်ကြေး ပေးဆောင်စဉ် မေ့ကျန်ခဲ့ခြင်းဖြစ်ကြောင်းနှင့် ပိုင်ဆိုင်မှုအထောက်အထားခိုင်လုံစွာ ပြောဆိုပြသနိုင်ခဲ့သဖြင့် နိုဝင်ဘာ ၁၅ ရက် နံနက် ၁၀ နာရီက ပုဂံ-ညောင်ဦးလေဆိပ်ထွက်ခွာ ခရီးသည်နားနေဆောင်(၂)တွင် အဆိုပါပိုက်ဆံအိတ်ကို ပိုင်ရှင်ဖြစ်သူ ဦးမောင်မောင်ငြိမ်းချမ်းထံသို့ လေကြောင်းရဲတပ်ဖွဲ့စုမှူးရုံး(ပုဂံ-ညောင်ဦး)မှ တပ်ဖွဲ့ဝင်များက ပြန်လည်အပ်နှံပေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)(ရဲပြန်ကြား)**



## လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## စက်မှုလယ်ယာဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနမှ ထွန်စက်အပိုပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၈-၁၁-၂၀၁၃ ရက်

**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၃-၁၂-၂၀၁၃ ရက် ၁၆း၃၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၆၇-၄၃၁၂၄၂၊ ၄၃၁၂၄၃ တို့သို့ စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ၊ စက်မှုလယ်ယာဦးစီးဌာန**
**ရုံးအမှတ်(၅၀)၊ နေပြည်တော်**

## စက်မှုဝန်ကြီးဌာန
## အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း
## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း၊ အမှတ် (၂၁) အကြီးစားစက်ရုံ (သထုံ)မှ ထုတ်လုပ်သော Tyre များနှင့်တွဲဖက်အသုံးပြုရန် အောက်ဖော်ပြပါ Tube & Flap များအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

**Tube & Flap Size စုံ-၃၂၅၁စုံ**

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များ၊ ဝယ်ယူမည့်အမျိုးအစား၊ အရေအတွက်နှင့် အသေးစိတ်အချက်အလက်များကို ၁၈-၁၁-၂၀၁၃ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်ထုတ်ယူနိုင်ပြီး အိတ်ဖွင့်တင်ဒါများကို ၂၉-၁၁-၂၀၁၃ရက် ၁၃း၀၀နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပါသည်။

**ပစ္စည်းစီမံရေးဌာန**
**အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း**
**စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၀)၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၄၀၅၀၅၈**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန
## မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
## ပြည်တွင်း/ပြည်ပကုမ္ပဏီများအား
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ပြည်ပဆက်သွယ်ရေးဌာနမှ အောက်ဖော်ပြပါ အိတ်ချိန်းစက်ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ရာ ဆက်သွယ်ရေးစက်ပစ္စည်းများတင်သွင်းလိုသည့် ပြည်တွင်း/ပြည်ပကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

(က) Interconnection Core Network Expansion based on existing C4 switches

(၁) Core Network Trunk 450 E1 Expansion 1 Lot

၂။ သို့ဖြစ်ပါ၍ ၂၀၁၃ခုနှစ် နိုဝင်ဘာ ၂၂ရက် နံနက် ၉း၃၀နာရီမှ နိုဝင်ဘာ ၂၉ရက် ညနေ ၁၆း၀၀နာရီအတွင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ အော်တိုတယ်လီဖုန်းဌာန၊ အမှတ် ၁၀၃၊ လမ်း ၄၀၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့တွင် တင်ဒါပုံစံများအား အမှတ်စဉ်(က)အတွက် တင်ဒါနှင့် RFP (Request for Proposal) တစ်စုံလျှင် ကျပ် ၁၀၀၀၀၀ နှုန်းဖြင့် ဝယ်ယူရရှိနိုင်ပါသည်။

၃။ (က) စက်ပစ္စည်းများ တင်သွင်းရောင်းချလိုသည့် ပြည်တွင်း ပြည်ပကုမ္ပဏီများသည် တင်ဒါပုံစံနှင့် RFP များတွင် ဖြည့်သွင်းရမည့်အချက်အလက်များ ပြည့်စုံစွာထည့်သွင်းလျက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ အမှတ် ၁၀၃၊ လမ်း ၄၀၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့သို့ ၂၀၁၃ခုနှစ် ဒီဇင်ဘာ ၄ရက် နံနက် ၉း၃၀နာရီမှ ဒီဇင်ဘာ ၁၆ ရက် နံနက် ၁၁နာရီအတွင်း တင်ဒါတင်သွင်းကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

၃။ (ခ) တင်ဒါတင်သွင်းရန် သတ်မှတ်ကာလထက်ကျော်လွန်သောတင်ဒါများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ စက်ပစ္စည်းများအား Price နှင့် Performance ယှဉ်တွဲစဉ်းစားရွေးချယ်သည့်နည်းလမ်းဖြင့် တင်ဒါစိစစ်၊ ဈေးနှုန်းစိစစ်ရွေးချယ်ဝယ်ယူမည်ဖြစ်ပါသည်။

၄။ တင်ဒါတင်သွင်းရန်နှင့် အသေးစိတ်သိရှိလိုသည်များရှိပါက မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ တယ်လီဖုန်းအမှတ် ၀၁-၃၇၀၄၄၄၊ ၀၁-၃၇၂၄၄၄ နှင့် ၀၉-၄၅၀၁၂၃၄၅၆၊ ၀၉-၅၀၂၁၀၈၅ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ကြောင်းအသိပေး ကြေညာအပ်ပါသည်။

**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း**

## ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းအဆင့်(၁)၊ မြေကွက်အမှတ်(၁၅၇၃)၊ အမည်ပေါက်ဦးဇော်ဝင်း SRM-၀၀၉၆၀၆၏မြေကွက်ကို လက်ရှိဝယ်ယူ ပိုင်ဆိုင်သူ ဒေါ်ကြည်ကြည်စန်း ၈/မကန(နိုင်)၀၈၉၁၉၈၈ မြေကွက်စလစ်(မူရင်း)၊ ငွေသွင်းချလန်(မူရင်း)နှင့် အရောင်းအဝယ်စာချုပ်(မူရင်း)များတင်ပြပြီး မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကြော်ငြာသည့်ရက်မှစ၍ ၁၄ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေယာရုံးခွဲ(၂)၊ မြေနှင့်အခွန်ဌာနခွဲ**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**
**သန်လျင်မြို့နယ်**

## ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းအဆင့်(၁)၊ မြေကွက်အမှတ်(၁၅၇၅)၊ အမည်ပေါက်ဦးတင်နိုင် ၁၂/သလန(နိုင်)၀၆၇၈၀၄၏မြေကွက်ကို လက်ရှိဝယ်ယူ ပိုင်ဆိုင်သူ ဒေါ်ကြည်ကြည်စန်း ၈/မကန(နိုင်)၀၈၉၁၉၈၈ မြေကွက်စလစ်(မူရင်း)၊ ငွေသွင်းချလန်(မူရင်း)နှင့် အရောင်းအဝယ်စာချုပ်(မူရင်း)များတင်ပြပြီး မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေယာရုံးခွဲ(၂)၊ မြေနှင့်အခွန်ဌာနခွဲ**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**
**သန်လျင်မြို့နယ်**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# မြန်မာ့နိုင်ငံရေးသမိုင်းကို လူငယ်တွေသိသင့်တယ်

မေးရေး-မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ-တင်စိုး

စာပေသြဇာက ပြည်သူများ အပေါ် မူလတန်းအရွယ်ကလေး များမှအစ လွှမ်းမိုးလေသည်။ စာကောင်းပေမွန်များကို လေ့လာ ဖတ်ရှုပြီးဘဝတစ်လျှောက်တိုးတက် ကြီးပွားသွားသူများ ဒုနှင့် ဒေးရှိကြ သည်။ စာကောင်းပေမွန်များကို လေ့လာပြုစုကြသည့် စာပေပညာ ရှင်များ၏ကျေးဇူးကားကြီးမားလေစွ။ ထိုသို့သော စာပေပညာရှင်များကို နိုင်ငံတော်က နှစ်စဉ်ရွေးချယ်ကာ အမျိုးသားစာပေတစ်သက်တာဆုနှင့် အမျိုးသားစာပေဆုများကို ဂုဏ်ပြု ချီးမြှင့်ပေးလျက်ရှိသည်။

၂၀၁၂ခုနှစ်အတွက်အမျိုးသား စာပေဆုများရရှိသည့် စာပေပညာ ရှင်များကို နိုဝင်ဘာ ၁၆ ရက်က သတင်း ထုတ်ပြန်လိုက်ပြီဖြစ်ရာ အမျိုးသား စာပေဆုရရှိသူများ အနက်မှ နိုင်ငံရေးဘာသာရပ်ဖြစ် သည့် "မြန်မာ့နိုင်ငံရေး လေ့လာ ဆန်းစစ်ချက် (၁၉၄၈-၁၉၈၈)" စာအုပ်ဖြင့် အမျိုးသားစာပေဆုရရှိ ခဲ့သည့် စာရေးဆရာကျော်ဝင်းနှင့် မြန်မာ့အလင်း သတင်းအဖွဲ့သွား ရောက်တွေ့ဆုံမေးမြန်းခဲ့သည်။



စာရေးဆရာ ကျော်ဝင်း၏ နိုင်ငံရေး ဘာသာရပ်ဖြင့် အမျိုးသား စာပေဆုရ စာအုပ်

"ဒီစာအုပ်ကိုရေးဖြစ်သွားတာ က အားလုံးက ဝိုင်းပြီးတိုက်တွန်းခဲ့ လို့ဖြစ်ပါတယ်။ ကျွန်တော်ကိုယ် တိုင်ကလည်း ကျောင်းသားလူငယ် တွေမြန်မာ့သမိုင်း ဖြစ်ရပ်တွေကိုသိ သင့်တယ်လို့ ထင်တယ်၊ သမိုင်းကို အပြစ်ရှာဖို့မဟုတ်ဘဲ သင်ခန်းစာ ယူဖို့ ရေးခဲ့ခြင်းဖြစ်ပါတယ်။ အခုက နိုင်ငံ ရေးခေတ်လို့ ပြောရမလိုဖြစ် နေတယ်။ ခေတ်ရေစီးကြောင်းအရ လည်း ပွင့်လင်းမှုတွေရှိလာပြီဆိုတော့ လူငယ်တွေအနေနဲ့ စိတ်လှုပ်ရှားမှုနဲ့ နိုင်ငံရေးလုပ်တာထက် ပညာနဲ့ချင့် ချိန်ပြီးလုပ်ရင် ပိုကောင်းမယ်လို့ ထင် ပါတယ်"ဟု စာရေးဆရာကျော်ဝင်း ကပြောသည်။

စာရေးဆရာ ကျော်ဝင်းသည် မုံရွာမြို့ဇာတိဖြစ်ပြီး ၁၉၅၂ ခုနှစ် ဧပြီ ၂၀ ရက်၌ မွေးဖွားခဲ့သူဖြစ်သည်။ စာပေစတင် ရေးသားခြင်းအဖြစ် ၁၉၉၇ ခုနှစ်က သင့်ဘဝ မဂ္ဂဇင်းတွင် "စိန်ခေါ်နေတဲ့ ဖွံ့ဖြိုးရေး"ဆောင်းပါး ဖြင့် စာပေလောကသို့ ရောက်ရှိခဲ့ခြင်း ဖြစ်သည်။ ယခုအခါ လုံးချင်းစာအုပ် ပေါင်း ၉၄ အုပ် ရေးသားပြီးဖြစ်သလို ဆောင်းပါးပေါင်းများစွာလည်းရေးသား ခဲ့ပြီးဖြစ်သည်။ စာပေဆုများအဖြစ် ထန်းရိပ်ညိုဆု၊ ဆရာဝန်တင် ရွှေဆု၊ သုတစွယ်စုံဆုများ ရရှိခဲ့ပြီး ၂၀၀၆ ခုနှစ်က"ကမ္ဘာပြားပြီ"ဟူသော စာအုပ် ဖြင့် ပထမဆုံးအကြိမ် အမျိုးသား စာပေဆုရရှိခဲ့သည်။

ယခုအခါ ဒုတိယအကြိမ် အမျိုးသားစာပေဆုရရှိခဲ့ခြင်းဖြစ်သည်။ ဆရာကျော်ဝင်းသည် လောလော ဆယ်တွင် " အရပ်ဘက်၊ စစ်ဘက် ဆက်ဆံရေးနှင့် ဒီမိုကရေစီ" ဟူသော ဘာသာပြန်စာအုပ်ရေးသားနေသလို "နိုင်ငံတကာ အစိုးရနဲ့လွှတ်တော် ထိန်းကျောင်းမှု"စသည့် စာအုပ်များ ရေးသားပြုစုလျက်ရှိသည်။

ဆက်လက်ပြီး စာပဒေ သာဘာ သာရပ်တွင် "ဖေဖေဗိုလ်လကျ်ာ" စာ အုပ်ဖြင့် အမျိုးသားစာပေဆု ရရှိခဲ့ သည့် စာရေးဆရာမ ဒေါက်တာ ခင်လကျ်ာနှင့်တွေ့ဆုံမေးမြန်းခဲ့သည်။

"ရေးခဲ့သမျှစာအုပ်တွေထဲမှာ ဒီ စာအုပ်က ငါးအုပ်မြောက်ဖြစ်ပါတယ်။ ၂၀၀၀ ပြည့်နှစ်က ယဉ်ကျေးမှု သင် တန်းမှာ ဆွေးနွေးဟောပြောခဲ့တာတွေ ကို အခြေပြုပြီး စာအုပ်အဖြစ် ရေးသားဖို့ တိုက်တွန်းကြလို့ ရေးဖြစ် ခဲ့တာပါ။ ဒီစာအုပ်ဖြစ်ဖို့အတွက် ၂၃ နှစ်လောက် အချိန်ယူပြုစုခဲ့ရတာ ဖြစ်ပါတယ်။ ဟိုးနှစ်ပေါင်း ၂၀ ကျော် လောက်ကတည်းက အချက်အလက် တွေ စုဆောင်းသိမ်းဆည်းလေ့လာခဲ့ရ



စာရေးဆရာမ ဒေါက်တာ ခင်လကျ်ာနှင့်သူ၏ အမျိုးသား စာပေဆုရ စာအုပ်

တာပါ။ အမေကိုလည်း အဖေနဲ့ ပတ် သက်တဲ့အကြောင်းအရာတွေ၊ ဓာတ်ပုံ မှတ်တမ်းတွေကို မေးမြန်းခဲ့ပါတယ်။ အခုလို အမျိုးသားစာပေဆုရရှိခဲ့တာမို့ လူသိနည်းတဲ့ သမိုင်းနဲ့ပတ်သက်တဲ့ အကြောင်းတွေ ဆက်ရေးဖြစ်သွား မှာပါ"ဟုစာရေးဆရာမကြီးဒေါက်တာ ခင်လကျ်ာက ပြောကြားသည်။

စာရေးဆရာမကြီး ဒေါက်တာ ခင်လကျ်ာမှာ ရန်ကုန်မြို့ဇာတိဖြစ်ကာ ၁၉၄၆ ခုနှစ်တွင် မွေးဖွားခဲ့ပြီး ၂၀၀၇ ခုနှစ် မေလတွင် "အမှတ်မထင် စွန့် စားခန်း" စာအုပ်ကို ပထမဆုံးရေး သားခဲ့ပြီး စာပေလောကသို့ စတင် ရောက်ရှိခဲ့ခြင်းဖြစ်သည်။ ယခုလော လောဆယ်တွင် ပန်းချီဆရာကြီး အမ် တင်အေးနှင့် ဗိုလ်လကျ်ာတို့၏ အနု ပညာလှုပ်ရှားမှုဖြစ်ရပ်များ၊ သမိုင်းဝင် ဖြစ်ရပ်များကို ရေးသားလျက်ရှိသည်။

ဆက်လက်ပြီး သုတပဒေသာ (အသုံးချသိပ္ပံ) ဘာသာရပ်တွင် "တိရစ္ဆာန်များမှ လူကိုကူးစက်တတ် သည့် ရောဂါများ"စာအုပ်ရေးသား သည့် စာရေးဆရာမ ဒေါက်တာ ခင်စန်းမော်နှင့် မြန်မာ့အလင်း သတင်း အဖွဲ့ သွားရောက်တွေ့ဆုံမေးမြန်း ခဲ့သည်။

"ဒီစာအုပ်ကို ရေးဖြစ်တာက အိမ်မွေးတိရစ္ဆာန်တွေကြောင့် လူ တွေကို ကူးစက်ရောဂါဖြစ်ပွားနိုင် တယ်ဆိုတာ သေသေချာချာအသိ ပေးချင်လို့ဖြစ်ပါတယ်။ အိမ်မွေး တိရစ္ဆာန်ဆိုတဲ့နေရာမှာ ချစ်လို့မွေး တဲ့ တိရစ္ဆာန်တွေအပြင် နွား၊ ဝက်၊ သိုး၊ မြင်း၊ ကြက်၊ ငှက်၊ ခွေး၊ ကြောင် စတဲ့ တိရစ္ဆာန်တွေလည်း ပါဝင်ပါ တယ်။ ဘယ်လိုရောဂါတွေကူးစက် နိုင်တယ်။ ဘယ်လိုအန္တရာယ်ရှိ တယ်။ ဘယ်လိုကာကွယ်ရမယ် ဆို တာတွေကို ရေးသားထားတာ ဖြစ်ပါ တယ်။ ကိုယ်တိုင်ကကျန်းမာရေး မကောင်းတာမို့ စာပေရေးသား



စာရေးဆရာမ ဒေါက်တာ ခင်စန်းမော်နှင့်သူ၏ အမျိုးသား စာပေဆုရစာအုပ်

ခြင်းနဲ့ ကျန်းမာအောင်နေထိုင်ပြီး ပြည်သူတွေအတွက် ကျန်းမာရေး စာပေတွေ ဆက်လက်ရေးသွားမှာ ပါ"ဟု စာရေးဆရာမ ဒေါက်တာ ခင်စန်းမော်က ပြောသည်။

စာရေးဆရာမ ဒေါက်တာ ခင်စန်း မော်သည် ၁၉၈၀-၁၉၈၁ ဒေသ ကောလိပ်(၂) နှစ်လည် မဂ္ဂဇင်းတွင် "မျက်ဝန်းနေခြည် လက်ချေပြီ" ဝတ္ထုဖြင့် စာပေ လောကသို့ စတင်ရောက်ရှိခဲ့သူ ဖြစ်သည်။ ယခုအခါလုံးချင်းစာအုပ် ၁၄အုပ် ထွက်ရှိခဲ့ပြီး ဆောင်းပါး ပေါင်း ၅၅၀ ကျော်ရေးသားခဲ့ပြီးဖြစ် သည်။ အမျိုးသားစာပေဆုကို ပထမဆုံးအကြိမ် ရရှိခဲ့ခြင်းဖြစ် သည်။ ။

## စာဖတ်ရှိန်မြှင့်တင်ရေးစာပေဟောပြောပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၉**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန် မြို့နယ်အတွင်းရှိ အမှတ်(၁)အခြေခံ ပညာအထက်တန်းကျောင်း ဧရာဝတီ ခန်းမ၌ နိုဝင်ဘာ ၁၃ ရက်မှ ၁၈ ရက်အထိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပညာ ရေးဝန်ကြီးဌာန၊ အမှတ်(၃)အခြေခံ ပညာဦးစီးဌာနနှင့်မြန်မာနိုင်ငံ စာကြည့် တိုက်များဖောင်ဒေးရှင်း၊ မြန်မာနိုင်ငံ စာရေးဆရာများအသင်းတို့ပူးပေါင်း ကာ စာဖတ်ရှိန်မြှင့်တင်ရေးအတွက် ဟောပြောပွဲဖွင့်ပွဲ ကျင်းပသည်။

ဖွင့်ပွဲကို အင်းစိန်မြို့နယ် အထက (၁)ဧရာဝတီခန်းမ၌ကျင်းပရာ စာရေး ဆရာ မနုဿ ကျော်ဝင်းက စာဖတ်သူ နှင့် စာငတ်သူ ခေါင်းစဉ်ဖြင့်လည်း ကောင်း၊ စာရေးဆရာ လယ်တွင်းသား စောချစ်က စာပေရဲ့ကျေးဇူး ခေါင်းစဉ် ဖြင့် လည်းကောင်းဟောပြောခဲ့ကြ သည်။

နိုဝင်ဘာ ၁၄ ရက်နှင့် ၁၅ ရက် များတွင် အင်းစိန်အထက(၂)ကျောင်း ခန်းမ၌ စာရေးဆရာမ မစန္ဒာက စာပေအကြောင်းသိကောင်းစရာကို လည်းကောင်း၊ ဆရာနွမ်ဂျာသိုင်းက စာရေးသူမှစာဖတ်သူသို့လည်းကောင်း ဟောပြောကြသည်။ ယင်းနောက် အထက(၃) အင်းစိန် အောင်ဆန်း တွင် မောင်စိန်ဝင်း(ပုတီးကုန်း)က ပန်းတိုင်သို့ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဆရာကောင်းသန့်က စာဖတ်ပါ တွေးခေါ်ပါခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောကြသည်။

ထို့အပြင် နိုဝင်ဘာ ၁၈ ရက်တွင် အထက (၄)၊ အထက(၅)၊ အထက (၆)၊ အထက(၇)တို့တွင်လည်း စာရေး ဆရာမောင်ငြိမ်းသူ(ကြို့ပင်ကောက်)၊ စာရေးဆရာမ ကြူကြူသင်း၊ ချစ်နိုင် (စိတ်ပညာ)၊ မောင်ကျေးဇူး၊ ဆရာ ဟိန်းလတ်၊ မှော်ဝန်းကြည်မြတ်၊ တက္ကသိုလ် စိုးရင်၊ မောင်မောင်မိုး အောင်တို့က ဟောပြောကြကြောင်း သိရသည်။ **မြင့်ဦး(အင်းစိန်)**

## အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ အခမ်းနားကျင်းပ

**ပဲခူး နိုဝင်ဘာ ၁၉**

ပြည်ထဲရေးဝန်ကြီးဌာန အထွေ ထွေအုပ်ချုပ်ရေးဦးစီးဌာန၏ နှစ်ပတ် လည် အခမ်းအနားကို ပဲခူးတိုင်းဒေသ ကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်း အဝေးခန်းမ၌ နိုဝင်ဘာ ၇ ရက် မွန်းလွဲ ၁ နာရီက ကျင်းပရာ မြို့နယ် အုပ်ချုပ်ရေးမှူးဦးသိဟကအထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသမိုင်းကြောင်း နှင့် လုပ်ငန်းများဆောင်ရွက်ရာတွင် ဥပဒေ၊ နည်းဥပဒေလုပ်ထုံးလုပ်နည်း များနှင့်အညီ ဆောင်ရွက်ကြရန်၊ ဒုတိယ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်နွယ်က လုပ်ငန်းများ ဆောင် ရွက်ရာတွင်စေတနာထားဆောင်ရွက် ကြရန်မှာကြားကာလုပ်ငန်းစွမ်းဆောင် ဆုရ မြင်ကဝ အုပ်စုမှ အငယ်တန်း စာရေး ဦးစိုးမြင့်၊ ဆင်မနီအုပ်စုမှ အငယ်တန်းစာရေး ဦးအောင်မြင့်၊ မအူကုန်းရပ်ကွက်မှ အငယ်တန်းစာ ရေး ဒေါ်သန္တာကျော်တို့အား မြို့နယ် အုပ်ချုပ်ရေးမှူး၊ ဒုတိယမြို့နယ်အုပ် ချုပ်ရေးမှူး၊ ဒုတိယဦးစီးမှူး ဦးငြိမ်း ချမ်းအောင်တို့ကဂုဏ်ပြုဆုငွေနှင့်ဂုဏ် ပြုလက်ဆောင်များ ပေးအပ်ပြီး တက် ရောက်လာကြသည့် ကျေးရွာအုပ်စု ၅၃အုပ်စုမှ အုပ်ချုပ်ရေးမှူးများကို အမှတ်တရ လက်ဆောင်များ ပေး အပ်သည့်ပြင် မြို့နယ်နှင့်ကျေးရွာအုပ် စုမှ စာရေးဝန်ထမ်းများအား အမှတ် တရပစ္စည်းများကို ကံစမ်းမဲများ နှိုက် ၍ ပေးအပ်ကြကြောင်း သိရသည်။ **(ဝ၉၈)**

စာပေမြင့်မှ လူမျိုးတင့်မည်


## တေးဂီတဖျော်ဖြေပွဲ ဖိတ်ခေါ်

ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နိုင်ငံတော် သံစုံတီးဝိုင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ပြင်သစ်သံရုံးနှင့် ပြင်သစ်နိုင်ငံမှ Quatuor Des Equilibres အဖွဲ့တို့ပူးပေါင်းတင်ဆက်သည့် Dream Event 2013 တေးဂီတဖျော်ဖြေပွဲကို ဂီတစာဆို တီးဝိုင်း ခေါင်းဆောင် Odile PERCEAU မှ Handel and Bach တို့ရဲ့ ကျော်ကြား လှတဲ့ ဂီတအပိုင်းအစများနဲ့ သူမကိုယ်တိုင်ဖွဲ့သီထားတဲ့ ဂီတသံစဉ်များကို ရန်ကုန်မြို့ အမျိုးသားကဇာတ်ရုံမှာ ၂၀၁၃ခုနှစ် နိုဝင်ဘာ ၂၁ ရက် ညနေ ၆:၃၀ နာရီတွင်လည်းကောင်း၊ မန္တလေးမြို့ အမျိုးသားကဇာတ်ရုံမှာ ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၂၃ ရက် ညနေ ၆:၃၀ နာရီတွင်လည်းကောင်း ဖျော်ဖြေ တင်ဆက်ပေးမှာဖြစ်ပါတယ်။ ဒီလိုထူးခြားတဲ့ ဂန္ထဝင်ဂီတဆည်းဆာ ညနေ ခင်းလေးကို မည်သူမဆို အခမဲ့ လာရောက်နားသောတဆင်ကြဖို့ ဖိတ်ခေါ် အပ်ပါတယ်။

အသေးစိတ်ကို (French Institute) ဖုန်း- ၅၃၅၄၂၈၊ ၅၃၆၉၀၀ နှင့် ၅၃၇၁၂၂ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

## ဗဟိုနိုင်ငံရေးတက္ကသိုလ် ဆရာဟောင်းများတွေ့ဆုံပွဲ ဖိတ်ကြားလွှာ

ဗဟိုနိုင်ငံရေးတက္ကသိုလ် ဆရာဟောင်းများ၏ တတိယအကြိမ်မြောက် တွေ့ဆုံပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့်မပျက်မကွက်တက်ရောက်ချီးမြှင့်ကြပါရန် ဆရာ ဆရာမဟောင်းများအားလုံးကို လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**အချိန်** - နံနက် ၁၀-၁၂ နာရီ(နံနက်စာ ဘူဖေး)
**နေ့ရက်** - ၂၃-၁၁-၂၀၁၃ ရက်(စနေနေ့)
**နေရာ** - Excel Restaurant
Excel Treasure Hotel၊
ရွှေဂုံတိုင်မီးပွိုင့်အနီး

**ကျင်းပရေးအဖွဲ့**
**ဖုန်း-၀၉-၇၃၀၆၉၀၂၀**

## မဟာဗောဓိ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့၏ ကျေးဇူးတင်လွှာ

ဇမ္ဗူသီဟဗုဒ္ဓဂယာဘုရားဖူးအဖွဲ့၏ ပထမဆုံးဘုရားဖူးခရီးစဉ်ဖြစ်သည့် ၂၀-၁၀-၂၀၁၃ ရက်မှ ၃-၁၁-၂၀၁၃ရက်အထိ မဇ္ဈိမဒေသတစ်ခွင် မဟာဗုဒ္ဓဝင်ခရီးစဉ်များသို့ လိုက်ပါကြသည့် ရွှေကျီးကျောင်းတိုက်ဆရာတော်၊ ထားဝယ်ဆရာလေးများ၊ သာယာဝတီမြို့နှင့် ရန်ကုန်မြို့မှ ဓမ္မမိတ်ဆွေများအားလုံးတို့အား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ရှစ်ရက်နှင့် ၁၅ ရက်ခရီးစဉ် များကိုလည်း အောက်ပါနေ့ရက်များအတိုင်း ဆက်လက်ပို့ဆောင်ပေးပါမည်။

(၁) ၂၀-၁၀-၂၀၁၃ ရက် (ပြန်လည်ရောက်ရှိ)၊ (၂) ၁၇-၁၁-၂၀၁၃ ရက် (ခရီးထွက်ခွာ)၊ (၃) ၂၉-၁၂-၂၀၁၃ရက်၊ (၄) ၂၆-၁-၂၀၁၄ ရက်၊ (၅) ၂၃-၂-၂၀၁၄ ရက်၊ (၆) ၂၃-၃-၂၀၁၄ ရက်၊ (၇) ၁၃-၄-၂၀၁၄ ရက်

မြတ်စွာဘုရားရှင်၏ မေတ္တာစေတီ ပျံ့နှံ့လွှမ်းခြုံရာ ဗုဒ္ဓဂယာမြေမြတ်မဟာသည် အလွန် ထူးခြား၍ ကြည်ညိုဖွယ်ရာဒေသဖြစ်ပါသည်။ ဇမ္ဗူသီဟ ဗုဒ္ဓဂယာဘုရားဖူးပို့ဆောင်ရေးအဖွဲ့မှ ကုသိုလ်ပါဝင်၍ သင့်တင့်မျှတသောဈေးနှုန်းဖြင့် ပါရမီဖြည့် ပို့ဆောင်ပေးလျက်ရှိပါသည်။

အထူးခရီးစဉ် ခုနစ်ညအိပ် ရှစ်ရက်ခရီး ခုနစ်သိန်း စရိတ်ငြိမ်း၊ ၁၄ ညအိပ် ၁၅ရက်ခရီး ၇.၅ သိန်း စရိတ်ငြိမ်း။

**အန်တီ နန်းနန်း**
**ရုံးခန်း-၂၅ ဦးဖိုးလမ်း (မင်းလမ်းနှင့် ဆီဆုံလမ်းကြား)**
**စမ်းချောင်းမြို့နယ်၊ ဖုန်း-၀၁-၅၁၀၃၇၅၊ ၀၉-၅၂၅၀၅၄၈၊ ၀၉-၅၀၀၇၂၈၄၊**
**ဒေါ်ခင်ဥမ္မာအောင် ဖုန်း-၀၉-၃၁၅၈၈၇၁၀၊ ၀၉-၄၉၃၅၁၂၂၅၊**
**စ/၂၈၈၊ သပြေလမ်း၊ စဝ်စံထွန်းရပ်ကွက်၊ တောင်ကြီးမြို့**


## ထားဝယ်အသင်း ပညာထူးချွန်ဆုများချီးမြှင့်ရန် လျှောက်လွှာခေါ်ယူခြင်း

၂၀၁၂-၂၀၁၃ ခုနှစ်တွင် ပါရဂူဘွဲ့ရရှိသူများ၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ကြသည့် အသင်းဝင်များ၏ သားသမီးများ၊ ဂုဏ်ထူးလေးဘာသာနှင့်အထက်ရရှိသော အသင်းဝင်မဟုတ်သည့် ထားဝယ်ကျောင်းသား ကျောင်းသူများ၊ အသက်မွေးဝမ်းကျောင်း တက္ကသိုလ်တက်ခွင့်ရရှိပြီး ပညာသင်ထောက်ပံ့ကြေး ခံစားခွင့်လျှောက်ထားလိုသည့် အသင်းဝင် များ၏ သားသမီးများသည် အသင်းရုံးတွင် သတ်မှတ်ပုံစံထုတ်ယူဖြည့်စွက်ပြီး အထောက်အထား များနှင့်တကွ ၃၁-၁၂-၂၀၁၃ရက် နောက်ဆုံးထား၍ ပေးပို့လျှောက်ထားနိုင်ပါသည်။

**ပညာရေးကော်မတီ၊ ထားဝယ်အသင်း**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ဒက္ခိဏသီရိအလယ်ရပ်၊ မြေကွက်အမှတ် ဒ-၃၀၀၇၅၊ ၃၀၀၇၆၊ ၃၀၀၇၇၊ ၃၀၀၇၈ မြေကွက်မှာ ဒေါ်အေးမြတ်ထွေး (ဘ) ဦးငွေဦး(ခ)ဝင်းဇော် ၉/မကန(နိုင်)၁၀၀၀၄၀အမည်ဖြင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီက ချထားပေးသော မြေကွက်ဖြစ်ပါသည်။

အဆိုပါမြေကွက်နှင့်မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား လက်ဝယ်ရရှိပိုင်ဆိုင် ထားသူ ဒေါ်အေးမြတ်ထွေး (ဘ) ဦးငွေဦး(ခ)ဝင်းဇော် ၉/မကန(နိုင်)၁၀၀၀၄၀က အထက် ဖော်ပြပါမြေကွက်အား ပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်မှ ငွေပေးချေပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့် ပတ်သက်၍ မြေစီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်မည်ဖြစ်ပါ၍ကန့်ကွက်လိုပါက ယနေ့မှစ၍၁၄ရက်အတွင်းတရားဝင်မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက် အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်မြင့်မြင့်**
**၉/မနမ(နိုင်)၀၉၈၈၃၅**

## မိဘအမည်မှန်

မိတ္ထီလာမြို့ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ချည်စက် အဌမတန်း(က)မှ မောင်ဇေယျာကောင်းဆက်၏ မိဘအမည်မှန်မှာ ဦးကိုကိုနေလင်းထွန်း ၉/မထလ(နိုင်)၂၂၁၉၀၂- ဒေါ်ငြိမ်းငြိမ်းအေး ၉/မထလ(နိုင်)၂၂၂၃၈၇ ဖြစ်ပါကြောင်း။

**ဦးကိုကိုနေလင်းထွန်း-ဒေါ်ငြိမ်းငြိမ်းအေး**

# ပန်းဘဲတန်းမြို့နယ်တွင် တရားမဝင်မော်တော်ယာဉ် တစ်စီးဖမ်းဆီးရမိ

**ရန်ကုန် နိုဝင်ဘာ ၁၉**

နိုဝင်ဘာ ၁၅ ရက် ညနေ ၅ နာရီခွဲက ယာဉ်ထိန်းတပ်ဖွဲ့စု(၃၄)မှ တပ်ဖွဲ့ဝင်များသည်ပန်းဘဲတန်းမြို့နယ် (၂)ရပ်ကွက် အနော်ရထာလမ်းနှင့် ကုန်ဈေးတန်းလမ်းထိပ်တွင် ယာဉ်ရှင်း/စည်းကမ်းမဲ့ယာဉ် ဖမ်းဆီးရေး တာဝန်ဆောင်ရွက်နေစဉ် မင်းမင်းသွင် ယုဇနဉယျာဉ်မြို့တော် ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်နေသူ မောင်းနှင်လာသော K9/... နံပါတ်တပ်ဆင်ထားသည့် Honda Fit မိုးပြာရောင်ယာဉ်ကို တွေ့ရှိစစ်ဆေးရာ ယာဉ်မောင်း မင်းမင်းသွင်၏ဘေးတွင် လိုက်ပါစီးနင်းသူ ယာဉ်ပိုင်ရှင် ကိုရဲဇော်(ခ)မိုဟာမက်ကူးမား (၉၂)ရပ်ကွက် ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်နေသူတို့နှစ်ဦးကို ယာဉ်နှင့်အတူ တွေ့ရှိရပြီး ယာဉ်နှင့် ပတ်သက်သည့် တရားဝင် စာရွက်စာတမ်း တစ်စုံတစ်ရာပြသနိုင်ခြင်းမရှိသဖြင့် ပန်းဘဲတန်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**စိုးဝင်း(SP)**



## ဆောင်းသီးနှံအကောင်အထည်ဖော်ရေး တာဝန်ပေးအပ်

**ကသာ နိုဝင်ဘာ ၁၉**

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဆောင်းသီးနှံရည်မှန်းချက်များ အကောင်အထည်ဖော်ရေးတာဝန်ပေးအပ်ပွဲကို နိုဝင်ဘာ ၁၅ ရက် မွန်းလွဲ ၁ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစိန်ထွန်း တက်ရောက်အမှာစကား ပြောကြားသည်။

**ပြုလုပ်ခြင်း**

အခမ်းအနားတွင် မြို့နယ်စီမံကိန်းဦးစီးမှူးက ထုတ်လုပ်မှုကဏ္ဍ ပိုမိုတိုးတက်စေရန်၊ နှမ်းစပါး၊ မတ်ပဲ၊ ပဲတီစိမ်းကဲ့သို့သော ပဲအမျိုးမျိုး၊ ငရုတ်၊ ကြက်သွန်စသော အိမ်သုံးသီးနှံများကို ဒေသဝမ်းစာဖူလုံရုံမျှသာမက ပိုလျှံထုတ်လုပ်ရန် ရည်ရွယ်၍ ပြုလုပ်ခြင်းဖြစ်ပြီး လျာထားဧက ၁၅၇၃၂ ရှိကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# မြတ်မဥ္ဇူ နှစ်ထပ် ကျောင်းဆောင်သစ် ဖွင့်ပွဲကျင်းပ

**စစ်ကိုင်း နိုဝင်ဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ ရွှေမင်းဝံ အခြေခံပညာအလယ်တန်းကျောင်းဝင်းအတွင်းရှိ မြတ်မဥ္ဇူ နှစ်ထပ် ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၅ ရက် မွန်းလွဲ ၁ နာရီက အဆိုပါကျောင်း၌ ကျင်းပရာ ခရိုင်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးမြင့်ဝေ၊ ခရိုင်ပညာရေးမှူး ဦးမင်းဦး၊ ကျောင်းအကျိုးတော်ဆောင် တိုင်းပညာညွှန်ကြားရေးမှူး (ငြိမ်း) ဦးအေးကိုတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြကာ တိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီး ဦးတင်ဝင်းက ကျောင်းဆောင်သစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။ ထို့နောက် ကျောင်းဆောင်သစ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို တာဝန်ရှိသူတစ်ဦးကပေးအပ်ရာ မြို့နယ်ပညာရေးမှူးဦးညွန့်လွင်က လက်ခံယူပြီး ကျောင်းဆောင်သစ် အထိမ်းအမှတ်အလံများကို ကျောင်းအကျိုးတော်ဆောင်အဖွဲ့များက ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံယူကြသည်။

**အကုန်အကျခံ**

အဆိုပါ နှစ်ထပ်ကျောင်းဆောင်သစ်မှာ အလျား ပေ ၁၂၀၊ အနံ ပေ ၃၀၊ အမြင့် ၂၅ ပေ၊ သွပ်မိုးအုတ်ကာ၊ အုတ်ခင်းဖြစ်ပြီး ဌာနရန်ပုံ ငွေကျပ် ၈၆၄ သိန်း အကုန်အကျခံတည်ဆောက်ခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

**ပြည်တွင်းသတင်းနှင့်ဆောင်းပါး**

# မီးဘေးအန္တရာယ်နှင့် စည်းကမ်းမဲ့နေအိမ်ဆောက်လုပ်မှုများ

မိုးရာသီကုန်ဆုံး၍ ဆောင်းရာသီသို့ရောက်ရှိလာခြင်းနှင့်အတူ မီးလောင်မှုသတင်းများကို စတင်ဖတ်ရှုနေရပါသည်။ အလွန်ကြောက်စရာကောင်းပါသည်။ မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက် မီးသတ်ရေကန်များ ရေဖြည့်ခြင်း၊ သဲအိတ်၊ ရေအိတ်၊ မီးချိတ်၊ မီးကပ်များအသင့်ထားရှိရေးအပါ အဝင် ကြိုတင်ပြင်ဆင်မှုနှင့်ပညာပေးမှုများ ပြုလုပ်လျက်ရှိသော်လည်း မီးလောင်ချိန်တွင် ထိရောက်စွာ ငြိမ်းသတ်နိုင်ခြင်းမရှိကြောင်းကိုလည်း ပြည်သူများ သိပြီးဖြစ်ပါသည်။

မီးဘေးအန္တရာယ်ကာကွယ်ရေးနှင့်ပတ်သက်၍ စိတ်ကူးဖြင့်အတွေးနယ်ချဲ့ရာမှ သတိပြုမိသောအကြောင်းတစ်ခုကို တင်ပြလိုပါသည်။ မြို့တိုင်းနယ်တိုင်းတွင် လူဦးရေတိုးပွားများပြားလာသည်နှင့်အမျှ နေထိုင်မှုအတွက် အိုးသစ်အိမ်သစ်များ ဆောက်လုပ်ကြရပါသည်။ မြို့ပြနယ်နိမိတ်အတွင်း တည်ရှိသည့်မြေမှာ ထပ်မံတိုးချဲ့၍မရနိုင်သည့်အလျောက် ရှိသည့်မြေပေါ်တွင် စနစ်တကျမဟုတ်သော အိမ်ရာဆောက်လုပ်မှုများကို တွေ့မြင်နေရပါသည်။

မြို့ပြကို စတင်အကွက်ချစဉ်က မြေအကျယ်အဝန်းမှာ အိမ်ရာတစ်ကွက်အတွက် အနည်းဆုံးပေ (၄၀×၆၀) အကျယ်အဝန်းသတ်မှတ်ခဲ့သော်လည်း မြေတစ်ဝက်ပိုင်း၍ ယခုအခါ ပေ (၂၀×၆၀) တွင်နေအိမ်ဆောက်လုပ်နေထိုင်သူများ များပြားလာပါသည်။ ယင်းပေ (၂၀×၆၀) ပေါ်တွင် နေထိုင်ရင်းသားသမီးများအိမ်ထောင်ကျသောအခါ အိမ်၏မျက်နှာစာတွင်လည်းကောင်း၊ အိမ်၏နောက်ဘက်တွင်လည်းကောင်း အိမ်များထပ်မံတိုးပွားလာတတ်ပါသည်။ ထိုအခါ တစ်အိမ်နှင့်တစ်အိမ်သည် လွန်စွာနီးကပ်သွားပြီး မီးဘေးအန္တရာယ် လွန်စွာစိုးရိမ်ရသည့်အခြေအနေသို့ ရောက်ရှိသွားပါတော့သည်။

ပဲခူးမြို့၏ ရပ်ကွက်များတွင် ယခုအခါ ၁၀ ပေ၊ အကျယ် ၁၂ ပေ မြေပေါ်တွင် နေအိမ်ဆောက်လုပ် နေထိုင်မှုများ လွန်စွာများပြားလာရာ မီးလောင်မှုဖြစ်ပွားပါက ကူးစက်ရန် အလွန်လွယ်ကူသည့်အခြေအနေသို့ ရောက်ရှိနေပြီဖြစ်ပါသည်။ ဟံသာဝတီမြို့ရိုးပေါ်ရှိ ကျူးကျော်အိမ်များ၊ ရှေးဟောင်းကျုံးထဲရှိ ကျူးကျော်အိမ်များ၏ မီးဖိုများသည်လည်း မီးဘေးအန္တရာယ်နှင့်လက်တစ်ကမ်းအကွာတွင် ရောက်နေကြပြီဖြစ်ပါသည်။ မြို့ပြစည်ပင်သာယာရေးအတွက် အဆောက်အအုံဆောက်လုပ်ရာတွင် စည်ပင်သာယာရေးအဖွဲ့၏ ခွင့်ပြုချက်ရယူရန်လိုအပ်သော်လည်း ခွင့်ပြုချက်မတောင်းဘဲ စည်းမဲ့ကမ်းမဲ့ နေအိမ်ဆောက်လုပ်နေမှုများကို သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးများမှတစ်ဆင့် ထိန်းကွပ်ရန် အချိန်ကျရောက်နေပြီဖြစ်ပါသည်။

ပဲခူးမြို့သည် သမိုင်းဝင်အထင်ကရ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ၊ တန်ခိုးကြီးဘုရားစေတီများ၊ သာသနိကအဆောက်အအုံများ အထူးများပြားသောမြို့ဖြစ်ရာ မီးဘေးအန္တရာယ်ကျရောက်ခြင်းဖြင့် အစားထိုး၍မရနိုင်သော ယဉ်ကျေးမှုအမွေအနှစ်များ ပျက်စီးဆုံးရှုံးသွားမည့်အရေး ရင်လေးဖွယ်ရာဖြစ်ပါသည်။ သက်ဆိုင်ရာတို့က မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက် ပညာပေးခြင်း၊ သတိပေးခြင်း၊ နှိုးဆော်ခြင်းများပြုလုပ်နေရာတွင် တစ်ခြိတ်တည်း၌ တံစက်မြိတ်ချင်းထိစပ်လုနီးမျှဆောက်လုပ်နေထိုင်လျက်ရှိခြင်းများကို ကြည့်ရှုစစ်ဆေးပြီး အရေးယူဆောင်ရွက်မှုများပြုလုပ်ရန် လိုအပ်ပါကြောင်း တိုက်တွန်းတင်ပြလိုက်ရပါသည်။

**စိန်လှိုင်ဗိုလ်**

# တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့တွင် ဘိန်းစာမှုန့်နှင့်စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၁၉**

အမှတ် (၃၄) မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(ကော့သောင်း)မှ တပ်ဖွဲ့ဝင်များသည် နိုဝင်ဘာ ၁၅ ရက် ညနေ ၆ နာရီခန့်က မူးယစ်ဆေးဝါးသတင်းအရ သက်သေများနှင့်အတူ ကော့သောင်းမြို့ အဏ္ဏဝါရပ်ကွက် ဓမ္မာရုံကူးတို့ဆိပ်သို့ ဆိုက်ကပ်လာသည့် ပွဲချိတ်စက်လှေပေါ်မှ ဆင်းလာသည့် ကော့သောင်းမြို့ ရွှေဇင်ယော်ရပ်ကွက်နေ ငွေထွန်း(ခ) ကုလား (၃၀ နှစ်)ကို စစ်ဆေးရှာဖွေခဲ့သည်။

ထိုသို့စစ်ဆေးရာ ငွေထွန်း၏ အင်္ကျီအိတ်အတွင်းမှ WY စာတန်းပါ လိမ္မော်ရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၄ ပြား၊ တန်ဖိုးငွေကျပ် ၇၇၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ အဏ္ဏဝါရပ်ကွက်နေ အောင်အောင်လင်း (၃၂နှစ်) ထံမှ သုံးစွဲရန်နှင့် ပြန်လည်ရောင်းချရန်ဝယ်ယူခဲ့ကြောင်း သိရှိရသဖြင့် အောင်အောင်လင်း၏ နေအိမ်၌ ဆက်လက်ရှာဖွေစဉ် နေအိမ်ပြတင်းပေါက်မှ အောင်အောင်လင်းပစ်ချလိုက်သည့် ကြွပ်ကြွပ်အိတ်အတွင်းမှ ဘိန်းစာမှုန့် ၁၁၆ ဂရမ်၊ တန်ဖိုးငွေကျပ် ၁၇၄၀၀၊ WY စာတန်းပါ လိမ္မော်ရောင်စိတ်ကြွရူးသွပ်ဆေးပြား ၃၂၀၊ တန်ဖိုးငွေကျပ် ၁၇ ဒသမ ၆ သိန်းကို ထပ်မံသိမ်းဆည်းရမိခဲ့သောကြောင့် ၎င်းတို့နှစ်ဦးအား ကော့သောင်းမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**(ရဲပြန်ကြား)**

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

# နှစ်လုံးထီ လောင်းကစားပြုလုပ်သူ အရေးယူ

**နေပြည်တော် နိုဝင်ဘာ ၁၉**

ပြင်ဦးလွင်ခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် လောင်းကစားသတင်းအရ သက်သေများနှင့်အတူ နိုဝင်ဘာ ၁၅ ရက် နံနက် ၁၁ နာရီ ၁၅ မိနစ်ခန့်က မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး (၁)နေ မနုနုနွယ်(ခ) နုနုသွယ် (၃၇ နှစ်) ၏ နေအိမ်ကို ဝင်ရောက်ရှာဖွေခဲ့သည်။ ထိုသို့ရှာဖွေရာ နှစ်လုံး/ခဲ ထီလောင်းကစားရာတွင် အသုံးပြုသည့် စာရွက်စာတမ်းများ၊ လောင်းကြေးငွေကျပ် ၃၄၇၇၄၅၀၊ လက်ကိုင်ဖုန်းတစ်လုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် ပြင်ဦးလွင်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(ရဲပြန်ကြား)**



## ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန
## (ပြည်သူ့ကျန်းမာရေးကြီးကြပ်-၂ ဝင်ခွင့်စာမေးပွဲ)

(၁) ရေးဖြေ- ၂၄-၁၁-၂၀၁၃ရက် (တနင်္ဂနွေနေ့) အခြေခံပညာအထက်တန်းဆင့် အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတမေးခွန်း

**ဖြေဆိုရမည့်အချိန် - ၀၉:၀၀ နာရီမှ ၁၁:၀၀ နာရီအထိ**

(၂) စာစစ်ဌာန

(က) အထက(၁)လသာ - ခုံအမှတ်-(ရကတ-၀၀၀၁)မှ (ရကတ-၀၅၀၈)အထိ

(ခ) အထက(၂)လသာ - ခုံအမှတ်-(ရကတ-၀၅၀၉)မှ (ရကတ-၁၀၇၈)အထိ

(၃) ဖြေဆိုခွင့်ကတ်ပြား ထုတ်ပေးမည့်အချိန်

၂၀-၁၁-၂၀၁၃ရက်မှ ၂၃-၁၁-၂၀၁၃ရက် - နံနက် ၉:၀၀နာရီမှ ညနေ ၅:၀၀နာရီအတွင်း

(၄) ဖြေဆိုခွင့်ကတ်ပြားထုတ်ပေးမည့်နေရာ

ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန၊ အမှတ် ၅၂၀၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၅၄၄၂၇၉၊ ၀၉-၃၁၃၃၅၅၆၆၊ ၀၉-၃၁၃၃၅၅၇၇

**မှတ်ချက်။** ဖြေဆိုမည့်သူကိုယ်တိုင် နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း)ကို ယူဆောင်၍ လာရောက်ထုတ်ယူရန်။

(၅) နှုတ်ဖြေ ဖြေဆိုခွင့်ရရှိသူများစာရင်းနှင့် ဖြေဆိုရမည့်ရက်ကို ၂၈-၁၁-၂၀၁၃ ရက် (ကြာသပတေးနေ့)တွင်ရန်ကုန်တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာန၌ကြေညာထားမည်ဖြစ်ပါသည်။ နှုတ်ဖြေ ဖြေဆိုရန် လာရောက်သည့်အခါတွင် နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း)နှင့် အခြေခံပညာအထက်တန်းအောင်လက်မှတ်မူရင်းတို့ကို ယူဆောင်လာရမည်ဖြစ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး၊ ကျန်းမာရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် မြို့သစ်(က)၊ မြေကွက်အမှတ် ၅၂၈(ခ)၊ မြေကွက်တည်နေရာအမှတ်(၈၀/က)၊ ၆ လမ်း(က+ခ)ရပ်ကွက်၊ အင်းစိန်မြို့နယ် ဦးဝင်းမြင့် အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်ဦးဝင်းမြင့် ကွယ်လွန်သဖြင့် ဒေါ်သန်းသန်းလှ ၁၂/အစန(နိုင်)၀၃၅၃၇၄က ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

စွမ်းအင်ဝန်ကြီးဌာန

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း

## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

(၁၃/၂၀၁၃)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းများအား နိုင်ငံခြားငွေ (အမေရိကန် ဒေါ်လာ)ဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | မှတ်ချက် |
|---|---|---|---|---|
| (၁) | IFB-105(2013-2014) | 2 7/8", 4 1/2" & 5" Drill Pipe | (3) Items | US$ |
| (၂) | IFB-106(2013-2014) | Annular Blow Out Preventers | (2) Nos | US$ |
| (၃) | IFB-107(2013-2014) | Interpretation Workstation | (1) Lot | US$ |
| (၄) | IFB-108(2013-2014) | Data Processing Centre | (1) Lot | US$ |
| (၅) | IFB-109(2013-2014) | Data Acquisition Sercel 428 Telememtry Recording System | (1) Lot | US$ |
| (၆) | IFB-110(2013-2014) | SSB/HF & VHF/FM Transceiver | (4) Items | US$ |
| (၇) | IFB-111(2013-2014) | Spare for VSAT | (2) Items | US$ |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ် (၄၄)၊ နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၁၈-၁၂-၂၀၁၃ရက် ရုံးချိန်အတွင်း ၁၆း၃၀နာရီတွင်နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့ လုပ်ငန်း၊ ရုံးအမှတ် ၄၄၊ နေပြည်တော်သို့ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း**

**ဖုန်း-၀၆၇-၄၁၁၀၉၇၊ ၄၁၁၂၀၆**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၂ယ/၂၂၄၄၀၊ Honda Wave 125 ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းထွန်းကျော် ၉/မခန(နိုင်)၁၈၈၆၅၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မြင်းခြံမြို့)**

မှုခင်းသတင်းနှင့်ကြော်ငြာ

## ကောလင်းမြို့နယ်အတွင်း မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

**ကောလင်း နိုဝင်ဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကောလင်းမြို့နယ် ကြို့ပင်ရွာအနောက်ဘက် မူးမြစ်ကမ်း ကူးတို့ဆိပ်အနီးတွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၁၅ ရက် ညနေ ၃ နာရီက ကောလင်းမြို့နယ် ချောင်းနားရဲစခန်းမှူး ဒုရဲအုပ်ဇော်ဝင်းနှင့်အဖွဲ့သည် ကောလင်းရဲစခန်းမှ နယ်ထိန်းဒုရဲအုပ်တင်မိုးအဖွဲ့နှင့်ပူးပေါင်းပြီး သက်သေများနှင့်အတူ ကြို့ပင်ရွာအနောက်ဘက် မူးမြစ်ကမ်းကူးတို့ဆိပ်အနီးတွင် သတင်းအရ စောင့်ဆိုင်းနေစဉ် အောင်ကျော်စိုးဝင်း ဆိုသူကိုတွေ့ရှိ၍ စစ်ဆေးရှာဖွေရာ ၎င်းဝတ်ဆင်ထားသော အနွေးထည်အကျႌအိတ်ကပ်အတွင်းမှ ဘိန်းဖြူ အလေးချိန် ၀ ဒသမ ၆၄ ဂရမ်၊ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ခုနစ်ပြားနှင့်ငွေစက္ကူရောရောကျပ်၁၃၄၇၅၀၀တို့ကို ရှာဖွေစစ်ဆေးတွေ့ရှိသည်။

သို့ဖြစ်၍ မူးယစ်ဆေးဝါးလက်ဝယ်ကိုင်ဆောင်သူ အောင်ကျော်စိုးဝင်း (၃၁ နှစ်) နောင်မူးကျေးရွာ ပင်လည်ဘူးမြို့နယ်နေသူကို ဖမ်းဆီးအရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

အလားတူ ယင်းညနေ ၃ နာရီ မိနစ်၂၀ က ကောလင်းရဲစခန်းမှ နယ်ထိန်းဒုရဲအုပ်တင်မိုးနှင့်အဖွဲ့သည် သက်သေများနှင့်အတူ ကြို့ပင်ရွာ မူးချောင်းအနီး မြစ်ကမ်းဘေးတွင် သတင်းအရစောင့်ဆိုင်းနေစဉ် ထွန်းနိုင်ဆိုသူကို တွေ့ရှိရသဖြင့် ၎င်းအားစစ်ဆေးရှာဖွေရာ ၎င်းဝတ်ဆင်ထားသော ပုဆိုးခါးပုံစအတွင်းမှ ဘိန်းဖြူ အလေးချိန် ၀ ဒသမ ၀၅ ဂရမ်ပါ ပင်နီဆီလင်ပုလင်းတစ်လုံးနှင့် ၎င်းလက်ထဲမှ ဆုပ်ကိုင်ထားသော အပ်တပ်လျက်ဆေးထိုးပိုက် တစ်ချောင်းတို့ကို ရှာဖွေတွေ့ရှိခဲ့သည်။

မူးယစ်ဆေးဝါးလက်ဝယ်ကိုင်ဆောင်သူ ထွန်းနိုင် (၃၇နှစ်) လယ်ပင်ဆိပ်ရွာ ကျွန်းလှမြို့နယ်နေသူအား ဖမ်းဆီးအရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **လူအောင်(ကသာ)**

## အမျိုးသမီးတစ်ဦး ဆေးမှားသောက်၍သေဆုံး

**မြောင် နိုဝင်ဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ် ကျောက်တန်းအနောက်ရွာ ဒေါ်သန်းလှ ရက်ကန်းလုပ်ကိုင်သူသည် ဗိုက်မကောင်း၍ ဆေးမှားသောက်ရာမှ ကျောက်ရစ်တိုက်နယ်ဆေးရုံသို့လာရောက်ပြသစဉ် သေဆုံးသွားသည့်ဖြစ်ရပ် တစ်ခုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၁၄ ရက် နံနက် ၉ နာရီက ဒုရဲအုပ်အောင်မျိုးထွန်း တာဝန်ထမ်းဆောင်နေစဉ် ကျောက်ရစ်တိုက်နယ်ဆရာဝန် ဒေါက်တာ ကျော်မျိုးက ကျောက်ရစ်ဆေးရုံတွင် ဆေးမှားသောက်၍ လာပြသည့် အမျိုးသမီးတစ်ဦး သေဆုံးသွားကြောင်း အကြောင်းကြားချက်အရ ဆေးရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ရာ အဆိုပါအမျိုးသမီးမှာ နိုဝင်ဘာ ၁၃ ရက် ည ၁၁ နာရီခန့်က ဝမ်းဗိုက်မကောင်း၍ ဆေးထသောက်ပြီး အိမ်ရာထဲသို့ ဝင်အိပ်ရာမှ အော့အန်ပြီးဝမ်းသွားခဲ့ရာ အိမ်သာထဲတွင်မထနိုင်၍ နေအိမ်ရှိခင်ပွန်းဖြစ်သူ ဦးနိုင်လွင်ဦးက သွားရောက်ထူခဲ့ပြီး နံနက်မိုးလင်းသည့်အခါ ကျောက်ရစ်တိုက်နယ်ဆေးရုံသို့ သွားရောက်ကုသခဲ့သည်။ ဆေးရုံသို့ရောက်ပြီး တစ်နာရီကျော်ခန့်တွင် သေဆုံးသွားခဲ့ရာ ဓမ္မတာအတိုင်း သေဆုံးခြင်းဟုတ်မဟုတ် ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**



## အရက်မူးပြီး မရီးနေအိမ်တဲကို မီးရှို့သူ ဖမ်းဆီးခံရ

**သနပ်ပင် နိုဝင်ဘာ ၁၉**

သနပ်ပင်မြို့နယ် ခရမ်းညောင်ပင်ကျေးရွာတွင် အရက်မူးသူတစ်ဦးက မရီးတော်စပ်သူ၏ နေအိမ်တဲကို မီးရှို့မှုတစ်ခုဖြစ်ပွားခဲ့သည်။

**သွားရောက်ကြည့်**

ဖြစ်ပွားပုံမှာ နိုဝင်ဘာ ၁၅ ရက် ညနေ ၆ နာရီခန့်က ခရမ်းညောင်ပင်ကျေးရွာနေ ဒေါ်တင်မာချို(ခ) ဒေါ်ကရင်မသည် တစ်ရွာတည်းနေ ဒေါ်ဆွေ နေမကောင်းဖြစ်၍ သွားရောက်ကြည့်စဉ်နေအိမ်တဲမီးလောင်နေကြောင်းသိရ၍ ပြန်လာရာ ဒေါ်တင်မာချို၏ မတ်တော်စပ်သူ ကုလား(ခ) ဇော်ငြိမ်းချမ်းက နေအိမ်တဲဘေးရှိ ဝက်တဲတွင် မီးစွဲလောင်နေသော ဝါးလုံးကို ဆွဲမယူကာ နေအိမ်တဲကို ထပ်မံမီးရှို့နေသည်ကို တွေ့ရ၍ ဆယ်အိမ်စုမှူးထံအကြောင်းကြားပြီး မီးငြိမ်းသတ်ရန်ပြုလုပ်စဉ် နေအိမ်တဲမှာ မီးလောင်ပြာကျသွားခဲ့သည်။ **(အပေါ်ပုံ)**

သို့ဖြစ်၍ နေအိမ်တဲ မီးရှို့သူ ကုလား(ခ) ဇော်ငြိမ်းချမ်းကို မင်းရွာရဲစခန်းက အမှုဖွင့် ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ **ရဲထွဋ်(မင်းရွာ)**

## သာစည်မြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းမိ

**သာစည် နိုဝင်ဘာ ၁၉**

သာစည်မြို့နယ် မိတ္ထီလာ-တောင်ကြီးသွားကားလမ်း မိုင်တိုင်အမှတ် ၁၅ အနီးတွင် နိုဝင်ဘာ ၁၃ ရက် နံနက်က BB/ . . . ဗင်အဖြူရောင်ကားတစ်စီးရပ်ထားသည်ကို မသင်္ကာသဖြင့် သာစည်ရဲစခန်းမှ ဒုရဲအုပ်သန်းမြင့်ဦးနှင့်အဖွဲ့သည် အသိသက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့သည်။ ထိုသို့ စစ်ဆေးရှာဖွေရာကားပေါ်ပါ ဖိုးချဉ်(ခ) ဈာန်ကြီး ရန်ကုန်မြို့နေသူ ဝတ်ဆင်ထားသည့် အနက်ရောင်အကျႌအိတ်ကပ်အတွင်းမှ အဖြူရောင်ပလတ်စတစ်အိတ်ဖြင့် ထည့်ထားသည့် BB စာတန်းပါ ပန်းဆီရောင်ဆေးပြား ၄၄ ပြား၊ WY စာတန်းပါ လိမ္မော်ရောင်ဆေးပြား ၈၃၁ ပြားနှင့် WY စာတန်းပါ အစိမ်းရောင်ဆေးပြား ကိုးပြား စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၈၈၄ ပြား၊ အလေးချိန် ၈၈ ဒသမ ၄ ဂရမ် ငွေကျပ် ၄၄၂၀၀၀၀ ရှိဆေးပြားများ၊ လက်ကိုင်ဖုန်း နှစ်လုံးနှင့် ငွေကျပ် ၂၉၆၀၀ ကို ရှာဖွေဖမ်းဆီးရမိသဖြင့် သာစည်ရဲစခန်းက ဖိုးချဉ်(ခ) ဈာန်ကြီးအား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

**တင်လှိုင်(မိတ္ထီလာ)**

## ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၁၉**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရသက်သေများနှင့်အတူ နိုဝင်ဘာ ၁၄ ရက် ည ၉ နာရီခန့်က မအူပင်မြို့ အမှတ် (၅)ရပ်ကွက် မင်းလမ်းနှင့်အောင်ဇေယျလမ်းကြား (၈) လမ်းအတွင်း စည်ပင်မိလ္လာလမ်းကြားနေ ဦးဝင်းသိန်း၏ နေအိမ်ကို ဝင်ရောက်ရှာဖွေခဲ့သည်။ ထိုသို့ရှာဖွေရာ အမှတ် (၅)ရပ်ကွက်နေ မျိုးမျိုး (၃၀နှစ်)ပါ သုံးဦးကို တွေ့ရှိရပြီး ဦးဝင်းသိန်း၏ သားဖြစ်သူ ဇော်မင်းထွေး(ခ)အငယ်လေး (၃၁နှစ်)အား နေအိမ်ဘေး ၁၀ ပေခန့်အကွာရှိ အိမ်သာဘေးမှထွက်လာသည်ကို တွေ့ရှိရသဖြင့်ရှာဖွေခဲ့ရာ အိမ်သာဘေး သုံးပေခန့်အကွာ၌ အနက်ရောင်ကြွပ်ကြွပ်အိတ်အတွင်း အပြာရောင်ကပ်ခွာအိတ်ငယ်များဖြင့်ထည့်ထားသည့် WY စာတန်းပါ ပန်းရောင် စိတ်ကြွရူးသွပ်ဆေးပြား ၁၆၈ ပြား၊WY စာတန်းပါ အစိမ်းရောင် စိတ်ကြွရူးသွပ်ဆေးပြား နှစ်ပြား စုစုပေါင်းဆေးပြား ၁၇၀၊ တန်ဖိုးငွေကျပ် ၁၀၂၀၀၀၀ သိမ်းဆည်းရမိခဲ့သောကြောင့် ဇော်မင်းထွေး (ခ) အငယ်လေးပါ လေးဦးအား မအူပင်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(ရဲပြန်ကြား)**

## ရှမ်းပြည်နယ် မိုင်းရယ်မြို့တွင် ဘိန်းဖြူများဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၁၉**

အမှတ် (၁၀၁) မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(နေပြည်တော်)နှင့် အမှတ်(၂၃) မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(တန့် ယန်း)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၁၅ ရက် နံနက် ၁၁ နာရီက မူးယစ်ဆေးဝါးသတင်းအရ သက်သေများနှင့်အတူ မိုင်းရယ်မြို့နယ် ဟိုယလမ်းဆုံတွင် လားရှိုးမှ တန့်ယန်းသို့မောင်းနှင်လာသည့် ၁က/. . . ခရီးသည်တင်ဗင်မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးခဲ့သည်။ ထိုသို့စစ်ဆေးရာ လားရှိုးမြို့ရပ်ကွက် (၇)နေ ရှောက်ဟွာ (၄၈နှစ်)၏ ပန်းသီးစက္ကူဂျပ်ဖာနှင့်ပဲနို့စက္ကူဂျပ်ဖာများအတွင်းမှ ဘိန်းဖြူဆပ်ပြာခွက် ၉၉ ခွက်၊ အလေးချိန် ၁ ဒသမ ၇၂၆ ကီလို၊ တန်ဖိုးငွေကျပ် ၃၄၅ ဒသမ ၂ သိန်း ဖမ်းဆီးရမိသောကြောင့် ရှောက်ဟွာအား မိုင်းရယ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(အောက်ပုံ)** **(ရဲပြန်ကြား)**



**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ**


### နှစ်(၅၀)ပြည့် ရွှေရတုမင်္ဂလာရက်မြတ်ဆုတောင်း

နိုဝင်ဘာ ၂၀ ရက် (ဗုဒ္ဓဟူးနေ့)တွင် ကျရောက်သော ဖေဖေ ဦးဖေခိုင်နှင့် မေမေ ဒေါ်သိန်းသိန်းဝင်းတို့၏ နှစ်(၅၀)ပြည့် ရွှေရတုမင်္ဂလာရက်မြတ်မှသည် နှစ်ပေါင်းများစွာတိုင် ချစ်သားသမီး၊ ချစ်မြေးများနှင့်အတူ ကျန်းမာပျော်ရွှင်သောဘဝကို ထာဝစဉ် ပိုင်ဆိုင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

**သားကြီး** - ကိုကိုနိုင်-အေးအေးသန်း
**သမီးကြီး** - အောင်ဝင်းချို-ဥမ္မာဖြူ
**သားလတ်** - ကိုကိုလတ်-မြင့်မြင့်ချို
**သားငယ်** - အောင်ကိုကို-နီနီစိုး
**သမီးထွေး** - စိုးမင်းထွန်း-ခိုင်သိမ့်သိမ့်ထွေး
**ချစ်မြေးများ** - မိန်မိန်း၊ လိန်လိန်း၊ ဟွာဟွား၊ ယင်ယင်း၊ ထိန်ထိန်၊ ဖေ့ဖေ့၊ မီးမီး၊ ပေါင်ပေါင်း၊ စွမ်စွမ်း၊ ယွမ်ယွမ်း

### မွေး/ကု တက္ကသိုလ်ကျောင်းသား ကျောင်းသူဟောင်းများ ဆရာကန်တော့ပွဲ

၁၉၈၇-၁၉၉၅ ခုနှစ် ပညာသင်နှစ်တွင် ပညာသင်ကြားခဲ့ကြသော မွေး/ကုတက္ကသိုလ် ကျောင်းသား ကျောင်းသူဟောင်းများ၏ ဆရာကန်တော့ပွဲကို ၄-၁-၂၀၁၄ရက် ညနေ ၅နာရီတွင် M-3 Food Centre (ရန်ကုန်)၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ သူငယ်ချင်းများအားလုံး တက်ရောက်ပါရန်နှင့် တက်ရောက်မည့်သူများနှင့် အလှူငွေထည့်ရန်ကျန်သူများ အောက်ပါ သူငယ်ချင်းများထံသို့ ဆက်သွယ်ပေးပါရန် အကြောင်းကြားပါသည်။

| | |
|---|---|
| **ဒေါက်တာသန်းသန်းနိုင်** | **ဒေါက်တာလင်းလင်းထက်** |
| **ဖုန်း-၀၉-၅၀၉၀၁၁၇** | **ဖုန်း-၀၉-၄၂၀၇၄၂၉၀၂** |
| **ဒေါက်တာကြည်တိုး** | **ဒေါက်တာလင်းဘို** |
| **ဖုန်း-၀၉-၅၁၄၂၄၁၁** | **ဖုန်း-၀၉-၅၁၁၀၂၂၄** |
| **ဒေါက်တာသူရိန်ထွန်း** | **ဒေါက်တာတိုးမိုးအောင်** |
| **ဖုန်း-၀၉-၅၁၁၂၉၄၆** | **ဖုန်း-၀၉-၅၃၁၀၅၇၅** |
| **ဒေါက်တာဇော်မင်းထွန်း** | **ကိုဝဏ္ဏထွေး** |
| **ဖုန်း-၀၉-၅၁၀၁၄၂၁** | **ဖုန်း-၀၉-၅၁၄၂၂၂၅** |

### ၁၉၈၅-၁၉၉၂ ရန်ကုန်တက္ကသိုလ် ဘူမိဗေဒ ကျောင်းသား ကျောင်းသူဟောင်းများ၏ စတုတ္ထအကြိမ် အာစရိယပူဇော်ပွဲနှင့် ညစာစားပွဲ

၁၉၈၅ခုနှစ်တွင်ရန်ကုန်တက္ကသိုလ်ဘူမိဗေဒဘာသာရပ်သို့ စတင်တက်ရောက်ခဲ့သူများနှင့် ၁၉၉၂ခုနှစ်တွင် ဘူမိဗေဒဘွဲ့ရရှိခဲ့သည့် ကျောင်းသား ကျောင်းသူဟောင်းများ၏ စတုတ္ထအကြိမ် အာစရိယပူဇော်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ပါဝင်ဆင်နွှဲကြပါရန်နှင့် အလှူငွေများထည့်ဝင်လှူဒါန်းလိုပါကလည်း အောက်ပါသူငယ်ချင်းများထံတွင် ထည့်ဝင်လှူဒါန်းနိုင်ပါသည်။

ပွဲအကြို ပဏာမတွေ့ဆုံပွဲကို ဒီဇင်ဘာ ၁၅ရက် ညနေ ၃း၀၀၊ ရွှေဂုံတိုင်မီးပွိုင့်အနီး **ရွှေရသာ**ဆိုင်မှာ တွေ့ဆုံကြမယ်။ သူငယ်ချင်းများ တက်ရောက်ဆွေးနွေးပေးကြပါ။

**နေ့ရက်** - ၅-၁-၂၀၁၄ ရက် (တနင်္ဂနွေနေ့)
**အချိန်** - ညနေ ၅း၀၀ နာရီ
**နေရာ** - ဆီဒိုးနားဟိုတယ်(ရန်ကုန်) မင်းတုန်းခန်းမ။

Geo-friends Co.,Ltd. ၀၁-၅၆၁၄၃၁၊ ၀၉-၄၂၀၁၀၇၇၅၇

| | | | |
|---|---|---|---|
| အောင်သွင် | ဖုန်း-၀၉-၇၃၄၅၅၅၅၅ | ဝင်းနိုင်ထွန်း | ဖုန်း-၀၉-၅၁၉၆၇၅၈ |
| သက်ဦး | ဖုန်း-၀၉-၅၀၀၅၂၆၀ | ကျော်စွာထွန်း | ဖုန်း-၀၉-၅၁၇၇၅၃၁ |
| မြင့်ကြည်ထွန်း | ဖုန်း-၀၉-၅၁၄၉၅၁၈ | ဝင်းမောင်မောင် | ဖုန်း-၀၉-၇၃၀၇၅၈၈၆ |
| မောင်မောင်စိုး | ဖုန်း-၀၉-၅၀၄၀၄၈၉ | ဇော်နိုင်ဦး | ဖုန်း-၀၉-၅၃၇၆၃၈၂ |
| စိုးရသူထွန်း | ဖုန်း-၀၉-၅၁၄၄၀၀၅ | စန္ဒာညွန့် | ဖုန်း+၆၅-၉၀၂၉၇၇၂၆ (စင်ကာပူ) |

### မြတ်ဆရာပူဇော်ပွဲဖိတ်ကြားခြင်း

အမက(၂) တောင်ဥက္ကလာပမြို့နယ်မှ ကျောင်းသား ကျောင်းသူဟောင်းများ၏ ပထမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ၂၇-၁၁-၂၀၁၃ ရက် (အမျိုးသားနေ့) နံနက် ၉း၀၀ နာရီတွင် ယင်းကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှ ကျောင်းသား ကျောင်းသူဟောင်းများအား ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**မြတ်ဆရာပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ**


### ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးကိုဒဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**
**၂၀၁၂ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၃၄ နှင့်ဆက်သွယ်သည့်**
**၂၀၁၃ခုနှစ်၊ တရားမဇာရီမှုအမှတ်-၄၇**

ဦးရွှေမင်း နှင့်
၁။ ဒေါ်အုံးမြင့် ၂။ ဦးစိုးချစ်
၃။ ဒေါ်မြမြ ၄။ ဒေါ်ခင်အေးရီ
၅။ ဒေါ်သီသီအောင် ၆။ ဦးဇော်ထွန်း
၇။ ဦးဇော်လင်း ၈။ ဒေါ်ကေသီအောင်
၉။ ဒေါ်ဖြူဖြူပုလဲ ၁၀။ ဦးဇော်ရဲထွန်း
၁၁။ ဒေါ်ခင်သီတာအေး ၁၂။ ဦးမောင်မောင်သိုက်
၁၃။ ဒေါ်ရီရီအောင်
(၁၃ ကိုယ်တိုင်နှင့် ၅ မှ ၁၂အထိ၏ ကိုယ်စားလှယ်စာရသူ)

**ဒီကရီအနိုင်ရသူ** **တရားရှုံးများ**

ပုဇွန်တောင်မြို့နယ်၊ (၂)ရပ်ကွက်၊ သာယာကုန်းလမ်း၊ အမှတ်(၄)နေ (၁) ဦးစိုးချစ်၊ (၂) ဒေါ်ခင်အေးရီ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၁၂ခုနှစ် တရားမကြီးမှုအမှတ်-၂၃၄တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးရွှေမင်းက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၃ခုနှစ် နိုဝင်ဘာ ၂၂ရက် (၁၃၇၅ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၅ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၃ခုနှစ် နိုဝင်ဘာ ၁၁ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်စန်းမြင့်)**
**ဒုတိယခရိုင်တရားသူကြီး(၄)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

## မန္တလေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးများရှိလုပ်ငန်းများစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၁၉**

ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်သည် နိုဝင်ဘာ ၈ ရက်တွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ မြေတိုင်းသင်တန်းကျောင်းလေ့ကျင့်ရေးကွင်း၌ ကျောင်းဆင်းပွဲအခမ်းအနား ကျင်းပရန်ကြိုတင်ပြင်ဆင်မှုများအားကြည့်ရှုစစ်ဆေးပြီးကျောင်းအုပ်ကြီး၊သင်တန်းဆရာများ၊ဝန်ထမ်းများ၊သင်တန်းသားများနှင့် တွေ့ဆုံဆွေးနွေး၍သင်ကြားမှုအထောက်အကူပြု ပစ္စည်းများ စစ်ဆေးသည်။

မြေတိုင်း သင်တန်းကျောင်း၌ တာဝန်ရှိသူများနှင့် တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက နိုင်ငံတော်အစိုးရသည် နိုင်ငံ၏မြေသယံဇာတများအား ပေါင်းစပ်ညှိနှိုင်းသည့်နည်းဖြင့်မြေ၏ရှိရင်းစွဲဂုဏ်သတ္တိများနှင့်အညီ အကျိုးအရှိဆုံးစီမံအုပ်ချုပ် လုပ်ကိုင်နိုင်ရန်ခိုင်မာသည့် အမျိုးသားအဆင့်မြေယာမူဝါဒနှင့် လုပ်ထုံးလုပ်နည်းများရေးဆွဲပြုစုလျက်ရှိကြောင်း၊ ထို့ကြောင့် ၎င်းကျောင်းမှ မွေးထုတ်ပေးလိုက်သည့် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်ပြည့်ဝစေရန် သင်ရိုးညွှန်းတန်းများပြင်ဆင်ခြင်းနှင့် သင်တန်းအထောက်အကူပြုပစ္စည်းများ လိုအပ်သလိုဖြည့်စွက်ခြင်းများ ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ အထူးသဖြင့် သဘာဝပတ်ဝန်းကျင် ပြောင်းလဲမှုကြောင့် မြေသယံဇာတများအပေါ် အကျိုးသက်ရောက်မှုကိုလည်း အနာဂတ်သင်ရိုးညွှန်းတန်းများတွင်ထည့်သွင်းကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဒုတိယဝန်ကြီးသည် နိုဝင်ဘာ ၉ ရက်တွင် စစ်ကိုင်းမြို့၌ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာနကောင်းမှုတော်ပျိုးဥယျာဉ်နှင့် မင်းဝံတောင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကိုစစ်ဆေး၍ သစ်တော လုပ်ငန်းများသည် အချိန်ရာသီနှင့်ညှိ၍ ဆောင်ရွက်ရသောလုပ်ငန်းများဖြစ်သဖြင့် အချိန်ကာလအလိုက် လုပ်ငန်းများကို အရေအတွက်နှင့် အရည်အသွေးပြည့်မီအောင်ဆောင်ရွက်ရန်၊ လာမည့်မိုးရာသီတွင် စိုက်ပျိုးမည့်ပျိုးပင်များထုတ်လုပ်ရာတွင်ဒေသနှင့်လျော်ညီသည့် စိုက်ပင်အမျိုးအစားများ ရွေးချယ်ပြုစုပျိုးထောင်ရန်၊ ပျိုးသက်ပြည့်မီရေးနှင့် ပျိုးပင်အရွယ်အစားများ စံမီရေး အလေးထားဆောင်ရွက်သွားရန်နှင့် ခွင့်ပြုရန်ပုံငွေများအလေအလွင့်မဖြစ်စေရေး စနစ်တကျအသုံးပြုရန် မှာကြားခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**



ရှမ်းပြည်နယ် မူဆယ်-လားရှိုး ပြည်ထောင်စုလမ်း(အေးရှားဝေါလ်လမ်းမ)ပေါ်တွင် နိုဝင်ဘာ ၁၀ရက်က ယာဉ်တိုက်မှုဖြစ်ပွားခဲ့သည်။ ၂၂ဘီး ယာဉ်အားဆယ်တင်နိုင်ရန် တစ်ဖက်နိုင်ငံ ရွှေလီမြို့မှ နိုဝင်ဘာ ၁၆ရက်က ရောက်ရှိလာသည့် ကရိန်းကားဖြင့် ဆယ်တင်မှုကို တွေ့ရစဉ်။

အယ်လ်စိုး (Iprd)

## အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ်စာစီစာကုံးပြိုင်

**ကျိုင်းတုံ နိုဝင်ဘာ ၁၉**

ဒီဇင်ဘာ ၃ ရက်တွင်ကျရောက်မည့် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့အထိမ်းအမှတ်အဖြစ် မြို့နယ်အဆင့် ကျောင်းပေါင်းစုံ စာစီစာကုံးပြိုင်ပွဲများကို နိုဝင်ဘာ၉ရက် နံနက်၉နာရီမှ၁၁နာရီအထိ ကျိုင်းတုံမြို့ အလက(၅)တွင်ကျင်းပရာ အထက်တန်းအဆင့်တွင် နွဲ့ကြစို့ပျော်ပျော်၊ အာဆီယံမသန်စွမ်း အားကစားပွဲတော်ခေါင်းစဉ်ဖြင့် ၁၅ ဦး၊ အလယ်တန်းအဆင့်တွင် မသန်စွမ်းသူများနှင့် လူတိုင်းအကျုံးဝင်ပညာရေးခေါင်းစဉ်ဖြင့်၁၈ဦး၊ မူလတန်းအဆင့်တွင် မသန်စွမ်းသူဘဝစိုပြေလှပရေး၊ ဝိုင်းဝန်းဖြည့်ဆည်းပေးခေါင်းစဉ်ဖြင့် ၁၈ဦး ပါဝင်ယှဉ်ပြိုင်ကြကြောင်းသိရသည်။ **မောင်မောင်နိုင်(iprd)**

## မူဆယ်မြို့နယ်၌ မီးရှို့ လူသတ်မှုဖြစ်ပွား

**မူဆယ် နိုဝင်ဘာ ၁၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နယ် နောင်ဆိုင်ကျေးရွာအုပ်စု မန်ကြပ်ရွာအနီး မူဆယ်မြို့မ ရဲစခန်း၏တောင်ဘက် ခုနစ်မိုင်ခန့်အကွာတွင် နိုဝင်ဘာ ၇ရက် ၇နာရီက အမည်မသိ လက်နက်ကိုင်တစ်စုမှ မီးရှို့သတ်ဖြတ်မှုကြောင့် ရော်ဘာစိုက်ခင်းစောင့် တဲတစ်လုံးတွင် အမည်မသိ အသက်(၃၀-၄၀)ကြားခန့် အမျိုးသားနှင့်အမျိုးသမီး (လင်မယားဟုထင်ရသူ) နှစ်ဦးလုံး သေဆုံးနေကြောင်း၊အလောင်းများနှင့် ၎င်းတို့နေထိုင်ရာတဲမှာ မီးလောင်ထားသည်ကို တွေ့ရှိရကြောင်း၊ သေဆုံးသူများ၏ တဲအနီးရှိ(အမည်မသိ) ရော်ဘာစိုက်ခင်းအလုပ်သမားတစ်ဦးမှ နောင်ဆိုင်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအားကျန်ထံ လာရောက် အကြောင်းကြားလာသဖြင့် ဦးအားကျန်မှ ဖုန်းဖြင့် ထပ်မံအကြောင်းကြားချက်အရ နယ်မြေခံ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းမှူးနှင့်အဖွဲ့မှ အမှုမှန်ပေါ်ပေါက်စေရေးစုံစမ်းဖော်ထုတ်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

**အယ်လ်စိုး(Iprd)**

နယ်သတင်းနှင့်ဆောင်းပါး



## မာန်အောင်၌ မြို့နယ်အဆင့် အထွက်တိုးစပါးစံကွက်ရိတ်သိမ်း

**မာန်အောင် နိုဝင်ဘာ ၁၉**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် မာန်အောင်မြို့နယ်တွင် မြို့နယ်အဆင့် အထွက်တိုးစပါး စံကွက်ရိတ်သိမ်းပွဲကို နိုဝင်ဘာ ၃ ရက်က ကျင်းပသည်။ **(အပေါ်ပုံ)**

အဆိုပါ စံပြကွက်ရိတ်သိမ်းပွဲကို သိမ္ဗလကျေးရွာအုပ်စုဇီတောကျေးရွာမှ တောင်သူ ဦးဖြူကြီးပိုင် ကွင်းအမှတ် ၈၇၄(က)၊ ဦးပိုင်အမှတ်(၂၀၀)၌ စိုက်ပျိုးထားသော ပုလဲသွယ် R စိုက်ဧက ၂ ဒသမ ၀၀ဧကရှိ လယ်မြေ၌ နံနက် ၇ နာရီက ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလူမော်နှင့် မြို့နယ်စိုက်/ကြပ် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးထွန်းစောနှင့် စိုက်ပျိုးရေး ဝန်ထမ်းများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဒေသဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီဝင်များ၊ ကျေးရွာများမှ တောင်သူလယ်သမားများ တက်ရောက်ကြသည်။

ယခု စံကွက်ရိတ်သိမ်းသော မိုးစပါးပုလဲသွယ် R၏အထွက်နှုန်းမှာ တစ်ဧက ၁၂၆ဒသမ၂၃တင်းထွက်ရှိကြောင်းသိရသည်။ **(လ/၀၀၃)**

## သန်းခေါင်စာရင်းကောက်ယူခြင်းဆိုင်ရာ ဟောပြော

**ညောင်ဦး နိုဝင်ဘာ ၁၉**

ညောင်ဦးခရိုင် ပုဂံမြို့သစ် သီရိပစ္စယာရပ်ကွက်တွင် ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနကကြီးမှူး၍ ၂၀၁၄ခုနှစ် ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းနှင့်ပတ်သက်၍ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းဆိုင်ရာ အသိပညာပေး ဟောပြောပွဲအခမ်းအနားကိုနိုဝင်ဘာ၁၀ရက် မွန်းတည့် ၁၂ နာရီက အဆိုပါ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးထိန်လင်းက ၂၀၁၄ခုနှစ် ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းနှင့်ပတ်သက်၍ ပြည်သူများသိရှိနားလည်စေရန် ရှင်းလင်းပြောကြားပြီး သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းနှင့်ပတ်သက်၍ပြည်သူများသိရှိနားလည်စေရန်ရှင်းလင်းပြောကြားပြီးသန်းခေါင်စာရင်းကောက်ယူရာတွင် ပြည်သူများအားမေးမြန်းမည့်အချက်၄၁ချက်ကို အသေးစိတ်ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်ခင်ဝါဝါလှိုင်က သန်းခေါင်စာရင်း ကောက်ယူခြင်းနှင့်ပတ်သက်၍ အကျိုးကျေးဇူးများကို ရှင်းလင်း ပြောကြားခဲ့ကြောင်း သိရသည်။

**ရဲသူရအောင်(ညောင်ဦး)**

**နိုဝင်ဘာ ၁၇ရက်က ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် (၂) ရပ်ကွက်၊ သီရိ ၅ လမ်းမိသားစု၏ (၁၁)ကြိမ်မြောက် မဟာဘုံကထိန်ပွဲတော်တွင် လမ်းသူလမ်းသားများ နိဗ္ဗာန်ဈေးပွဲတော်နှင့် စတုဒိသာ အကျွေးအမွေးဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပစဉ်။**

(မြန်မာ့အလင်း)



### ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**

**မော်လမြိုင်မြို့နယ်တရားရုံး၌**

**၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၆၃**

ဒေါ်သီတာထွန်း (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးမြင့်ဆန်း) အမှတ် ၈၈၀၊ကျိုက္ကမီလမ်း၊ ကြာအင်းရပ်၊မော်လမြိုင်မြို့။ **နှင့်** ဦးသန်းဌေး အမှတ် ၁၈၊ ရန်မျိုးအောင်လမ်း၊ မြို့မ(၄)ရပ်ကွက်၊ မုဒုံမြို့နယ်။

**တရားလို** **တရားပြိုင်**

မုဒုံမြို့နယ်၊ မြို့မ(၄)ရပ်ကွက်၊ ရန်မျိုးအောင်လမ်း၊ အမှတ်၁၈နေ တရားပြိုင် ဦးသန်းဌေး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဒေါ်သီတာထွန်း (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးမြင့်ဆန်း)က မြေကိုလက်ရှိဖြစ်ကြောင်း မြွက်ဟကြေညာပေးစေလိုမှုကိုလျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် နိုဝင်ဘာ ၂၉ရက်(၁၃၇၅ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော်၁၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။

၎င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် နိုဝင်ဘာ ၁၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ချိုလွင်)**
**မြို့နယ်တရားသူကြီး**
**မော်လမြိုင်မြို့နယ်တရားရုံး**

### ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုခဥပဒေ-၅၊ နည်းဥပဒေ-၂၀)**

**ဒေးဒရဲမြို့နယ်တရားရုံး**

**၂၀၁၃ ခုနှစ် တရားမကြီးမှုအမှတ်-၁၇၈**

မစန်းစန်းမြင့် **နှင့်** ၁။ အောင်ချစ်ဦး(ဘ)ဦးချစ်မောင် ၂။ ဒေါ်ကျင်တုတ်(ဘ)ဦးလှမောင်

**တရားလို** **တရားပြိုင်များ**

အထက်အမည်ပါတရားပြိုင်ဖြစ်သော အောင်ချစ်ဦး(ဘ)ဦးချစ်မောင် အမှတ် ၃၆၊ ကမ်းနားလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ဒေးဒရဲမြို့(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ချေးငွေ ၁၀၀၀၀၀၀/- ရလိုမှု စွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၂ရက် (၁၃၇၅ခုနှစ် တန်ဆောင်မုန်းလကွယ်နေ့) မွန်းမတည့်မီ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို၏စွဲချက်ကို ထုချေရှင်းလင်းရန် လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် နိုဝင်ဘာ ၁၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အေးစန္ဒီအောင်)**
**ဒုတိယမြို့နယ်တရားသူကြီး**
**ဒေးဒရဲမြို့နယ်တရားရုံး**

### ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**

**ပြင်ဦးလွင်ခရိုင်တရားရုံး**

**၂၀၁၃ ခုနှစ် တရားမကြီးမှုအမှတ်-၄၆**

ဦးအောင်သီဟ **နှင့်** ဦးဝင်းဌေး ပါ-၂

**တရားလို** **တရားပြိုင်များ**

အထက်ပါ(၂)တရားပြိုင် ဒေါ်ကြည်ကြည်ဝင်း (ဘ)ဦးလှရွှေ အမှတ် (၁၁၂-I)၊ နန္ဒဝန်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဦးအောင်သီဟက ခြံမြေလက်ရောက်ရလိုမှု (သို့မဟုတ်) ခြံမြေရောင်းကြေးငွေ ကျပ်သိန်း၈၀၀နှင့် နစ်နာကြေးငွေကျပ်သိန်း၁၀၀၊ စုစုပေါင်းကျပ်သိန်း၉၀၀ရလိုမှုကို လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားစာရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် နိုဝင်ဘာ ၂၅ရက် (၁၃၇၅ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၈ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်ပို့လိုလျှင် အမှုမဆိုင်မီလေးရက်ကတင်သွင်းရမည်။

၂၀၁၃ခုနှစ် နိုဝင်ဘာ ၁၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စောနွဲ့နွဲ့ဝင်း)**
**ဒုတိယခရိုင်တရားသူကြီး**
**ပြင်ဦးလွင်ခရိုင်တရားရုံး**

## ဌာနဆိုင်ရာနှင့်စီးပွားရေးကြော်ငြာ

# ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တန်ဖိုးနည်းမိုဘိုင်းဖုန်းများ ၂၀၁၃ခုနှစ် နိုဝင်ဘာလတွင် ဆက်လက်ဖြန့်ဖြူးရောင်းချမည့်အစီအစဉ်

၁။ ၂၀၁၃ခုနှစ် ဧပြီလမှစတင်၍ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် လစဉ်တန်ဖိုးနည်းမိုဘိုင်းဖုန်း သုံးသိန်းငါးသောင်းစီကို ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရအဖွဲ့များ၏ အစီအစဉ်ဖြင့် ပြည်သူများ အလွယ်တကူ၊ အဆင်ပြေချောမွေ့စွာဆက်သွယ်အသုံးပြုနိုင်ရေးအတွက် ခွဲဝေဖြန့်ဖြူးရောင်းချပေးလျက်ရှိပါသည်။ ယခုအခါ ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးတွင် ရောင်းချပြီးသော တန်ဖိုးနည်းမိုဘိုင်းဖုန်း ၂ ဒသမ ၄၈ သန်းအပါအဝင် စုစုပေါင်း မိုဘိုင်းဖုန်း ၆ ဒသမ ၂၈ သန်းကျော် ရောင်းချခဲ့ပြီးဖြစ်ပါသည်။ တစ်နိုင်ငံလုံးသို့ ဖြန့်ဖြူးပေးခဲ့ပြီးဖြစ်သည့် ဖုန်းအရေအတွက်ပေါင်းနှင့် မိမိနိုင်ငံရှိ အိမ်ထောင်စုပေါင်း ၈ ဒသမ ၇ သန်းကျော်အား အချိုးကျတွက်ကြည့်မည်ဆိုပါလျှင် အိမ်ထောင်စု ၁ ဒသမ ၃၈ စုလျှင် မိုဘိုင်းဖုန်း တစ်လုံးနှုန်း ရရှိသွားနိုင်မည်ဖြစ်သော်လည်း လက်ရှိအခြေအနေတွင် အိမ်ထောင်စုတိုင်း ဖုန်းသုံးစွဲရန်လိုအပ်နေသေးကြောင်း စိစစ်တွေ့ရှိနေပါသဖြင့် အိမ်ထောင်စုတိုင်းအတွက် မိုဘိုင်းဖုန်းပိုမိုသုံးစွဲခွင့်ရရှိရေးကိုလည်း ဆက်လက်ဆောင်ရွက်သွားရန် ရည်ရွယ်ထားပါသည်။

၂။ သို့ဖြစ်ပါ၍ ၂၀၁၃ခုနှစ် နိုဝင်ဘာ ၂၃ရက်တွင် ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့များ၏ အစီအစဉ်ဖြင့် တယ်လီဖုန်းခေါ်ဆိုခ ကျပ် ၃၀၀ ကြိုတင်ပေးသွင်းထားသော GSM/ WCDMA မိုဘိုင်းဖုန်း ၃၆၀၀၀၀ ကို SIM Card တစ်ခုအတွက် ကျပ် ၁၅၀၀ နှုန်းဖြင့် ဖြန့်ဖြူး ရောင်းချပေးသွားမည်ဖြစ်ပါသည်။

၃။ ၂၀၁၃ခုနှစ် နိုဝင်ဘာလတွင် မိုဘိုင်းဖုန်းများကို ဆက်လက်ဖြန့်ဖြူးရောင်းချရာတွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ လက်ရှိတပ်ဆင်ပေးထားသောလိုင်းအင်အားနှင့် အမှန်တကယ်သုံးစွဲနေသော အခြေအနေများအပေါ်မူတည်၍ ပြည်သူများ အဆင်ပြေချောမွေ့စွာ အသုံးပြုနိုင်ရန်အတွက် ပြည်နယ်နှင့်တိုင်းဒေသကြီးများသို့ အောက်ပါအတိုင်း အချိုးကျခွဲဝေပြီးပေးရန် လျာထားတွက်ချက်ထားပါသည်။

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | GSM မိုဘိုင်းဖုန်းလိုင်း | WCDMAမိုဘိုင်းဖုန်းလိုင်း | စုစုပေါင်း |
|---|---|---|---|---|
| ၁ | နေပြည်တော်ကောင်စီနယ်မြေ | ၁၃၀၀၀ | ၁၂၀၀၀ | ၂၅၀၀၀ |
| ၂ | ကချင်ပြည်နယ် | ၄၀၀၀ | ၁၀၀၀ | ၅၀၀၀ |
| ၃ | ကယားပြည်နယ် | - | ၅၀၀ | ၅၀၀ |
| ၄ | ကရင်ပြည်နယ် | ၆၀၀၀ | ၁၀၀၀ | ၇၀၀၀ |
| ၅ | ချင်းပြည်နယ် | ၅၀၀ | ၁၀၀၀ | ၁၅၀၀ |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၄၀၀၀ | ၂၀၀၀ | ၁၆၀၀၀ |
| ၇ | တနင်္သာရီတိုင်းဒေသကြီး | ၈၀၀၀ | ၂၀၀၀ | ၁၀၀၀၀ |
| ၈ | ပဲခူးတိုင်းဒေသကြီး(အရှေ့) | ၁၃၀၀၀ | ၃၀၀၀ | ၁၆၀၀၀ |
| ၉ | ပဲခူးတိုင်းဒေသကြီး(အနောက်) | ၁၃၀၀၀ | ၂၀၀၀ | ၁၅၀၀၀ |
| ၁၀ | မကွေးတိုင်းဒေသကြီး | ၂၉၀၀၀ | ၃၀၀၀ | ၃၂၀၀၀ |
| ၁၁ | မန္တလေးတိုင်းဒေသကြီး | ၂၇၀၀၀ | ၂၃၀၀၀ | ၅၀၀၀၀ |
| ၁၂ | မွန်ပြည်နယ် | ၁၉၆၀၀ | ၃၄၀၀ | ၂၃၀၀၀ |
| ၁၃ | ရခိုင်ပြည်နယ် | ၁၃၀၀၀ | ၂၀၀၀ | ၁၅၀၀၀ |
| ၁၄ | ရန်ကုန်တိုင်းဒေသကြီး | ၃၇၀၀၀ | ၄၃၀၀၀ | ၈၀၀၀၀ |
| ၁၅ | ရှမ်းပြည်နယ်(မြောက်ပိုင်း) | ၇၀၀၀ | ၃၀၀၀ | ၁၀၀၀၀ |
| ၁၆ | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ၅၀၀၀ | ၂၀၀၀ | ၇၀၀၀ |
| ၁၇ | ရှမ်းပြည်နယ်(တောင်ပိုင်း) | ၁၁၀၀၀ | ၃၀၀၀ | ၁၄၀၀၀ |
| ၁၈ | ဧရာဝတီတိုင်းဒေသကြီး | ၃၁၀၀၀ | ၂၀၀၀ | ၃၃၀၀၀ |
| | **စုစုပေါင်း** | **၂၅၁၁၀၀** | **၁၀၈၉၀၀** | **၃၆၀၀၀၀** |

၄။ ပြည်သူများ သက်သာသောနှုန်းထားဖြင့် အမှန်တကယ်အသုံးပြုနိုင်ရန်ရည်ရွယ်၍ ဖြန့်ဖြူးရောင်းချခြင်းဖြစ်သည့်အတွက် ဖုန်းကတ်ဝယ်ယူထားသည့်ရက်မှစ၍ ၁၅ ရက်အတွင်း တယ်လီဖုန်း SIM Card တွင် မူလထည့်သွင်းပေးထားသည့် တယ်လီဖုန်းခေါ်ဆိုခ ကျပ် ၃၀၀ မကုန်မီ တယ်လီဖုန်းသုံးစွဲသူသည် အနည်းဆုံး ကျပ် ၅၀၀၀ တန် ကြိုတင်ငွေဖြည့်ကတ်ဖြင့် ငွေဖြည့်သုံးစွဲရပါမည်။ SIM Card ကို အခြားသူတစ်ဦးဦးသို့ လက်ဆင့်ကမ်းရောင်းချခြင်းမှကာကွယ်ရန်အတွက် ၁၅ ရက်အတွင်း အသုံးပြုခြင်းမရှိပါက အဆိုပါဖုန်းကတ်သည် အလိုအလျောက် လိုင်းပိတ်သွားမည်ဖြစ်ပါသည်။

၅။ ဤတန်ဖိုးနည်းမိုဘိုင်းဖုန်းများသည် လစဉ်ကြိုတင်ငွေဖြည့်ကတ်ဖြင့် ပြောဆိုခကျပ် ၂၅၀၀ကို အနည်းဆုံးသုံးစွဲရမည်ဖြစ်ပါသည်။ နှစ်လပြည့်သော်လည်း ကြိုတင်ငွေဖြည့်ကတ်မှ ကျပ် ၅၀၀၀ ကို အပြည့်မသုံးစွဲပါက ကျပ် ၅၀၀၀ ပြည့်သည်အထိ အလိုအလျောက် ဖြတ်တောက်သွားပါမည်။ ဖြည့်သွင်းထားသော ငွေကုန်ဆုံးပြီးနောက် ၁၅ ရက်အတွင်း ငွေထပ်မံ၍ ငွေဖြည့်သွင်းခြင်းမရှိပါက အဆိုပါဖုန်းကတ်သည် အလိုအလျောက် လိုင်းပိတ်သွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း**

---

**MYANMAR FINANCE CO., LTD.**
**No.67. KABARAYE PAGODA ROAD, MAYANGONE TOWNSHIP, YANGON, MYANMAR.**
**TEL: (+ 95-1) 657837, FAX: (+95-1) 660831**
**Myanmar Finance Co., Ltd.**

# Vacancy Announcement
# ဝန်ထမ်းသစ် အလိုရှိသည်

(၁) ရုံးခွဲမန်နေဂျာ(Branch Manager) (ကွမ်းခြံကုန်းနယ်မြေ၊ သာယာဝတီနယ်မြေ) ကျား/မ ၂ ဦး
(၂) Finance Manager ကျား/မ ၁ ဦး
(၃) Chief Audit ကျား/မ ၁ ဦး
(၄) ရုံးခွဲချေးငွေအရာရှိ (Branch Credit Officer) (ကွမ်းခြံကုန်းနယ်မြေ/သာယာဝတီနယ်မြေ) ကျား/မ ၃ ဦး
(၅) ရုံးခွဲစာရင်းကိုင်အရာရှိ (Branch Account Officer) (ကွမ်းခြံကုန်းနယ်မြေ/သာယာဝတီနယ်မြေ) ကျား/မ ၃ ဦး
(၆) ချေးငွေအရာရှိ(Loan Officer) (ကွမ်းခြံကုန်းနယ်မြေ/သာယာဝတီနယ်မြေ/ရန်ကုန်နယ်မြေ) ကျား/မ ၁၂ ဦး
(၇) လူ့စွမ်းအားအရင်းအမြစ်အရာရှိ(HR Officer) ကျား/မ ၁ ဦး
(၈) စီမံဝန်ထမ်း(Admin Assistant) ကျား/မ ၂ ဦး
(၉) ယာဉ်မောင်း(Driver) ကျား/မ ၂ ဦး

၁၄-၁၁-၂၀၁၃ရက်(ကြာသပတေးနေ့)တွင်ကွယ်လွန်သွားသောကျေးဇူးရှင်ဦးလေး(ဦးအောင်ဆန်း)၏ နာရေးကိစ္စတွင် လိုလေသေးမရှိ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြသော ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ရန်ကုန်တိုင်းဒေသကြီး ပါတီဥက္ကဋ္ဌနှင့်ဗဟိုကော်မတီဝင်များ၊ တိုင်းဒေသကြီး ကော်မတီဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပါတီဝင်များအားလုံး၊ မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်မှ ပဓာနနာယက ဆရာတော်ကြီးနှင့် သံဃာတော်အရှင်သူမြတ်များ၊ နေပြည်တော်(ခုတင်-၁၀၀၀)ဆေးရုံအုပ်ကြီးနှင့် ဆရာဝန်၊ ဆရာမများ၊ ထေရဝါဒဓမ္မပြန့်ပွားရေးနှင့် မြတ်ပါရမီလူမှုကူညီရေးအသင်း(နေပြည်တော်)မှ အကျိုးဆောင်လူငယ်များ၊ ဝမ်းနည်းကြောင်းကို လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်းဖြင့်သော်လည်းကောင်း အားပေးနှစ်သိမ့်ကြသော ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟများ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီကြသော ဆွေမျိုးမိတ်ဆွေများအားလုံး အထူးကျေးဇူးတင်ရှိပါသည်။ ကျန်ရစ်သူမိသားစု

---

ရဟန်းဒါယိကာမကြီး

## ဒေါ်ခင်အေးမော်(Jessie) B.Sc (Chem)

**အသက်(၆၄)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၂)ရပ်ကွက်၊ အမှတ် ၁၅၂၊ ယောဂီကျောင်းလမ်း(နဂါး ဖလ်မြေမှန်မြေဖန်ချက်စက်ရုံ)နေ (ဦးကျင်ဝမ်-ဒေါ်စောလှိုင်)တို့၏သမီး၊ ဒေါ်နှင်းဦး၊ ဦးမြတ်ကြွယ်၊ ဦးသိန်းဇော်-ဒေါ်သိန်းဟံ၊ (ဒေါ်လွင်လွင်မြင့်)၊ ဦးဝင်းကိုကို-ဒေါ်ခင်ဝင်း၊ ဦးကြည်ဝင်း-ဒေါ်စိုးစိုးဝင်းတို့၏ညီမ၊ ဦးအောင်စိုးသန်း-ဒေါ်သင်းသင်းဆွေ၊ ဦးမြင့်ဦး-ဒေါ်ခင်စိုးမိုးတို့၏အစ်မ၊ တူ၊ တူမ ကိုးယောက်တို့၏အဒေါ်၊ မြေးခြောက်ယောက်တို့၏အဘွားသည် ၁၉-၁၁-၂၀၁၃ရက်(အင်္ဂါနေ့)နံနက် ၁၀နာရီတွင် ပန်းလှိုင်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၁-၁၁-၂၀၁၃ရက် (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

ခရစ်တော်၌အိပ်ပျော်ခြင်း

## ဒေါ်ချိုချိုလွင်(ခ) JOSEPHIN

**အသက်(၅၂)နှစ်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၃)ရပ်ကွက်၊ ပြည်တော်သစ်ရိပ်သာ၊ တိုက် ၁၊ အခန်း ၁၅နေ (ဦးဂျိုးဇက်)-ဒေါ်ခင်မာညွန့်တို့၏သမီးကြီး၊ ရွှေပြည်သာမြို့နယ်၊ ထန်းခြောက်ပင်နေ ဦးကျော်တင့်-ဒေါ်ခင်သိန်းတို့၏သမီးချွေးမ၊ မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီမြို့သစ်၊ (၅)ရပ်ကွက်၊ သီတဂူလမ်း၊ အမှတ် ၁၅၂/ကနေ ဦးစောမောင်၏ဇနီး၊ (ဦးဟန်နိုင်)-ရဲအုပ်သင်းသင်းလွင်(န-၇၁)၊ (ဦးသက်ဆွေ-ဒေါ်သီသီလွင်)၊ဦးငွေးလှိုင်-ဒေါ်ယုယုလွင်၊ ဘုန်းတော်ကြီးဦးအာနိုးသက်လွင်-ဆရာမဒေါ်မာရီထက်စ်၊ ဦးမင်းဟန်ဇော်(Uniteam Co., Ltd.)-ဆရာမအီအီလွင်(ပုဇွန်တောင်အသင်းတော်)တို့၏အစ်မ၊ တူ၊ တူမ ၁၀ယောက်တို့၏အဒေါ်၊ မအာဘိဂဲလ(အမက-၆၊ ပုဇွန်တောင်)၏မိခင်သည် ၁၇-၁၁-၂၀၁၃ရက်(တနင်္ဂနွေနေ့) ည ၁၁း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁၁-၂၀၁၃ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်၌ဝတ်ပြုဆုတောင်းပြီး သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးတန်ပိန်ကွမ်း

**ကျန်းတိတ် ဗုဒ္ဓဘာသာ**
**ဘုရားကျောင်း၊ ဒု-ဥက္ကဋ္ဌ**
**အသက်(၉၇)နှစ်**

ထားဝယ်မြို့၊အမှတ် ၃၀၅၊ ပိတောက်ရွှေဝါလမ်း၊ ခုံဝင်ဒပ်ရပ်နေ ဒေါ်ကြူကြူ၏ခင်ပွန်း၊ တန်ယုကွေ-ဒေါ်စန်းစန်းမြင့်၊ တန်ယုစော၊ တန်ယုအင်း-ဒေါ်သန်းသန်းချို၊ တန်ယုနီ၊ တန်ယုကင်း၊တန်ယုဝှါ-ဒေါ်ခင်ခင်ဝေ၊ တန်ယုလင်း-ဒေါ်မိုမိုခိုင်၊ တန်ယုယဉ်၊ ဦးညွန့်ဝင်းသိန်း-တန်ယုမီတို့၏ဖခင်၊ မြေး ၁၂ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၁၉-၁၁-၂၀၁၃ရက် နံနက် ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၁၁-၂၀၁၃ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ကူးတို့သုသာန်သို့ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း မိတ်သင်္ဂဟအပေါင်း သိစေရန် အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## ဦးမောင်မောင် (မြောက်ဦး)

**မီးသတ်တပ်ကြပ်ကြီး(ငြိမ်း)**
**အသက်(၇၅)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊(၃၆)ရပ်ကွက်၊ တိုက် ၃၊ အခန်း ၀၀၂၊ စင်းကားအိမ်ရာ၊ ပင်လုံလမ်းနေ ဒေါ်သိန်းညွန့်(လေးတောင်၊ ဇရပ်ပြင်ရွာ)၏ခင်ပွန်း၊ ဦးအေးစွမ်း(ရေယာဉ်မှူး)-ဒေါ်တင်တင်ဦး [လယ်/ပြ၊ အထက-၃၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)]၊ ဦးထွန်းလွင်(ရေယာဉ်မှူး)-ဒေါ်နန္ဒာနိုနိုတို့၏ ဖခင်၊ မောင်မြတ်သစ်ကြူ - မအိမွန်ကေခိုင်၊ မခင်ချောစုသွယ် (Sky Net Police Channel)၊ မစန္ဒီရွှန်းလဲ့၊ မောင်အောင်ကောင်းပြည့်ဖြိုး၊ မောင်ကောင်းခန့်ပြည့်ဖြိုး၊ မောင်ညီဘွားရှင်းသန့်တို့၏အဘိုး၊ မရတီမြတ်သစ်၏အဘေးသည်၁၉-၁၁-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၁း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁၁-၂၀၁၃ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၅-၁၁-၂၀၁၃ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## ဒေါ်သန်းသန်း (မြိတ်)

**ပညာရေးတက္ကသိုလ်လေ့ကျင့်ရေး**
**အထက်တန်းကျောင်း(TTC)(ငြိမ်း)**
**အသက်(၇၅)နှစ်**

စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်အိမ်ရာ၊ တိုက်အမှတ် ၁၇၊ အခန်းအမှတ် ၁၂နေ (ဦးသိန်းတင်-ဒေါ်ခင်လေး)တို့၏ သမီးသည် ၁၉-၁၁-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁၁-၂၀၁၃ရက် (ကြာသပတေးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

## ကိုဇာနည်မင်း (ပဲခူး)

**အသက်(၃၇)နှစ်**

ရန်ကုန်မြို့၊ တိုက် ၄၇၊ ခုနစ်လွှာ၊ သမ္မာဒိဋ္ဌိလမ်း၊တာမွေမြို့နယ်နေ ဦးတင်သိန်း-ဒေါ်နွဲ့နွဲ့တင်တို့၏သားကြီး၊မယဉ်မင်းထိုက်၊ မောင်ဟံသာမင်း (Metina Myanmar Private Limited)၊ မောင်ချမ်းသာမင်း၊ မအေးမြတ်မြတ်သူတို့၏အစ်ကို၊ မမြတ်နိုးဝေ၏ဖခင်သည် ၁၇-၁၁-၂၀၁၃ရက် ည ၇နာရီတွင်ကွယ်လွန်သွားပါ၍ ၁၉-၁၁-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၃-၁၁-၂၀၁၃ရက်(စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဆရာတော် ဘဒ္ဒန္တသုန္ဒရ မဟာထေရ်အရှင်မြတ်

**သက်တော်(၈၂)နှစ်၊ သိက္ခာတော်(၆၂)ဝါ**

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွှေချီရပ်ကွက်၊ စဥ့်အိုးဖိုကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော် လဇ္ဇီပေသလ၊ သိက္ခာကာမ၊ ဝိနယဂရုက၊ သီလဝန္တ၊ ပရိယတ္တိ ဝိသာရဒဖြစ်တော်မူသော ကျေးဇူးတော်ရှင် ဆရာတော် ဘဒ္ဒန္တသုန္ဒရ မဟာထေရ်မြတ်ကြီးသည် (၁၃၇၅ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁ရက်) ၁၈-၁၁-၂၀၁၃ရက် (တနင်္လာနေ့) ညနေ ၄း၀၇နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၇၅ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၃ရက်) ၂၀-၁၁-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ကွေ့ကြီးသုသာန်သို့ ပို့ဆောင်၍ အန္တိမအဂ္ဂိစျာပနပူဇာသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ တပည့်သံဃာတော်များနှင့် တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမများ

---

ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဘုန်းတော်ကြီး ဘဒ္ဒန္တကုသလ (ကျောက်ပန်းတောင်း)

**စလင်းကျောင်းတိုက်၊ ကြည့်မြင်တိုင်မြို့နယ်**

**သက်တော်(၇၇)နှစ်၊ သိက္ခာတော်(၅၈)ဝါ**

ရန်ကုန်တိုင်းဒေသကြီး၊ အနောက်ပိုင်းခရိုင်၊ ကြည့်မြင်တိုင်မြို့နယ်၊ စလင်းကျောင်းတိုက်၊ ဆင်တန်ဆောင်းကျောင်း၌ သီတင်းသုံး နေထိုင်တော်မူသော ဘုန်းတော်ကြီး ဘဒ္ဒန္တကုသလသည် (၁၃၇၅ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁ရက်) ၁၈-၁၁-၂၀၁၃ရက်(တနင်္လာနေ့)နံနက် ၁၀း၄၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို(၁၃၇၅ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၅ရက်) ၂၂-၁၁-၂၀၁၃ရက် (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပင့်ဆောင်၍ အန္တိမအဂ္ဂိစျာပနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးရှိ တပည့်သံဃာများနှင့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ (ကျောင်းတိုက်မှ ကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

စျာပနကျင်းပရေးကော်မတီ၊ စလင်းကျောင်းတိုက်

---

ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဘဒ္ဒန္တမဏ္ဍလ မဟာထေရ်

**သက်တော်(၆၇)နှစ်၊ သိက္ခာတော်(၄၇)ဝါ**

နေပြည်တော်ကောင်စီနယ်မြေ၊ တပ်ကုန်းမြို့နယ်၊ သပြေချောင်းအုပ်စု၊ ရွှေဥဒေါင်းတောင် ဓာတ်ပေါင်းစုံညီ စိန်ရောင်ခြည်ဓမ္မရိပ်သာ လယ်တီဝိပဿနာကမ္မဋ္ဌာနစရိယ ပဓာနနာယကဆရာတော် ဘဒ္ဒန္တမဏ္ဍလ မဟာထေရ်သည်(၁၃၇၅ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁ရက်) ၁၈-၁၁-၂၀၁၃ရက် ည ၁၀း၃၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ဆရာတော်၏ ဥတုဇရုပ်ကလာပ်ကို (၁၃၇၅ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၅ရက်)၂၂-၁၁-၂၀၁၃ရက် အဂ္ဂိစျာပနကျင်းပပြုလုပ်ပြီး (၁၃၇၅ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၇ရက်) ၂၄-၁၁-၂၀၁၃ရက်တွင် နောက်ဆုံးအန္တိမစျာပနကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ရပ်နီးရပ်ဝေးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြား သိစေအပ်ပါသည်။ တပည့်များ

---

## ဝမ်းနည်းကြေကွဲခြင်း

မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(MANA)ဥက္ကဋ္ဌ၊ ရဲမှူးကြီး ရဲသူရိန်ဦးခင်မောင်ထွန်း(ငြိမ်း)၊ စာရေးဆရာ ခင်မောင်ထွန်း(လမ်းမတော်) အသက်(၇၅)နှစ်သည် ၁၇-၁၁-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၃း၅၀နာရီတွင် သဃ်န်းကျွန်း စံပြဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စီမံချက်ဝန်ထမ်းများ**
**မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးတင်ရီ (သထုံ)

**ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)၊ အကောက်ခွန်ဦးစီးဌာန**

**အသက်(၈၉)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၁)ရပ်ကွက်၊ ၇လမ်း၊ အမှတ် ၂၇၃နေ (ဦးဘသစ်-ဒေါ်ပု)တို့၏သား၊ (ဦးစိန်ရှန်-ဒေါ်ချိန်)တို့၏သားသမက်၊ ဒေါ်ကြည်ကြည်၏ခင်ပွန်း၊ ဦးအေးမင်း(ခေတ္တ-USA)-ဒေါ်မာလာရီ(ဦးစီးမှူး၊ အကောက်ခွန်ဦးစီးဌာန)၏ဖခင်၊ ကိုမျိုးသီဟ၊ မဖြူယမင်းသူတို့၏အဘိုးသည် ၁၉-၁၁-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၂း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

[ကွယ်လွန်သူအားရည်စူး၍ ၂၅-၁၁-၂၀၁၃ရက်(တနင်္လာနေ့)နံနက် ၉နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဒေါ်သိန်းသိန်း (ဥက္ကံ/ဖျာပုံ)

**အသက်(၈၉)နှစ်**

ဖျာပုံမြို့၊ (၁၀)ရပ်ကွက်၊ ၇လမ်း၊ အမှတ် ၃၇နေ (ဦးခင်စိန်)၏ဇနီး၊ ဖျာပုံမြို့နေ (ဦးသိန်းလွင်)-ဒေါ်တင်တင်ဝင်း၊ ဦးခိုင်သန်း-ဒေါ်ခင်ဝင်းကြည်၊ ဦးစိုးဝင်း-ဒေါ်ခင်အုန်းမြင့်တို့၏မိခင်၊ (ဦးခင်ညို-ဒေါ်ခင်သောင်း)တို့၏အစ်မသည် ၁၈-၁၁-၂၀၁၃ရက် ည ၁၁း၄၅နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၂၀-၁၁-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ဖျာပုံမြို့ လိပ်ဥကုန်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

---

## ဒေါ်ဝေဝေ (ခင်ဦးမြို့)

**အသက်(၆၉)နှစ်**

ခင်ဦးမြို့၊ မြကန်သာရပ်နေ ဦးမောင်ကို-ဒေါ်သန်းပုတို့၏သမီး၊ ဦးအုန်း-ဒေါ်သန်းတို့၏သမီးချွေးမ၊ ဦးလှမောင်၏ဇနီး၊ဦးစိုးရန်နိုင်(ကော်မတီဝင်၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ)-ဒေါ်ကြည်ကြည်ညွန့်၊ ဦးစိုးထွန်း- ဒေါ်စုစုဝေ၊ ရဲအုပ်မိုးရန်နိုင်-ဒေါ်တူးတူး၊ ဦးဇေယျာ-ဒေါ်မြင့်မြင့်ဝေ(ဒုတိယဦးစီးမှူး၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ)၊ ဦးမျိုးရန်နိုင်၊ ဦးရဲဝင့်နိုင်- ဒေါ်ဝေဝေထွန်း၊ ဦးမင်းရဲနိုင်၊ မမြတ်မွန်ခိုင်၊ မောင်စိုးဝင့်နိုင်တို့၏မိခင်၊ မြေးခုနစ်ယောက်တို့၏အဘွားသည် ၁၉-၁၁-၂၀၁၃ရက် (အင်္ဂါနေ့) မွန်းလွဲ ၁၂း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၁၁-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ခင်ဦးမြို့သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ မေးလ် mmalin.npt @ gmail.com၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။ R /488

# စီးပွားရေး၊ ရင်းနှီးမြှုပ်နှံမှု၊ အလုပ်သမားနှင့် ကုန်သွယ်ရေးဆိုင်ရာကိစ္စရပ်များ ရင်းနှီးပွင့်လင်းစွာဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၁၉

ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် ဆွစ်ဇာလန်နိုင်ငံ စီးပွားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Marie-Gabrielle INEICHEN- FLEISCH ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ ညနေ ၄ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**တက်ရောက်**

ထိုသို့တွေ့ဆုံရာ၌ ဒုတိယသမ္မတနှင့်အတူ ဒုတိယဝန်ကြီး ဦးသန့်ကျော်၊ ဒေါက်တာဒေါ်ခင်စန်းရီတို့ တက်ရောက်ကြသည်။

ယင်းသို့ တွေ့ဆုံဆွေးနွေးရာတွင် စီးပွားရေး၊ ရင်းနှီးမြှုပ်နှံမှု၊ အလုပ်သမားနှင့် *စာမျက်နှာ ၅ ကော်လံ ၁* ●



**ဒုတိယသမ္မတ ဦးညဏ်ထွန်း ဆွစ်ဇာလန်နိုင်ငံ စီးပွားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Marie-Gabrielle INEICHEN- FLEISCH အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။** (သတင်းစဉ်)

## ယနေ့ မာတိကာ


(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် အစုန်/အဆန်အထူးရထားနှစ်စင်းပြေးဆွဲမည် စာ - ၃

အိန္ဒိယ၌ အမျိုးသမီးများအတွက် အဓိကရည်ရွယ်သော ဘဏ်ခွဲခုနစ်ခု ဖွင့်လှစ်ပေးမည် စာ - ၄

မြန်မာစက်ဘီး အားကစားသမားများ အနည်းဆုံး ရွှေတံဆိပ် လေးဆုမျှော်မှန်း စာ - ၁၃


# ဂျပန်က မြန်မာသို့ ကွန်ပျူတာနှင့် နည်းပညာထောက်ပံ့

သတင်း - ဝေယံဦး

ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် နိုဝင်ဘာ ၁၉

**နိုင်ငံတကာ မျက်နှာစာတွင် ပွင့်လင်းမြင်သာမှုရှိလာပြီး နွေးထွေးသော ဆက်ဆံရေးများဖော်ဆောင်လျက်ရှိသည့် မြန်မာနိုင်ငံအား နိုင်ငံတကာမှအကူအညီများပေးလျက်ရှိရာ ဂျပန်နိုင်ငံက မြန်မာနိုင်ငံသိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနသို့ ကွန်ပျူတာ အလုံး ၁၀၀ ပေးအပ်ထောက်ပံ့ပွဲကို ရန်ကုန်မြို့ ရွှေပြည်သာမြို့နယ်ရှိ ကွန်ပျူတာတက္ကသိုလ်၌ နိုဝင်ဘာ ၁၉ ရက် နံနက်က ကျင်းပခဲ့သည်။**

"သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အောက်မှာရှိတဲ့ တက္ကသိုလ်နဲ့ သိပ္ပံကျောင်းတွေအတွက် ဂျပန်နိုင်ငံ BEING ကုမ္ပဏီက အခုလိုကွန်ပျူတာတွေ ထောက်ပံ့ကူညီပေးတာ ဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ သင်ထောက်ကူ နည်းပညာပစ္စည်းတွေကို တက္ကသိုလ်ကျောင်းသား ကျောင်းသူတွေအတွက် ပံ့ပိုးပေးနေသလို ဂျပန်နိုင်ငံမှ နည်းပညာကုမ္ပဏီကလည်း ဝိုင်းဝန်းကူညီ ထောက်ပံ့ပေးတာဖြစ်ပါတယ်။ ရွှေပြည်သာမှာရှိတဲ့ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်အပြင် သိပ္ပံနဲ့နည်းပညာဝန်ကြီးဌာနအောက်မှာရှိတဲ့ ကျောင်းတွေကို ဖြန့်ဝေပေးသွားမှာပါ" ဟု အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးကျော်စွာစိုးက ပြောကြားသည်။



**ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်ရှိ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်ကို တွေ့ရစဉ်။**

ဂျပန်နိုင်ငံက ယခုကဲ့သို့ ကွန်ပျူတာ အလုံး ၁၀၀ ထောက်ပံ့ကူညီမှုနှင့်ပတ်သက်ပြီး ကွန်ပျူတာတက္ကသိုလ်ကျောင်းသား ကျောင်းသူများအနေဖြင့် ကွန်ပျူတာများကို လူတိုင်းကိုင်တွယ်အသုံးပြုကာ သင်ခန်းစာများကို လေ့လာနိုင်ရန် အထောက်အကူပြုစေမည်ဖြစ်သည်။

"အခု ထောက်ပံ့ဖြည့်ဆည်းပေးလိုက်တဲ့ကွန်ပျူတာတွေကို လက်တွေ့သုံးစွဲပြီး အရည်အချင်းပြည့်ဝတဲ့ တက္ကသိုလ်ကျောင်းသား ကျောင်းသူတွေအဖြစ် ရောက်ရှိလာစေဖို့ရည်ရွယ်ပါတယ်။

*စာမျက်နှာ ၉ ကော်လံ ၁* ❒

# မြန်မာဒိုင်ဗင်အဖွဲ့ ဆီးဂိမ်းပြိုင်ပွဲကို ကစားသမားရှစ်ဦးဖြင့် ယှဉ်ပြိုင်မည်

သတင်း-ဖိုးသော်ဇင်၊ ဓာတ်ပုံ-စိုးညွန့်

ရန်ကုန် နိုဝင်ဘာ ၁၉

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကို မြန်မာဒိုင်ဗင်အဖွဲ့က ကစားသမားရှစ်ဦးဖြင့် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ ဆီးဂိမ်းပြိုင်ပွဲဝင်မည့် မြန်မာဒိုင်ဗင်အဖွဲ့ဝင် အမျိုးသား ငါးဦး၊ အမျိုးသမီး သုံးဦးပါဝင်မည်ဖြစ်သည်။

ယခုပြိုင်ပွဲဝင်မည့် ကစားသမားများတွင် မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်က လွန်ခဲ့သည့် နှစ်အနည်းငယ်အတွင်းက ပြုစုပျိုးထောင်ထားသည့် ကစားသမားအချို့ပါဝင်လာသကဲ့သို့ အချို့ကစားသမားများသည် အသစ်ထပ်မံရွေးချယ်ထားသည့် ကစားသမားများဖြစ်သည်။ မြန်မာဒိုင်ဗင်အဖွဲ့တွင် ကစားသမားများအဖြစ် အမျိုးသား နောင်ဂျာ၊ ဇွဲသက်ဦး၊ အောင်မျိုးထက်၊ ထွဋ်နန္ဒလင်း၊ ထက်နန္ဒလင်း၊ အမျိုးသမီး နေခြည်စုစုလတ်၊ သွန်းလှနန္ဒာနှင့် သက်မျိုးရွှေဇင်တို့ ပါဝင်ကြသည်။ မြန်မာဒိုင်ဗင်အဖွဲ့သည် လာမည့် (၂၇)ကြိမ်မြောက် ဆီးဂိမ်းတွင် တစ်ကျော့ပြန် အောင်မြင်မှုရရှိရန် ကြိုးပမ်းလျက်ရှိပါကြောင်း။ **(အောက်ပုံ)**



# မြန်မာယူ-၂၃ အသင်းနှင့် ဂျပန်ယူ-၂၀ အသင်းတို့ ပွဲကြိုစာနယ်ဇင်းရှင်းလင်း

သတင်း-ညီမြတ်သော်တာ

ဓာတ်ပုံ-ဖိုးသော်ဇင်

ရန်ကုန် နိုဝင်ဘာ ၁၉

မြန်မာယူ-၂၃ အသင်းနှင့် ဂျပန်ယူ-၂၀ အသင်းတို့၏ ခြေစမ်းပွဲ ပွဲကြိုစာနယ်ဇင်းရှင်းလင်းပွဲကို ယနေ့ နေ့လယ်ပိုင်းက MFF ရုံး၌ ကျင်းပခဲ့သည်။

ဂျပန်ယူ-၂၀ အသင်း၏ နည်းပြချုပ်ဖြစ်သူ ရှီမူဒိုက "ယခုခြေစမ်းပွဲကို မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်နှင့် ဂျပန်ဘောလုံးအဖွဲ့ချုပ်တို့၏ အစီအစဉ်ဖြင့် ကစားခြင်းဖြစ်ပါကြောင်း၊ မိမိတို့အသင်းသည် ၂၀၁၆ အိုလံပစ်ပြိုင်ပွဲအတွက် ပြင်ဆင်နေသလို မြန်မာအသင်းကလည်း ဆီးဂိမ်းပြိုင်ပွဲအတွက် ပြင်ဆင်နေ၍ နှစ်သင်းစလုံးအတွက် အကျိုးရှိသော ခြေစမ်းပွဲဖြစ်ပါကြောင်း၊မြန်မာယူ-၂၃ အသင်း၏ ကစားပုံကို ဂျပန်တွင် ခြေစမ်းပွဲများ လာရောက်ကစားစဉ်က ဗီဒီယိုမှတ်တမ်းများအရ ကြည့်ရှုဖူးပါကြောင်း၊ မြန်မာအသင်းသည် ကြိုးစားမှုအပြည့်ရှိပြီး လျင်မြန်မှုအားကောင်းပါကြောင်း၊ ပွဲကောင်းတစ်ပွဲဖြစ်လာမည်ဟု ယုံကြည်ပါကြောင်း" ဖြင့် ပြောကြားခဲ့သည်။

မြန်မာယူ-၂၃ အသင်းနည်းပြချုပ် ပတ်ဆောင်ဟွာက "အသင်းအတွက် အမှန်တကယ်အကျိုးရှိသည့် ခြေစမ်းပွဲကို ကစားခွင့်ရရှိခြင်းဖြစ်ပါကြောင်း၊ မိမိထက် သာလွန်သည့် အသင်းများနှင့် ခြေစမ်းကစားမှသာ *စာမျက်နှာ ၉ ကော်လံ ၁* ▲



# မြန်မာ့အလင်း
ကြော်ငြာကဏ္ဍ

၂၀၁၃ခုနှစ်၊ နိုဝင်ဘာ ၂၀ ရက်။ ဗုဒ္ဓဟူးနေ့

**Advertisement**



Full Auto
PH:09 731 59 410
09420035882, 73190257


## ၂၀၁၃-၂၀၁၄ခုနှစ် ပညာသင်နှစ်အတွင်း ဘွဲ့ယူကြမည့် မောင်မယ်များအတွက် သတင်းကောင်း

မြန်မာ့ကုန်တိုက်၊ ဘွဲ့ဝတ်စုံလုပ်ငန်းမှ ဘွဲ့ဝတ်စုံငှားရမ်းခြင်း၊ ရောင်းချခြင်းလုပ်ငန်းကို မြန်မာနိုင်ငံပညာရေးကော်မတီမှ သတ်မှတ်ထားသည့် သတ်မှတ်ချက်များနှင့်အညီ ချုပ်လုပ်ထားသည့် အချိုးအစားကျသော ဘွဲ့ဝတ်စုံများကို ဈေးနှုန်းချိုသာစွာဖြင့် တက္ကသိုလ်ကျောင်းသူ၊ ကျောင်းသားများ စိတ်တိုင်းကျ ရွေးချယ်ငှားရမ်း/ရောင်းချပေးနေပါသည်။ (တနင်္ဂနွေနေ့နှင့် အစိုးရရုံးပိတ်ရက်မှလွဲ၍ ရုံးချိန်အတွင်း)

**မြန်မာ့ကုန်တိုက်၊ ဘွဲ့ဝတ်စုံလုပ်ငန်း**
**အမှတ် ၄၄ (ပထမထပ်)၊ ဗိုလ်ရွဲလမ်း(ယခင်မောင်ခိုင်လမ်း)၊ လသာမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၁-၂၅၂၈၅၁၊ ၀၁-၃၈၆၉၃၁၊ ၀၁-၂၅၀၄၄၃**

## (၁၉)ကြိမ်မြောက် သက်ကြီးအာစရိယပူဇော်ပွဲကို ကြိုဆိုသောအားဖြင့် အထက(၁) မရမ်းကုန်း ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ချောင်းသာ အပန်းဖြေခရီးစဉ်

| | |
|---|---|
| ရန်ကုန်မှ စတင်ထွက်ခွာမည့်ရက်၊ အချိန် | - ၂၉-၁၁-၂၀၁၃ ရက် (သောကြာနေ့) ည ၁၁ နာရီ |
| ချောင်းသာမှပြန်လည်ထွက်ခွာမည့်ရက်၊ အချိန် | - ၁-၁၂-၂၀၁၃ ရက် (တနင်္ဂနွေနေ့) နံနက် ၁၁း၃၀ နာရီ |

လိုက်ပါလိုသူ ကျောင်းသား၊ ကျောင်းသူဟောင်းများသည် ၂၃-၁၁-၂၀၁၃ရက်နောက်ဆုံးထား၍ အောက်ပါပုဂ္ဂိုလ်များထံသို့ ခရီးစဉ်လက်မှတ်များ ဝယ်ယူနိုင်ပါသည်။

ဦးမောင်မောင်သိန်း ဖုန်း-၀၉-၅၁၃၁၆၀၈
ဦးသက်အောင် ဖုန်း-၀၉-၄၂၀၀၆၁၈၉၉၊
ဦးအောင်မြတ်ကျော် ဖုန်း-၀၉-၄၂၈၀၂၄၂၀
ဒေါ်အေးအေးလှိုင် ဖုန်း-၀၁-၅၂၂၄၈၈၊
ဒေါ်မူမူအောင် ဖုန်း-၀၉-၄၂၃၇၂၂၃၉၆
ဒေါ်ခင်မာချို ဖုန်း-၀၁-၅၂၂၇၄၅


Riso
5% Discount
Print 70gsm = 25ks


## ပညာရေးဝန်ကြီးဌာန
အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်
**National Management College (NMC)**

**FINANCIAL SERVICES နှင့် BUSINESS MANAGEMENT**

(က) Certificate in Financial Services (CFS)
(ခ) Certificate in Business Management (CBM)

STI Education

The Open University of Hong Kong ... Bachelor of Business Administration/ Finance and Banking (BBA)


**KMD**
Quality Management System
ISO 9001:2008
**LCCI ACCOUNTING (Level I + II,III)**
Level I + II / Certificate I (5 Months) June Series
**23-November-2013**
(Sat &Sun)
7:30am - 10:00am


## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော် ကျွန်မတို့၏သား မောင်စိုင်းပြည့်ဖြိုးစံမြင့် ၁၃/ကတန(နိုင်)၁၅၄၂၄၃သည် မိဘ၏ ဆိုဆုံးမမှုကို မနာခံဘဲ မိဘစိတ်ဆင်းရဲအောင် ပြုလုပ်ခြင်း၊ မိဘ၏ဆန္ဒနှင့် ဆန့်ကျင်သော ကိစ္စရပ်များ ဆောင်ရွက်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဦးစိုင်းစံမြင့်**
**၁၃/ကလန(နိုင်)၀၀၉၁၃၅**
**ဒေါ်ဆန်းရင်**
**၁၃/ကလန(နိုင်)၀၀၉၁၃၆**


ချစ်သူကိုဘဲ ပေးပေး ...
ကိုယ်တိုင်သုံးဖို့ဘဲ ဆောင်ဆောင် ...
နိုင်ငံခြားရောက် သူငယ်ချင်းကိုဘဲ ပို့ပို့ ...
၂၀၁၄-ခုနှစ် ပြက္ခဒိန်ဒိုင်ယာရီ
ထွက်ပြီ


## ကန့်ကွက်နိုင်ပါကြောင်း

အလုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၃အီး၊ မြေကွက်အမှတ် V ၁၈၊ မြေကွက်တည်နေရာ ၂၈၊ လှော်ကားလမ်း၊ လွတ်လပ်ရေးရပ်ကွက်၊ အလုံမြို့နယ် ဦးအီစွပ် (ခ) ဦးလှမြင့် အမည်ပေါက် နှစ်၆၀ မြေငှားဂရန်မြေအား အမည်ပေါက် ဦးအီစွပ်(ခ) ဦးလှမြင့်နှင့် ဇနီး ဒေါ်သန်းတို့ ကွယ်လွန်သဖြင့် ဒေါ်ဌေးဌေးမြင့် D/RGN-၀၁၃၅၆၂၊ (၂)ဒေါ်ဌေးဌေးဝင်း D/RGN-၀၁၃၅၆၃၊ (၃) ဒေါ်တင်အေး ALE-၀၀၁၄၈၃၊ (၄) ဦးတင်ဝင်း ALE- ၀၀၂၉၄၆၊ (၅) ဦးလှဝင်း ALE-၀၀၅၈၉၄၊ (၆) ဦးတင်မောင်လတ် ALE-၀၁၁၀၆၀၊ (၇)ဦးခင်မောင်လတ် ALE -၀၁၁၀၆၁တို့က သားသမီးများ တော်စပ်ကြောင်း ကတိသစ္စာပြုလွှာတင်ပြ၍ အထွေထွေကိုယ်စားလှယ်လွှဲစာ (၁၈၂၅/၃-၁၀-၁၃)ရသူ ဦးလှဝင်း ALE-၀၀၅၈၉၄က ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ရန်ကုန်တက္ကသိုလ် (ကြည့်မြင်တိုင်နယ်မြေ)ဓာတုဗေဒ အဓိက

1982, 1983, 1984, 1985

## ဝယ်ယူလိုပါသည်

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နှင့် Rose Park (3)(4)၊ ရွှေပင်လုံ အိမ်ရာကို ငွေသွင်းရန် ကျန်ရှိနေသေးသော အကွက်များကို ဝယ်ယူလိုပါသည်။

**ဖုန်း-၀၉-၇၃၀၂၂၁၁၈**

## ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၊ ကျည်စု၊ မြေကွက်အမှတ် ၅၁၄၊ မြေကွက်တည်နေရာ အမှတ် ၅၁၄၊ အလင်းရောင် ၄ လမ်း၊ ကျည်စုရပ်ကွက်၊ ဒေါပုံ ဦးကြိုင် အမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက် ဦးကြိုင်(ဖခင်)နှင့် ဒေါ်တင်(မိခင်)တို့ကွယ်လွန်သဖြင့် သားသမီးများဖြစ်ကြသော ဒေါ်လှလှဝင်း ၁၂/ဒပန(နိုင်)၀၀၆၀၂၆၊ ဒေါ်သန်းသန်းမြင့် ၁၂/ဒပန(နိုင်)၀၀၆၀၄၀၊ ဦးမောင်မောင်ချို ၁၂/ဒပန(နိုင်)၀၀၆၂၃၆၊ ဒေါ်နုနုဝင်း ၁၂/ဒပန(နိုင်)၀၀၇၄၆၉၊ ဒေါ်စုစုဝင်း ၁၂/ဒပန(နိုင်)၀၀၇၆၀၄တို့က ကျမ်းကျိန်လွှာနှင့် သေစာရင်းများတင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## မဇ္ဈိမဒေသ၊ သာဝတ္ထိမြို့ မဟာသံဃိကဒါန ကျောင်းအလှူ နှိုးဆော်ခြင်း

အိန္ဒိယနိုင်ငံ၊ သာဝတ္ထိမြို့ရှိ မြတ်စွာဘုရားရှင် (၂၅)ဝါ သီတင်းသုံးတော်မူခဲ့သည့် မူလဂန္ဓကုဋီ (အပိဖလိတဌာန) နှင့် တာဝတိံသာနတ်ပြည်သို့ ကြွလှမ်းတော်မူခဲ့သည့် သရက်ဖြူကုန်းအနီးတွင် မြန်မာနိုင်ငံမှ ပြည်ပသာသနာပြု ဆရာတော် အရှင်ဒေါက်တာနရိန္ဒာဓိပတိ (မွေ့ာစရိယ) သည် မြေတစ်ဧက ဝယ်ယူပြီးစီး၍ မဟာဧဝေယျာသုခ သုံးထပ်ကျောင်းတိုက်ကြီး အား ဆောက်လုပ်လျက် ရှိရာ ပထမထပ် ပြီးစီး၍ ဒုတိယထပ် ကြမ်းခင်းစလက်(SLAB) လောင်းပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ "ဝိဟာရဒါနံ သံဃဿအဂ္ဂံဗုဒ္ဓေနဝဏ္ဏိတံ" (ဝိဟာရဟူ ကျောင်းအလှူကို ဆုရတနာ ချီးမွမ်းကြ၏) ဟူသော ဒေသနာတော်မြတ်နှင့်အညီ ဘုရားရှင်တိုင်း ချီးမွမ်းအပ်သော မဟာသံဃိကဒါန ကျောင်းအလှူ ကုသိုလ်တူးကြီးကို တစ်စတုရန်းပေလျှင်(၂၀,၀၀၀)ကျပ်နှုန်းဖြင့် အောက်ပါအတိုင်း ဆက်သွယ်၍ ရက်ရောကြည်ဖြူစွာ ကုသိုလ်ယူကြပါရန် နှိုးဆော်အပ်ပါသည်-

၁။ ဆရာတော်အရှင်ဒေါက်တာနရိန္ဒာဓိပတိ၊ မဟာဧဝေယျာသုခကျောင်း၊ သာဝတ္ထိမြို့၊ ယူပီပြည်နယ်၊ အိန္ဒိယနိုင်ငံ။
ဖုန်း - ၀၀၉၁-၈၀၀၀ ၃၈၀ ၁၃၂၂၊ ဗိုက်ဘာ ၇၅၂၉၇၇၊ unarinda08@gmail.com
၂။ ဒေါ်တင်ထင်ကြည်၊ ခင်နန္ဒာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့၊ မရမ်းကုန်း။ ၀၁-၆၅၅၅၂၀၊ ၆၅၅၈၈၅၊ ၃၇၇၆၁၃၅၊ ၆၅၇၇၉၄
၃။ ဒေါ်သီတာ၊ မဇ္ဈိမဂုဏ်ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့၊ မင်္ဂလာတောင်ညွန့်။ ၀၁-၂၉၆၄၄၆၊ ၀၉-၅၀၁၃၅၂၂
၄။ ဒေါ်မသူမောင်၊ မသူမောင်ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့၊ ကမာရွတ်။ ၀၉-၅၁၃၉၂၄၄၈၊ ၀၉-၇၃၂၄၁၆၈၇၊ ၀၉-၅၀၀၂၄၇၀
၅။ ဒေါ်ကြည်ကြည်မြင့်၊ ရွှေမဟာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့၊ စမ်းချောင်း။ ၀၁-၅၃၂၂၈၆၊ ၀၉-၅၀၁၃၄၀၄၄၊ ၀၉-၅၁၈၈၃၇၆
၆။ ဒေါ်နီနီဝင်း၊ ရွှေနီဗုဒ္ဓဂယာဘုရားဖူးအဖွဲ့၊ တာမွေ။ ၀၁-၅၄၆၈၂၀၊ ၀၉-၅၀၂၁၁၉၂
၇။ ထိုးထိုးရတနာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့၊ လှည်းတန်း၊ ကမာရွတ်။ ၀၁-၅၁၃၉၂၅၊ ၀၁-၅၂၇၉၃၉
၈။ ဒေါ်တင်မိုးအေး၊ [illegible] (၁)၊ မန္တလေး။ ၀၂-၅၈၅၄၀၅၀၊ ၀၉-၅၁၁၆၈၀၄

## ကန့်ကွက်နိုင်ပါကြောင်း

စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၂၈E⁰ ၊ မြေကွက်အမှတ် ၁၃၃၃+၁၃၃၄၊ မြေကွက်တည်နေရာအမှတ်(၂၇)၊ မြောင်းမြလမ်း၊ စမ်းချောင်းမြို့နယ် (ဦးမောင်မောင်ခ)အမည်ပေါက် မြေပိုင်မြေအား အမည်ပေါက်ထံမှ ပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် ၆၂၂/၈၄ ဖြင့် ဒေါ်ခင်ကြည်က ပိုင်ဆိုင်ပြီး ၎င်းထံမှ အရောင်းအဝယ်စာချုပ်အမှတ် ၉၉၄/၈၅ဖြင့် ဒေါ်ခင်ညွန့်က မြေကွက်အမှတ် ၁၃၃၃ ကို ဝယ်ယူခဲ့ပြီး ၎င်းပိုင်ဆိုင်သော မြေကွက်အား မေတ္တာဖြင့် ပေးကမ်းခြင်းစာချုပ်အမှတ် ၇၄၉/၈၇ဖြင့် ဦးကျော်စိုးက ပိုင်ဆိုင်လာခဲ့ပါသည်။ ဦးကျော်စိုးထံမှ အရောင်းအဝယ်စာချုပ်အမှတ် ၁၀၂၃/၉၂ ဖြင့် ဒေါ်စိန်လှ ၁၂/အလန(နိုင်)၀၂၂၈၆၉ က ဝယ်ယူပြီး မြေကွက်အမှတ် (၁၃၃၃)ကို မှတ်ပုံတင်စာချုပ်အဆင့်ဆင့်တင်ပြ၍ မြေကွက်ခွဲစိတ်၍ တစ်ဖက်သတ် တိုင်းခွဲ အတည်ပြုလျှောက်ထားရာ ဒေါ်စိန်လှထံမှ ကိုယ်စားလှယ်လွှဲစာရရှိသူ ဒေါ်ခင်ဆွေဦး(GP-၁၅၆၀၆/၂၀၁၂) ၁၂/အလန(နိုင်)၀၃၂၀၀၈က ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါ မရုပ်သိမ်းကြောင်း ကျမ်းကျိန်လွှာဖြင့် တိုင်းခွဲ အတည်ပြုလျှောက်ထားရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အကောင်းဆုံးပညာ အကောင်းဆုံးနေရာ အကောင်းဆုံးဘော်ဒါ

ဂုဏ်ထူး ဦးအောင်ခိုင် (အင်္ဂလိပ်စာ)

သပိုင်းတံခွန် ဦးထွန်းနွယ်

# ပညာနန်းတော်

အ.ထ.က

ကိုယ်ပိုင်အထက်တန်းကျောင်း အထူးအဆင့်မြင့်ဘော်ဒါ

ရွှေနေကျောင်းကြီး

TOP TEN

[illegible]

ရန်ကုန်မြို့အနီး ကျောင်းကားရှိသည် [illegible] 01-377 665, 09 479 74649

(၁၂-၁၁-၂၀၁၃)ရက်စွဲပါ [illegible]

[illegible]

## သစ္စာဒီပကဝိပဿနာအဖွဲ့ချုပ် (၉၄)ကြိမ်မြောက် တန်ဆောင်မုန်းလ (၇)ရက် အထူးတရားစခန်းပွဲ ဖိတ်ကြားလွှာ

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ မင်းကျောင်းလမ်းရှိ သစ္စာဒီပကဝိပဿနာအဖွဲ့ချုပ်၏ ဓမ္မာရုံတော်ကြီးတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော (၉၄)ကြိမ်မြောက် တန်ဆောင်မုန်းလ(၇)ရက် အထူးတရားစခန်းပွဲကို ၁၃၇၅ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်(၉)ရက်မှ တန်ဆောင်မုန်းလကွယ်နေ့ (၂၆-၁၁-၂၀၁၃ ရက်မှ ၂-၁၂-၂၀၁၃)ရက်အထိ ကျင်းပပြုလုပ်မည်ဖြစ်ရာ မြတ်စွာဘုရား၏ ဆန္ဒတော်နှင့်အညီ ဓမ္မာနုပဿနာ သတိပဋ္ဌာန်တရားတော်များကို ဆရာကြီးဦးကြည်၏ ဥပနိဿယအတိုင်း ဆရာကြီး၏ အန္တေဝါသိက လက်ရင်းတပည့်ကြီးဖြစ်သော ဆရာကြီး ဦးသိမ်းဆွေ(ဓနုဖြူ) နှင့် အရန်တရားဟော ဓမ္မကထိကများက သစ္စာသိကြောင်း အလုပ်ပေးတရားတော်များကို မဇ္ဈိမပဋိပဒါနည်းကျဟောကြားပြသပေးကြမည်ဖြစ်ပါသဖြင့် တရားစခန်း ဝင်ရောက်လိုသောယောဂီများသည် ၂၅-၁၁-၂၀၁၃ရက် (တနင်္လာနေ့)ညနေ ၅နာရီထက် နောက်မကျဘဲ ကြွရောက်ကြပါရန်၊ စခန်းပွဲသို့ ဆက်သွယ်လှူဒါန်းလိုသော အလှူရှင်များနှင့် ယောဂီများအနေဖြင့် နာယကဦးအေးကို ဖုန်း-၀၁-၅၂၁၉၃၀၊ ဥက္ကဋ္ဌ ဦးကျော်ဦး ဖုန်း-၀၉-၇၃၂၀၉၃၉၉၊ အတွင်းရေးမှူး ဦးမြင့်သန်း ဖုန်း-၀၉-၄၃၁၃၃၉၁၃၊ ဘဏ္ဍာရေးမှူး ဦးလှမျိုး ဖုန်း-၀၉-၅၀၆၁၁၃၈၊ အမှုဆောင်ရုံးခန်း ဖုန်း-၀၉-၇၃၀၃၇၃၇၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးနှိုးဆော်ဖိတ်ကြားအပ်ပါသည်။

**အမှုဆောင်အဖွဲ့**

## ငှားလိုသည်

ဒဂုံ-ဇေရာ အဝေးပြေးဝင်းအတွင်း ဆိုင်ခန်းတစ်ခန်း နှစ်ချုပ်ဖြင့် ငှားရမ်းလိုသည်

ဖုန်း-၀၉-၇၃၁၆၇၂၃၂၊ ၀၉-၇၃၁၃၅၃၈၁

## ဒဂုံမြို့သစ်ရှိမြေကွက်များဝယ်လိုသည်

[illegible]

09 31268183, 09 31589922

## ဦးဇေယျာမင်း(ခ)ဦးညဏ်ဝင်း ၁၂/မဂတ(နိုင်)၀၈၂၉၆၉ နှင့် အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ပြည်ထောင်စုရိပ်မွန်အိမ်ရာ၊ အာသောကလမ်း၊ အမှတ် ၃ နေ ဒေါ်ခင်ဖြူ ၁၃/တကန(နိုင်)၀၁၀၃၈၄ ၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးဇေယျာမင်း(ခ)ဦးညဏ်ဝင်း ၁၂/မဂတ(နိုင်)၀၈၂၉၆၉ နှင့် အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

လူကြီးမင်းသည် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်ဖြူ ပိုင်ဆိုင်သည့် ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ ၃ ရပ်ကွက်၊ ဗဟိုလမ်း(ခိုင်ရွှေဝါလမ်း)နေအိမ်နှင့် ပတ်သက်၍ အခွန်ဆောင်ရန်ကိစ္စရပ်များအတွက်လည်းကောင်း၊ အမည်ပြောင်းကိစ္စများအတွက်လည်းကောင်း၊ တရားရုံးကိစ္စများအတွက်လည်းကောင်း၊ လုပ်ငန်းကိစ္စများလုပ်ကိုင်ရန် ဒေါ်ခင်ဖြူထံမှ အလီလီရယူသွားသော ငွေကြေးများကို စာရင်းဇယားနှင့်တကွ ကျွန်ုပ်ထံသို့လည်းကောင်း၊ သို့တည်းမဟုတ် ကျွန်ုပ်မိတ်ဆွေဒေါ်ခင်ဖြူထံသို့လည်းကောင်း ဤသတင်းစာပါသည့်ရက်မှ ၁၄ ရက်အတွင်း လာရောက်ဆက်သွယ်ဖြေရှင်းပါရန်နှင့် ၎င်းရက်ထက်ကျော်လွန်သွားပါက တည်ဆဲဥပဒေအရလည်းကောင်း၊ တရားမကြောင်းအရလည်းကောင်း တရားစွဲဆိုသွားမည်ဖြစ်ကြောင်း ဦးဇေယျာမင်း(ခ)ဦးညဏ်ဝင်းနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသိန်းဟန်**
**LL.B,DML,DAPsy,DIL,DBL**
**(စာပေဗိမာန်အငြိမ်းစား)**
**တရားလွှတ်တော်ရှေ့နေ**

| | |
|---|---|
| ရုံး-မြို့နယ်တရားရုံးဝင်း | အိမ်-အမှတ်၇၇၆၊ ၂လမ်း၊ ငမိုးရိပ်ရပ်ကွက်၊ |
| ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် | သဃ်န်းကျွန်းမြို့နယ် |
| ဖုန်း-၅၉၁၄၈၂ (ရုံးချိန်အတွင်း) | ဖုန်း-၀၉-၇၃၁၃၀၈၇၃ |

## သွေးသည် အသက်

## (၁၆-၁၁-၂၀၁၃)ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၊ အချပ်ပို စာမျက်နှာ(၄)ပါ ဒေါ်လင်းလင်းခိုင် ၁၃/လရန(နိုင်)၀၉၃၁၁၇၏လွှဲအပ်ညွှန်ကြားချက်အရ ဦးအောင်သန်းစိုး(B.A, Law)(LL.B)တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၀၃)၏ အသိပေးကြေညာချက်အပေါ် ပြန်လည်ရှင်းလင်းကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ အောင်ဘောင်ရွှေပေါက်ကံမြို့နယ်၊ အမှတ်(၂၀/၄၃၁)နေ ဦးအေးလွင် ၁၂/လကန(နိုင်)၁၁၅၆၂၈၏ လွှဲအပ်ညွှန်ကြားချက်အရ(၁၆-၁၁-၂၀၁၃)ရက်ပါ မြန်မာ့အလင်းသတင်းစာ၊ အချပ်ပိုစာမျက်နှာ(၄)တွင် ဖော်ပြထားသော အသိပေး ကြေညာချက်အား အောက်ပါအတိုင်း ပြန်လည်ရှင်းလင်း ကြေညာအပ်ပါသည်။

၁။ ၁၁-၇-၂၀၁၃ရက်တွင် လူကြီးမင်းဒေါ်လင်းလင်းခိုင်နှင့်ဒေါ်မြင့်မြင့်စော၊ ဦးတင့်လွင်တို့ချုပ်ဆိုခဲ့သည့် မြေကွက် အရောင်းအဝယ်စရန်ပေးကတိစာချုပ်တွင် လူကြီးမင်းဒေါ်လင်းလင်းခိုင်၏မေတ္တာရပ်ခံချက်အရ ကျွန်ုပ်မိတ်ဆွေ ဦးအေးလွင်က အသိသက်သေအမှတ်စဉ်(၂)နေရာတွင် လက်မှတ်ရေးထိုးပေးခဲ့သည်ကို ဒေါ်လင်းလင်းခိုင် အသိပင်ဖြစ်ပါသည်။

၂။ ကျွန်ုပ်မိတ်ဆွေ ဦးအေးလွင်အနေဖြင့် လူကြီးမင်းနှင့်ဒေါ်မြင့်မြင့်စော၊ ဦးတင့်လွင်တို့ချုပ်ဆိုခဲ့သည့် စာချုပ်တွင် စရန်ငွေ ကိုသော်လည်းကောင်း လက်ခံရယူခဲ့ခြင်းမရှိဘဲ သက်သေအနေဖြင့် လက်မှတ်ရေးထိုးပေးခဲ့ခြင်းကို ဒေါ်လင်းလင်းခိုင်အသိပင် ဖြစ်ပါသည်။ ထိုသို့ဖြစ်ရပ်အမှန်ကို ကျွန်ုပ်၏မိတ်ဆွေဦးအေးလွင်အနေဖြင့် ဒေါ်မြင့်မြင့်စော၊ ဦးတင့်လွင်၊ ဒေါ်သီသီဦးတို့နှင့် ပူးပေါင်း၍ လူကြီးမင်း ဒေါ်လင်းလင်းခိုင်မှ သတင်းစာပါကြေညာချက်တွင် အဆိုပါမြေကွက်နှင့်ပတ်သက်၍ လူကြီးမင်းတို့ လေးဦး တညီတညွတ်တည်းပြောသကဲ့သို့ လူကြီးမင်းဒေါ်မြင့်မြင့်စောနှင့်ဦးတင့်လွင်တို့ပိုင်ဆိုင်သည့် မြေကွက်မဟုတ်ဘဲ ပိုင်ဆိုင်မှု အရှုပ်အရှင်းများဖြစ်ပေါ်နေသည့်မြေကွက်ဖြစ်ကြောင်း သိရှိရပါသည်ဟုဖော်ပြပါရှိရာ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ဦးတင့်လွင်၊ ဒေါ်မြင့်မြင့်စောတို့သာလျှင် တာဝန်ရှိသူများဖြစ်ကြောင်းကို လူကြီးမင်း ဒေါ်လင်းလင်းခိုင် အသိပင်ဖြစ်ပါသည်။

၃။ ကျွန်ုပ်မိတ်ဆွေဦးအေးလွင်အနေဖြင့် စာချုပ်ချုပ်ဆိုသည့်အခါတွင်သာ သက်သေအဖြစ်လက်မှတ်ရေးထိုးခဲ့ခြင်းမှလွဲ၍ ကျန်ကိစ္စများမသိရှိ၍ လုံး၀(လုံး၀) သက်ဆိုင်ခြင်းမရှိပါ။

၄။ သို့ပါ၍ ၁၆-၁၁-၂၀၁၃ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၊ အချပ်ပိုစာမျက်နှာ(၄)တွင် ဖော်ပြထားသည့် အသိပေး ကြေညာချက်များမှာ လူကြီးမင်းဒေါ်လင်းလင်းခိုင်မှ မိမိ၏ပျက်ကွက်မှုကို တမင်ဖုံးကွယ်လို၍လည်းကောင်း၊ ကျွန်ုပ်၏မိတ်ဆွေ ဦးအေးလွင်အား ဂုဏ်သိက္ခာညှိုးနွမ်းစေအောင်လည်းကောင်း၊ အကျိုးပျက်စီးစေရန် မရိုးမဖြောင့်သောသဘောဖြင့် တမင်ရည်ရွယ် ကြံစည်၍ ရေးသားဖော်ပြချက်များမှာ တရားလွှတ်တော်ရှေ့နေကြီး၏မိတ်ဆွေမှ လွှဲမှားစွာပေးအပ်ထားသော ညွှန်ကြားချက် များအား ပြန်လည်ရုပ်သိမ်းပေးပါရန်နှင့်ပျက်ကွက်ခဲ့ပါက တည်ဆဲဥပဒေများအရလည်းကောင်း တရားတပေါင်စွဲဆိုသွားမည် ဖြစ်ကြောင်း ၁၆-၁၁-၂၀၁၃ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၊ အချပ်ပိုစာမျက်နှာ(၄)ပါ ဒေါ်လင်းလင်းခိုင်၏ အသိပေး ကြေညာချက်အား ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးသိန်းဟန်**<br>
**LL.B,DML,DAPsy,DIL,DBL**<br>
**စာပေဗိမာန်(အငြိမ်းစား)**<br>
**တရားလွှတ်တော်ရှေ့နေ**

**ရုံး-မြို့နယ်တရားရုံးဝင်း** **အိမ်-အမှတ်(၇၇၆)၊ ၂လမ်း၊**<br>
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်** **ငမိုးရိပ်ရပ်ကွက်၊ သဃ်ာန်းကျွန်းမြို့နယ်**<br>
**ဖုန်း-၅၉၁၄၈၂(ရုံးချိန်အတွင်း)** **ဖုန်း-၀၉-၇၃၁၃၀၈၇၃**

## (၁၆-၁၁-၂၀၁၃)ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၊ အချပ်ပို စာမျက်နှာ(၄)ပါ ဒေါ်လင်းလင်းခိုင် ၁၃/လရန(နိုင်)၀၉၃၁၁၇၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးအောင်သန်းစိုး (B.A, Law)(LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၀၃)၏ အသိပေးကြေညာချက်အပေါ် ပြန်လည်ရှင်းလင်းကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ၇၈ရပ်ကွက်၊ ပဲခူးမြစ်လမ်း၊ အမှတ်၉၁၀/၉၁၁နေထိုင်သူ ဒေါ်သီသီဦး ၁၂/ဒဂတ(နိုင်)၀၀၃၄၂၄ ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ ၁၆-၁၁-၂၀၁၃ရက်ပါ မြန်မာ့အလင်းသတင်းစာ၊ အချပ်ပို စာမျက်နှာ (၄)တွင် ဖော်ပြထားသော အသိပေးကြေညာချက်အား အောက်ပါအတိုင်း ပြန်လည်ရှင်းလင်း ကြေညာအပ်ပါသည်။

၁။ ၁၁-၇-၂၀၁၃ရက်တွင် လူကြီးမင်းဒေါ်လင်းလင်းခိုင်နှင့်ဒေါ်မြင့်မြင့်စော၊ ဦးတင့်လွင်တို့ချုပ်ဆိုခဲ့သည့် မြေကွက်အရောင်း အဝယ်စရန်ပေးကတိစာချုပ်တွင် လူကြီးမင်းဒေါ်လင်းလင်းခိုင်၏ မေတ္တာရပ်ခံချက်အရ ကျွန်ုပ်မိတ်ဆွေ ဒေါ်သီသီဦးက အသိသက် သေ အမှတ်စဉ်(၁)နေရာတွင် လက်မှတ်ရေးထိုးပေးခဲ့သည်ကို ဒေါ်လင်းလင်းခိုင်အသိပင်ဖြစ်ပါသည်။ အလားတူစွာပင် ၁၀-၁၀-၂၀၁၃ ရက်တွင် အဆိုပါစာချုပ်၏ တတိယစာချုပ်၏နောက်ကျောဘက်တွင် ဒေါ်လင်းလင်းခိုင်ကိုယ်တိုင် ငွေကျပ်သိန်း ၃၀၀ (ငွေကျပ်သိန်းသုံးရာတိတိ)ကို ဒေါ်မြင့်မြင့်စောက လက်ရောက်ပြန်လည်ပေးအပ်ခဲ့သည်ကို စာချုပ်၏နောက်ကျောသက်သေအမှတ်စဉ် (၂)နေရာတွင် ဒေါ်သီသီဦးမှ အသိသက်သေနေရာတွင် လက်မှတ်ရေးထိုးခဲ့သည်ကို လူကြီးမင်းဒေါ်လင်းလင်းခိုင် အသိပင် ဖြစ်ပါသည်။

၂။ ကျွန်ုပ်မိတ်ဆွေ ဒေါ်သီသီဦးအနေဖြင့် လူကြီးမင်းနှင့်ဒေါ်မြင့်မြင့်စော၊ ဦးတင့်လွင်တို့ချုပ်ဆိုခဲ့သည့် စာချုပ်တွင် စရန်ပေးငွေကို သော်လည်းကောင်း လက်ခံရယူခဲ့ခြင်းမရှိဘဲ သက်သေအနေဖြင့် လက်မှတ်ရေးထိုးပေးခဲ့ခြင်းကို ဒေါ်လင်းလင်းခိုင် အသိပင်ဖြစ်ပါ သည်။ ထိုသို့ဖြစ်ရပ်အမှန်ကို ကျွန်ုပ်၏မိတ်ဆွေဒေါ်သီသီဦးအနေဖြင့် ဒေါ်မြင့်မြင့်စော၊ ဦးတင့်လွင်၊ ဦးအေးလွင်တို့နှင့် ပူးပေါင်း၍ လူကြီးမင်းဒေါ်လင်းလင်းခိုင်မှ သတင်းစာပါကြေညာချက်တွင် အဆိုပါမြေကွက်နှင့် ပတ်သက်၍ လူကြီးမင်းတို့ လေးဦး တညီတညွတ်တည်း ပြောသကဲ့သို့ လူကြီးမင်း ဒေါ်မြင့်မြင့်စောနှင့် ဦးတင့်လွင်တို့ ပိုင်ဆိုင်သည့်မြေကွက်မဟုတ်ဘဲ ပိုင်ဆိုင်မှု အရှုပ်အရှင်းများ ဖြစ်ပေါ်နေသည့် မြေကွက်ဖြစ်ကြောင်း သိရှိရပါသည်ဟု ဖော်ပြပါရှိရာ အဆိုပါမြေကွက်နှင့် ပတ်သက်၍ ဦးတင့်လွင်၊ ဒေါ်မြင့်မြင့်စောတို့သာလျှင် တာဝန်ရှိသူများဖြစ်ကြောင်းကို လူကြီးမင်း ဒေါ်လင်းလင်းခိုင် အသိပင်ဖြစ်ပါသည်။

၃။ ကျွန်ုပ်မိတ်ဆွေ ဒေါ်သီသီဦးအနေဖြင့် စာချုပ်ချုပ်ဆိုသည့် အခါတွင်လည်းကောင်း၊ ငွေကျပ်သိန်း ၃၀၀(ငွေကျပ်သိန်း သုံးရာတိတိ) ပေးသည့်အခါတွင်လည်းကောင်း အသိသက်သေအဖြစ် လက်မှတ်ရေးထိုးခဲ့ခြင်းမှလွဲ၍ ကျန်ကိစ္စများမသိရှိ၍ လုံး၀(လုံး၀) သက်ဆိုင်ခြင်းမရှိပါ။

၄။ သို့ပါ၍ ၁၆-၁၁-၂၀၁၃ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၊ အချပ်ပို စာမျက်နှာ (၄)တွင် ဖော်ပြထားသည့် အသိပေးကြေညာ ချက်များမှာ လူကြီးမင်းဒေါ်လင်းလင်းခိုင်မှ မိမိ၏ပျက်ကွက်မှုကို တမင်ဖုံးကွယ်လို၍လည်းကောင်း၊ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သီသီဦးအား ဂုဏ်သိက္ခာညှိုးနွမ်းစေအောင်လည်းကောင်း၊ အကျိုးပျက်စီးစေရန် မရိုးမဖြောင့်သောသဘောဖြင့် တမင်ရည်ရွယ် ကြံစည်၍ ရေးသားဖော်ပြချက်များမှာ တရားလွှတ်တော်ရှေ့နေကြီး၏ မိတ်ဆွေမှ လွဲမှားစွာ ပေးအပ်ထားသော ညွှန်ကြားချက်များအား ပြန်လည်ရုပ်သိမ်းပေးပါရန်နှင့် ပျက်ကွက်ခဲ့ပါက တည်ဆဲဥပဒေများအရလည်းကောင်း တရားတပေါင်စွဲဆိုသွားမည်ဖြစ်ကြောင်း ၁၆-၁၁-၂၀၁၃ရက် မြန်မာ့အလင်းသတင်းစာ၊ အချပ်ပိုစာမျက်နှာ(၄)ပါ ဒေါ်လင်းလင်းခိုင်၏ ကြေညာချက်အား ပြန်လည်ရှင်းလင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးသိန်းဟန်**<br>
**LL.B, DML,DAPsy,DIL,DBL**<br>
**စာပေဗိမာန်(အငြိမ်းစား)**<br>
**တရားလွှတ်တော်ရှေ့နေ**

**ရုံး-မြို့နယ်တရားရုံးဝင်း** **အိမ်-အမှတ် (၇၇၆)၊ ၂လမ်း၊ ငမိုးရိပ်ရပ်ကွက်**<br>
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်** **သဃ်ာန်းကျွန်းမြို့နယ်**<br>
**ဖုန်း-၅၉၁၄၈၂(ရုံးချိန်အတွင်း)** **ဖုန်း-၀၉-၇၃၁၃၀၈၇၃**

## (၁၆-၁၁-၂၀၁၃)ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၊ အချပ်ပို စာမျက်နှာ(၄)ပါ ဒေါ်လင်းလင်းခိုင် ၁၃/လရန(နိုင်)၀၉၃၁၁၇ ၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးအောင်သန်းစိုး (B.A,Law) (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၀၃)၏ အသိပေးကြေညာချက်အပေါ် ပြန်လည်ရှင်းလင်းကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ တာမွေ(က+ဂ)ရပ်ကွက်၊ ၁၆၁ လမ်း၊ အမှတ်၁၁နေထိုင်သူဒေါ်မြင့်မြင့်စော ၁၂/တမန (နိုင်)၀၈၈၈၈၃ ၏ လွှဲအပ်ညွှန်ကြားချက်အရ ၁၆-၁၁-၂၀၁၃ ရက်ပါ မြန်မာ့အလင်းသတင်းစာ၊ အချပ်ပို စာမျက်နှာ(၄)တွင် ဖော်ပြထားသော အသိပေးကြေညာချက်အား အောက်ပါအတိုင်း ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

၁။ လူကြီးမင်းဒေါ်လင်းလင်းခိုင်နှင့် ကျွန်ုပ်၏မိတ်ဆွေဒေါ်မြင့်မြင့်စော၊ ဦးတင့်လွင်တို့ ၁၁-၇-၂၀၁၃ ရက်တွင် ချုပ်ဆိုခဲ့ သည့် မြေကွက်အရောင်းအဝယ် စရန်ပေးကတိစာချုပ်အရ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက် ၆၁၊ မြေကွက်အမှတ်(ကြာကန်ကွင်း)၊ ကွင်းအမှတ် ယခု ၄၃၆/ခ၊ မြေအကျယ်အဝန်း ၂ ဒသမ ၄၃ ဧကရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်လွှဲပြောင်း ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် တန်ဖိုးငွေကျပ်သိန်း ၂၃၀၀ (ငွေကျပ်သိန်းနှစ်ထောင့်သုံးရာတိတိ)ဖြင့်ရောင်းချရန် လူကြီးမင်းဒေါ်လင်းလင်းခိုင်အား ကမ်းလှမ်းခဲ့ခြင်းကို လူကြီးမင်း ဒေါ်လင်းလင်းခိုင်က သဘောတူလက်ခံခဲ့ခြင်းကို လူကြီးမင်းအသိပင်ဖြစ်ပါသည်။

၂။ ထိုသို့သဘောတူ လက်ခံခဲ့ရာတွင် ရောင်းချသူ ဒေါ်မြင့်မြင့်စော၊ ဦးတင့်လွင်တို့သည် မူလပိုင်ရှင် ဒေါ်သန်းသန်း အေးထံမှ တရားဝင် ဝယ်ယူပိုင်ဆိုင်ခဲ့သော ဦးဝင်းနိုင်ဦး၏ အထူးကိုယ်စားလှယ်လွှဲစာရရှိသူဖြစ်ပြီး ရောင်းချပိုင်ခွင့်ရှိသူဖြစ် ကြောင်းပြောဆို၍ ရောင်းချခဲ့ခြင်းဖြစ်သည်ကို ပွဲစားများနှင့်တကွ အသိသက်သေများနှင့်အတူ လူကြီးမင်းဒေါ်လင်းလင်းခိုင် အသိပင်ဖြစ်ပါသည်။ ထို့ပြင်လူကြီးမင်းဝယ်ယူသော မြေကွက်အား သုံးလအတွင်း နှစ် ၆၀ ဂရန်ရရှိရန် တာဝန်ယူဆောင်ရွက်ပေး သည်မှာ ဦးတင့်လွင်ဖြစ်ပြီး လူကြီးမင်းဒေါ်လင်းလင်းခိုင်ဝယ်ယူသော ငွေကျပ်သိန်း ၂၃၀၀ (ငွေကျပ်သိန်းနှစ်ထောင့်သုံးရာ တိတိ)တွင် ကျပ်သိန်း ၁၀၀၀ (ငွေကျပ်သိန်းတစ်ထောင်တိတိ)မှာ ပိုင်ဆိုင်မှုအတွက်ဖြစ်ပြီး ကျပ်သိန်း ၁၃၀၀ (ငွေကျပ်သိန်းတစ် ထောင့်သုံးရာတိတိ)မှာ နှစ် ၆၀ ဂရန်ရရှိရန် ဆောင်ရွက်ပေးရန် ဦးတင့်လွင်မှ လက်ခံရယူခြင်းဖြစ်ကြောင်း လူကြီးမင်းဒေါ်လင်းလင်း ခိုင်နှင့်တကွ အသိသက်သေများဖြစ်သည့် ပွဲစားများသိရှိသည်ကိုလည်း လူကြီးမင်းဒေါ်လင်းလင်းခိုင် အသိပင်ဖြစ်ပါသည်။

၃။ သို့ပါ၍ လူကြီးမင်းပေးအပ်သော စရန်ငွေကျပ်သိန်း ၁၀၀၀ (ငွေကျပ်သိန်းတစ်ထောင်တိတိ)အား ကျွန်ုပ်မိတ်ဆွေ ဒေါ်မြင့်မြင့်စောနှင့် ဦးတင့်လွင်တို့ လက်ခံရယူရာတွင် ကျွန်ုပ်၏မိတ်ဆွေဒေါ်မြင့်မြင့်စောမှ ပိုင်ဆိုင်မှုအတွက် ကျပ်သိန်း ၃၀၀ (ငွေကျပ်သိန်းသုံးရာတိတိ)ကို လက်ခံရယူပြီး ကျန်ကျပ်သိန်း ၇၀၀ (ငွေကျပ်သိန်းခုနစ်ရာတိတိ)နှင့် ခြံစည်းရိုးခတ်ရန်အတွက် ၃၈ သိန်း(ငွေကျပ်သုံးဆယ့်ရှစ်သိန်းတိတိ)အား ဦးတင့်လွင်မှ လက်ခံရယူသွားခြင်းကို လူကြီးမင်းနှင့်တကွ အသိသက်သေ ပွဲစားများ အသိပင်ဖြစ်ပါသည်။ ဦးတင့်လွင်မှလည်း လူကြီးမင်းထံသို့ ဝယ်ယူထားသော မြေကွက်နှင့်ပတ်သက်၍ ပိုင်ဆိုင်မှု အထောက်အထား၊ စာရွက်စာတမ်းမိတ္တူများကိုလည်းကောင်း၊ နှစ် ၆၀ ဂရန်လျှောက်ထားသော စာရွက်စာတမ်းမိတ္တူများကို လည်းကောင်း ပေးအပ်ခဲ့ခြင်းကို လူကြီးမင်းဒေါ်လင်းလင်းခိုင်အနေဖြင့် သိရှိလက်ခံထားပြီးဖြစ်ကြောင်း လူကြီးမင်းဒေါ်လင်း လင်းခိုင် အသိပင်ဖြစ်ပါသည်။

၄။ ထို့ကြောင့် နှစ် ၆၀ ဂရန်ထွက်ရှိခြင်း၊ မထွက်ရှိခြင်းတို့မှာ လူကြီးမင်းဒေါ်လင်းလင်းခိုင်နှင့် ဦးတင့်လွင်တို့၏ ကိစ္စသာဖြစ်သော်လည်း လူကြီးမင်းဒေါ်လင်းလင်းခိုင်မှ ၁၁-၁၀-၂၀၁၃ ရက်တွင် စာချုပ်ပါအတိုင်း ဆက်လက်ပေးရန်ရှိသော ကျပ်သိန်း ၁၃၀၀ (ငွေကျပ်သိန်းတစ်ထောင့်သုံးရာတိတိ)အားပေးရန် ပျက်ကွက်လိုသောဆန္ဒကြောင့် ကျွန်ုပ်မိတ်ဆွေဒေါ်မြင့်မြင့် စောထံသို့ ၁၀-၁၀-၂၀၁၃ရက်တွင် အကြောင်းကြားစာ ပေးပို့ခဲ့ခြင်းဖြစ်ပါသည်။ ထိုနေ့တွင်ပင် ကျွန်ုပ်မိတ်ဆွေထံ နောက်ထပ်ပေး ချေရန် ကျန်ငွေများပေးရန် ပျက်ကွက်နေ၍ ပေးထားသော စရန်ငွေအဆုံးရှုံးခံရမည်ဖြစ်သော်လည်း ကျွန်ုပ်မိတ်ဆွေ ဒေါ်မြင့်မြင့် စောမှ လူမှုရေးအရလည်းကောင်း၊ ကိုယ်ချင်းစာနာသောစိတ်ဖြင့်လည်းကောင်း ပိုင်ဆိုင်မှုအတွက် ရယူထားသော စရန်ငွေကျပ်သိန်း ၃၀၀(ငွေကျပ်သိန်းသုံးရာတိတိ)အား အသိသက်သေများ ရှေ့မှောက်တွင် ပေးအပ်ခဲ့ခြင်းကို လူကြီးမင်းဒေါ်လင်းလင်းခိုင်မှ ၁၁- ၇-၂၀၁၃ ရက်တွင် ချုပ်ဆိုသော မြေကွက်အရောင်းအဝယ်စာချုပ်၏ နောက်ဆုံးစာချုပ်စာမျက်နှာ၏ နောက်ကျောဘက်တွင် လူကြီးမင်းဒေါ်လင်းလင်းခိုင်ကိုယ်တိုင် လက်ရေးဖြင့် ကျပ်သိန်း ၃၀၀(ငွေကျပ်သိန်းသုံးရာတိတိ)အား လက်ရောက်ပြန်လည်ပေး အပ်ခြင်းကို လက်ခံရရှိကြောင်းနှင့် ကျန်ငွေကျပ် ၇၃၈ သိန်း(ငွေကျပ်ခုနစ်ရာသုံးဆယ့်ရှစ်သိန်းတိတိ)ကို ကျွန်ုပ်မိတ်ဆွေ ဒေါ်မြင့်မြင့်စောမှ ၂၀-၁၀-၂၀၁၃ ရက်တွင် တာဝန်ယူ၍ ပေးအပ်မည်ဟု နှစ်ဦးသဘောတူလက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ပါသည်။ သို့ပါ၍ ၁၁-၇-၂၀၁၃ ရက်တွင် ချုပ်ဆိုသော စာချုပ်မှာ တရားဝင်ပျက်ပြယ်ခြင်းဖြစ်ကြောင်း လူကြီးမင်းဒေါ်လင်းလင်းခိုင် အသိပင်ဖြစ်ပါသည်။

၅။ ကျန်ငွေကျပ် ၇၃၈ သိန်း (ငွေကျပ်ခုနစ်ရာသုံးဆယ့်ရှစ်သိန်းတိတိ)မှာလည်း နှစ် ၆၀ ဂရန်ထွက်ရှိရန် ဆောင်ရွက် သော ဦးတင့်လွင်၏ တာဝန်သာဖြစ်ပြီး ကျွန်ုပ်၏ မိတ်ဆွေဒေါ်မြင့်မြင့်စောမှ ဦးတင့်လွင် ခရီးလွန်နေ၍ ဦးတင့်လွင်ကိုယ်စား လက်မှတ်ရေးထိုးပေးခဲ့ခြင်းဖြစ်သည်ကိုလည်း လူကြီးမင်းဒေါ်လင်းလင်းခိုင်နှင့် အသိသက်သေများအသိပင်ဖြစ်ပါသည်။ လူကြီးမင်းဒေါ်လင်းလင်းခိုင်အား ဦးတင့်လွင်၏ ဇနီးဖြစ်သူကိုယ်တိုင်မှလည်း ဦးတင့်လွင်ပြန်လည်ရောက်ရှိပါက ဖြေရှင်းပေးမည် ဖြစ်ကြောင်း တယ်လီဖုန်းဖြင့် အကြိမ်ကြိမ်ပြောဆိုခဲ့ခြင်းကိုလည်း လူကြီးမင်း ဒေါ်လင်းလင်းခိုင်မှ လက်ခံသဘောတူညီခဲ့ပြီးဖြစ်သည်ကို ဒေါ်လင်းလင်းခိုင် အသိပင်ဖြစ်ပါသည်။ သို့ပါ၍ လူကြီးမင်းဒေါ်လင်းလင်းခိုင်တောင်းဆိုသော စရန်ငွေနှစ်ဆနှင့် ပတ်သက်၍ ကျွန်ုပ်မိတ်ဆွေဒေါ်မြင့်မြင့်စောမှ ပေးအပ်ရန် တာဝန်မရှိသည့်အပြင် ကျန်ငွေ ၇၃၈ သိန်း(ကျပ်ခုနစ်ရာသုံးဆယ့်ရှစ်သိန်းတိတိ) မှာလည်း ဦးတင့်လွင်နှင့်သာ လူကြီးမင်းဒေါ်လင်းလင်းခိုင် ဖြေရှင်းရမည်ဖြစ်ကြောင်း လူကြီးမင်းဒေါ်လင်းလင်းခိုင်ကိုယ်တိုင် သိရှိပြီး ဖြစ်ပါသည်။

၆။ လူကြီးမင်း ဒေါ်လင်းလင်းခိုင်မှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မြင့်မြင့်စောရောင်းချသော မြေကွက်သည် အရှုပ်အရှင်းများ ဖြစ်ပေါ်နေသော မြေကွက်ဖြစ်သည်ဟု ပြောဆိုခြင်းမှာ မတရားစွပ်စွဲပြောဆိုခြင်းဖြစ်ပြီး ထိုသို့အရှုပ်အရှင်းများဖြစ်သယောင် လူကြီးမင်းဒေါ်လင်းလင်းခိုင်ကိုယ်တိုင် တမင်ဖန်တီးဆောင်ရွက်နေခြင်းကို ဒေါ်လင်းလင်းခိုင်ကိုယ်တိုင်အသိဆုံးဖြစ်ပါသည်။ မြေပိုင် ဆိုင်မှု အရှုပ်အရှင်းဖြစ်စေရန် လူကြီးမင်းဒေါ်လင်းလင်းခိုင်မှ တမင်ကြိုတင်ကြံရွယ်ကာ အခြားသူတစ်ဦးတစ်ယောက်အမည်ဖြင့် ဦးဝင်းနိုင်ဦးအား တရားဝင်ရောင်းချပြီးဖြစ်သောမူလပိုင်ရှင် ဒေါ်သန်းသန်းအေးထံမှ ထပ်မံဝယ်ယူခြင်း၊ ဒေါ်သန်းသန်းအေးထံမှ ၎င်း၏သားဆိုသူ ကိုမိုးသန်းကျော်က ၅-၁-၂၀၁၃ ရက်တွင် ထပ်မံဝယ်ယူခြင်း၊ ပိုင်ဆိုင်သည်ဟု ပြောဆိုနေသော လယ်သမားဦးတင် သိန်းထံမှ ဒေါ်သန်းသန်းအေးက ၁၀-၁၀-၂၀၁၃ ရက်တွင် စရန်ပေးထပ်မံဝယ်ယူခြင်း၊ လယ်သမားဦးစောမောင်၏ကိုယ်စား ဦးတင်သိန်းထံမှ လူကြီးမင်းဒေါ်လင်းလင်းခိုင်၏ ပွဲစားဦးနေအောင်မှ ၁၄-၁၀-၂၀၁၃ ရက်တွင် ထပ်မံဝယ်ယူခြင်း၊ ဒေါ်သန်းသန်း အေးအမည်ဖြင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ထံသို့လည်းကောင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ လည်း ကောင်း၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးမှုဌာနသို့လည်းကောင်း၊ ဦးတင့်လွင်ထံမှရရှိသော စာရွက်စာတမ်းမိတ္တူများကို အကြောင်းပြု၍ လျှောက်ထားခြင်းပြုလုပ်နေခြင်းကို လူကြီးမင်းဒေါ်လင်းလင်းခိုင် အသိဆုံးပင်ဖြစ်ပါသည်။

၇။ သို့ပါ၍ ၁၆-၁၁-၂၀၁၃ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ(၄)တွင် ဖော်ပြထားသည့် အသိပေး ကြေညာချက်များမှာ လူကြီးမင်းဒေါ်လင်းလင်းခိုင်မှ မိမိ၏ပျက်ကွက်မှုကို တမင်ဖုံးကွယ်လို၍လည်းကောင်း၊ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မြင့်မြင့်စောမှ ပေးရန်တာဝန်မရှိသော လူကြီးမင်းဒေါ်လင်းလင်းခိုင်မှလည်း တောင်းဆိုပိုင်ခွင့်မရှိသော ငွေကြေးအား ကျွန်ုပ် မိတ်ဆွေဒေါ်မြင့်မြင့်စောထံမှ မတရားရယူလို၍လည်းကောင်း၊ အများသူငှာထင်ယောင်ထင်မှားဖြစ်စေရန်လည်းကောင်း၊ ကျွန်ုပ် မိတ်ဆွေဒေါ်မြင့်မြင့်စော၏ ဂုဏ်သိက္ခာညှိုးနွမ်းစေအောင်လည်းကောင်း၊ အကျိုးပျက်စီးစေရန် မရိုးမဖြောင့်သောသဘောဖြင့် တမင် ရည်ရွယ်ကြံစည်၍ ရေးသားဖော်ပြချက်များမှာ တရားလွှတ်တော်ရှေ့နေကြီး၏ မိတ်ဆွေမှ လွဲမှားစွာ ပေးအပ်ထားသော ညွှန်ကြားချက် များအား ပြန်လည်ရုပ်သိမ်းပေးပါရန်နှင့် ပျက်ကွက်ခဲ့ပါက တည်ဆဲဥပဒေများအရလည်းကောင်း၊ တရားတစ်ပေါင်စွဲဆိုသွားမည်ဖြစ် ကြောင်း ၁၆-၁၁-၂၀၁၃ ရက် မြန်မာ့အလင်းသတင်းစာ၊ အချပ်ပိုစာမျက်နှာ(၄)ပါ ဒေါ်လင်းလင်းခိုင်၏ အသိပေးကြေညာချက်အား ပြန်လည်ရှင်းလင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးသိန်းဟန်**<br>
**LL.B,DML,DAPsy,DIL,DBL**<br>
**စာပေဗိမာန်(အငြိမ်းစား)**<br>
**တရားလွှတ်တော်ရှေ့နေ**

**ရုံး-မြို့နယ်တရားရုံးဝင်း** **အိမ်-အမှတ်(၇၇၆)၊ ၂လမ်း၊ ငမိုးရိပ်ရပ်ကွက်၊**<br>
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်** **သဃ်ာန်းကျွန်းမြို့နယ်**<br>
**ဖုန်း-၀၁-၅၉၁၄၈၁ (ရုံးချိန်အတွင်း)** **ဖုန်း-၀၉-၇၃၁၃၀၈၇၃**

# လိုက်လှဲစွာဝမ်းမြောက်ကြိုဆိုခြင်း

**IKBZ Insurance** (အပြည်ပြည်ဆိုင်ရာကမ္ဘောဇအာမခံလုပ်ငန်း) ၏

**မကွေးတိုင်းရုံးချုပ်** ကို ၁၉.၁၁.၂၀၁၃ ရက်နေ့တွင်

**မကွေးတိုင်းဒေသကြီး၊ မကွေးမြို့** ၌ အောင်မြင်စွာဖွင့်လှစ်ခဲ့ခြင်းအတွက်

အထူးဂုဏ်ယူဝမ်းမြောက်ကြိုဆိုပါကြောင်းနှင့် တိုးတက်အောင်မြင်ပါစေကြောင်း

ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း**
**မကွေးတိုင်းဒေသကြီး၊ မကွေးမြို့**

---

## " STALKER ကုန်အမှတ်တံဆိပ် နှင့် အမှတ်အသားများကို အတုပြုလုပ်သူများအား သတိပေးစာပြစ်ခြင်း "

ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်နိုင်ဝင်း (MDYNW-038204)သည် STALKER အမှတ်တံဆိပ်ဖြင့် မိနပ်အမျိုးမျိုးရောင်းဝယ်ရေးလုပ်ငန်းကို လွန်ခဲ့သော(၂၀၁၀)ခုနှစ်ကတည်းက မြန်မာနိုင်ငံတစ်ဝှမ်းလုံးသို့ အဆက်မပြတ်လက်လီလက်ကား ဖြန့်ဖြူးရောင်းချနေသည်မှာယနေ့ အချိန်ထိဖြစ်ပါသည်။ ၎င်းကုန်အမှတ်တံဆိပ်ကိုလည်း မန္တလေးတိုင်းဒေသကြီး စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ်(၆၆၄/၁၀)ဖြင့် တစ်ဦးတည်းပိုင်အဖြစ် မှတ်ပုံတင်သွင်းခဲ့ပြီး ဖြစ်ပါသည်။

ထုပ်ပိုးမှုပုံစံ →



Packing Style

ဤသို့ကျွန်ုပ်မိတ်ဆွေမှ ထုတ်လုပ်ရောင်းချသော အဆင့်မီအမျိုးအစားကောင်းမိနပ် အမျိုးမျိုးတို့ကို ရောင်းချခဲ့ရာ ဈေးကွက်တွင် လူကြိုက်များလျက်ရှိပြီး ၎င်း၏နာမည်ကောင်းသတင်းကို အခွင့်ကောင်းယူ၍ မသမာသူ တို့က အရည်အသွေးလက်ရာမမီသော STALKER ကုန်အမှတ် တံဆိပ်အတုအပများဖြင့် လည်းကောင်း၊ ဆင်တူယိုးမှားဖြစ်စေသော တံဆိပ်များဖြင့် လည်းကောင်း ဈေးနှုန်းလျှော့၍ ဝယ်ယူသုံးစွဲသူများက အစစ်အမှန်ဟု ထင်ယောင်ထင်မှား ဖြစ်စေအောင် LOGO ၏စာသားအား အနည်းငယ် ပြောင်းလဲအသွင်ဆင်တူ၍ ဈေးကွက်အတွင်းရှိ မိနပ်ဆိုင်များတွင် ဖြန့်ဖြူးရောင်းချနေသူများအနေဖြင့် အမြန်ဆုံးရုပ်သိမ်းပေးပါရန် နှင့် ဟုဆင့်ခံ လက်ဝယ်ထားရှိ ဖြန့်ဖြူးရောင်းချခြင်းများကိုလည်း မပြုလုပ်ကြပါရန် သတိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေသည် အထက်တွင်ဖော်ပြထားသော LOGO အား ဆင်တူယိုးမှားဖြစ်စေသော တံဆိပ်ဖြင့် ထုပ်ပိုးခြင်း၊ အရောင်းဆိုင်ခွဲများပြုလုပ်၍ ဖြန့်ဖြူးရောင်းချခြင်း မပြုလုပ်ပါ။ STALKER ကုန်အမှတ်တံဆိပ်ကို စဉ်ဆက်မပြတ် အားပေးသုံးစွဲသူများအားလည်း အတုအပနှင့် ထင်ယောင် ထင်မှားဖြစ်စေသော ဆင်တူယိုးမှားဖြစ်စေသော ဝယ်ယူသုံးစွဲမှုမပြုမိစေရန် အသိပေးအပ်ပါသည်။ ယခုကြေညာခြင်းသည် စတုတ္ထအကြိမ်အသိပေးကြေညာခြင်းဖြစ်ပြီး ယခင်က (၂၃-၇-၂၀၁၃)ရက်နေ့ထုတ် မန္တလေးနေ့စဉ်သတင်းစာတွင်လည်းကောင်း၊ (၂-၈-၂၀၁၃)ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင်လည်းကောင်း၊ (၂၈-၉-၂၀၁၃)ရက်နေ့ထုတ် မန္တလေးနေ့စဉ်သတင်းစာတွင်လည်းကောင်း အသိပေးကြေညာခဲ့ပြီးဖြစ်ပါသည်။ ဤသတိပေးစာပြစ်ခြင်းကြေညာပြီးသည့်နောက်(ရက်သတ္တပတ်)နောက်ပိုင်းတွင် ဆက်လက်ဖြန့်ဖြူးရောင်းချနေကြောင်းတွေ့ရှိပါက မြန်မာနိုင်ငံ၏တည်ဆဲဥပဒေများအရ ထိရောက်စွာအရေးယူမည်ဖြစ်ပါကြောင်း နှင့် ကျွန်ုပ်၏ မိတ်ဆွေနစ်နာဆုံးရှုံးမှုအဝဝအတွက် လျော်ကြေးတောင်းခံမည်ဖြစ်ကြောင်းအသိပေး ကြေညာအပ်ပါသည်။

**Whole Sale Contact - 09-2036468, 09-73190468, 09-2062339, 09-2013628**

လွှဲအပ်ညွှန်ကြားချက်အရ -

ဒေါ်နန္ဒာမြင့်သိန်း (တရားလွှတ်တော်ရှေ့နေ) LL.B (Q), Dip in Business Law, Int'l Dip in E-Commerce (NCC.UK) ☎ ၀၉-၂၀၃၃၅၈၅၅

ဦးစိုးမြတ်သူ ၊ ဒေါ်သူဇာမြင့်နိုင် ၊ ဒေါ်ဧမြာစုမေ ၊ ဒေါ်ဆုမွန်မွန် ၊ ဦးဇေယျာမောင် ၊ ဦးလှမျိုးဦး - (အထက်တန်းရှေ့နေများ)

**"NANDAR & ASSOCIATE" Law Firm**

အမှတ်(ဘီ-၇) ဒုတိယထပ်၊ မင်းလာဈေးအနောက်ဘက်ခြမ်း ၇၃လမ်း ၃၀x၃၁လမ်းကြား မန္တလေးမြို့။

☎ ၀၉-၇၉၂၆၀၀၇ ၊ ☎ ၀၉-၄၄၄၀၄၅၈၁ ၊ ☎ ၀၉-၄၂၀၇၄၄၈၄၄ ၊ ☎ ၀၉-၄၃၀၈၀၄၈၃ ၊ ☎ ၀၉-၉၁၀၀၈၂၃၉ ၊ ☎ ၀၉-၂၅၆၁၂၅၆၅